
www.burmeseclassic.com

# လွန်းထားထား

(ဆေးတက္ကသိုလ်)

## ပြိုင်မြင်းတို့ရဲ့ ရာဇဝင်



BURMESE CLASSIC .com

Design Lလင်း

www.burmeseclassic.com

www.burmeseclassic.com

လွန်းထားထား

ပြိုင်မြင်းတို့ရဲ့ရာဇဝင်

စာမူခွင့်ပြုချက်အမှတ်
၅၁၀၂၇၁၀၄၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၁၀၂၁

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ
[redacted]
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (ဝ၃၈၈၇) စေတနာစာပေ
အမှတ်(၅၃)၊ ၁၉ လမ်း၊ လသာမြို့နယ်

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၃)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၈၃

လွန်းထားထား(ဆေးတက္ကသိုလ်)
ပြိုင်မြင်းတို့ရဲ့ရာဇဝင်/လွန်းထားထား(ဆေးတက္ကသိုလ်)၊ ရန်ကုန်၊
စေတနာစာပေ၊ ၂၀၁၁။
၁၈၀ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) ပြိုင်မြင်းတို့ရဲ့ရာဇဝင်

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


## ဒို့အရေးအမျိုးသားရေး? 

www.burmeseclassic.com

www.burmeseclassic.com



လွန်းထားထား(ဆေးတက္ကသိုလ်)



# ပြိုင်မြင်းတို့ရဲ့ရာဇဝင်

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရမှတ်တမ်း

ကမ္ဘာပေါ်မှာ

သမီးအပေါ်

နားလည်နိုင်စွမ်း အရှိဆုံးသော

အဖေနဲ့ အမေ ----

ဘဝရဲ့ အခိုက်အတန့်တွေကို

ပိုပြီး လေးနက်လှပ

ကြည်နူးလာစေခဲ့တဲ့

ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို

အမှတ်တရ

မှတ်တမ်းတင်လျက် ----

လှမ်းထားထား (ဆေးတက္ကသိုလ်)



## "အမှင်"

မြတ်နိုးခြင်းကြောင့် စိုးရိမ်ခြင်းဖြစ်ရ၏။

မြတ်နိုးခြင်းကြောင့် ကြောက်ခြင်းဖြစ်ရ၏။

မြတ်နိုးခြင်း ကင်းလွတ်သောသူမှာ စိုးရိမ်ရခြင်း ,မရှိ။

ကြောက်ရခြင်း အဘယ်မှာ ရှိအံ့နည်း။

(ဓမ္မပဒ)

From endearment springs grief,
from endearment springs fear.
For him who is wholly free
from endearment
there is no grief,
whence then fear?
(Dhammapada)

www.burmeseclassic.com

www.burmeseclassic.com





# အခန်း — ၁

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"If there were nothing wrong in the world,

there wouldn't be anything for us to do."

George Bernard Shaw, 1856-1950.

"ကမ္ဘာမြေမှာ

ဘာအမှားအယွင်းမှ မရှိဘူးဆိုရင်

ကျွန်ုပ်တို့အတွက်

ဘာမှ လုပ်စရာရှိတော့မှာ မဟုတ်ပါ။"

စီစဉ်သူ မောင်ကျော်လှိုင်

စေတနာစာပေ၏ စင်တင်ကလောင်သစ်

စာရေးဆရာမ

# ကုဋေကုဋာ

တိမ်ပုံးသောလရဲ့သီအိုရီများနဲ့အလွမ်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com






ထိုပြဿနာကို အများတစ်ခုဟု အမည်တပ်ရလောက်အောင်လည်း မကြီးကျယ်။ သို့သော် ပြဿနာ မရှိပါဘူးဟု ပြောရလောက်အောင်လည်း မသေးမွှားပြန်ပါ။ ဒါပေမယ့် စိတ်ထဲမှာ ရှုပ်ထွေးမနှစ်သက် ဖြစ်သွားတာကတော့ အမှန်ပင်။ ထို့ကြောင့် နွေဝေနှင်းဆီသည် ပြုံးပင် မပြုံးနိုင်ဘဲ မျက်မှောင်ကလေးချိုထားမိကာ ညှော်ခန်းထဲရှိ သေတ္တာနှစ်လုံးနှင့် အထုပ်အပိုးတို့ကို တစ်လှည့်၊ ချက်ချင်းပင် ငယ်မူပြန်သွားသလို



www.burmeseclassic.com

www.burmeseclassic.com



ကလေးမကလေးနှစ်ယောက်သဖွယ် ပြောချင်တာတွေ ပြောပြီး တစ်ယောက်ကိုတစ်ယောက် ထုလိုက် ရိုက်လိုက်နှင့် တသောသော ရယ်မောလျှက်ရှိသော အမေနှစ်ယောက်ကို တစ်လှည့်၊ ဆိုဖာဆက်တီပေါ်မှာ ပြေလျော့လျော့ မှီထိုင်လျှက် မျက်နှာထားခပ်တည်တည်နှင့်ရှိသော မှုန်တေတေ၊ ဂျစ်တိဂျစ်ကန် ပုံစံမျိုးနှင့် ထောင့်ကျိုးပုံမရသော ကောင်လေးကို တစ်လှည့် ကြည့်နေမိရင်း စိတ်ထဲမှာရော၊ ရင်ထဲမှာပါ မကျေနပ်မှု လှိုင်းတံပိုးတွေက တရိပ်ရိပ် ထ,လာပြီး ဆန္ဒပြချင်စိတ်ကလေးက လျှံတက်လာသည်။

"ဘူ ဘူ ဘူ . . ."

ရုတ်တရက် ထွက်ပေါ်လာသော အီးပေါက်သံလို အသံကျယ်ကျယ်ရှည်ရှည်ကြီးကြောင့် ရယ်မောနေသော အမေနှစ်ယောက် ပြုန်းခနဲ တိတ်သွားကာ နွေဝေ့ဆီသို့ ပြူးပြူးပျာပျာနှင့် လှမ်းကြည့်သလို၊ ထိုကောင်လေးကလည်း ပေ





စောင်းစောင်းနှင့် ဂြိုလ်ကြည့် လှမ်းကြည့်လေသည်။

"ဟဲ့ . . . အဲဒါ ဘာသံလဲ နွေဝေနှင်းဆီ . . ."

မေမေက အလန့်တကြားနှင့် လှမ်းမေးလျှင် နွေဝေနှင်းဆီက ပခုံးတွန့်ကာ ခေါင်းခါပြလိုက်သည်။ မေမေနှင့် နွေဝေနှင်းဆီက သဟဇာတတည့်လှသည် မဟုတ်ပါ။ ယောကျ်ားလေးတစ်ယောက်လိုပဲ ဝတ်စားဆင်ယင်တတ်ကာ ယောကျ်ားလေးတစ်ယောက်လိုပဲ ပြုမူပြောဆိုနေထိုင်တတ်သော သူ့သမီး ယောကျ်ားလျာကို မေမေက တစ်စက်ကလေးမှ ကြည့်မရတတ်သလို၊ နေရာတကာ ဗျစ်တောက်ဗျစ်တောက်နှင့် မျက်စိစပါးမွေး အမြဲစူးနေတတ်သော မေမေ့ကိုလည်း နွေဝေက ပြန်မပြောနားမထောင်၊ လုပ်ချင်ရာ လုပ်တတ်ပါသည်။ ထို့ကြောင့် သားအမိနှစ်ယောက်သည် မျက်နှာချင်းဆိုင်လိုက်သည်နှင့် တကျက်ကျက်။ အတွေးအခေါ်၊ အယူအဆချင်းလည်း မတူသလို ညှိနှိုင်းနာခံလို့လည်း မရချေ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ကြည့်လေ . . .။ မေမေလုပ်ပုံက သူသိပ်ချစ်သော ငယ်သူငယ်ချင်း (ညီအစ်မရင်းတွေထက်တောင် ရင်းနှီးသေးသတဲ့) မန္တလေးမှာ ခြံနှင့်အိမ် မီးထဲပါသွားခဲ့ကာ ယောကျ်ားလုပ်သူကလည်း heart attack နှင့် ဆုံးပါးသွားခဲ့ပြီမို့ သူငယ်ချင်းချင်း ကူညီစောင့်ရှောက်ဖို့ဆိုပြီး အိမ်ပေါ်ခေါ်တင်ထားလိုက်ခြင်းဖြစ်သည်။ ဘယ်လောက်ကြာကြာ နေမယ်ဆိုတာက ရက်အကန့်အသတ်မရှိတဲ့။ သူတစ်ယောက်တည်းဆိုလျှင် ပြဿနာမရှိပါ။ ခက်သည်က မေမေ့သူငယ်ချင်းဆီမှာ နွေဝေနှင်းဆီနှင့် ရွယ်တူနီးပါးလောက်ရှိမည့် သားတစ်ယောက် ပါလာခြင်းဖြစ်သည်။ သမီးမိန်းကလေးတစ်ယောက် ရှိနေပါလျက်နှင့် ရွယ်တူယောကျ်ားလေးတစ်ယောက်ပါသော ငယ်သူငယ်ချင်းကို အိမ်ပေါ်ခေါ်တင်စရာလားနော်။ နွေဝေနှင်းဆီက မေမေ့ကို . . .

"တာ . . . မေမေကလည်း၊ ရွယ်တူကောင်လေးနဲ့





တစ်အိမ်တည်း မနေချင်ပါဘူး"

ဟု . . . ခုနတုန်းက စာဒကတက်ကြည့်ပြီးသား။ မေမေက ထုံးစံအတိုင်း မျက်စောင်းကြီးချီကာ . . .

"အိုအေ . . . ညည်းက မိန်းကလေးမှ မဟုတ်တာ၊ ယောကျ်ားလျှာပဲဥစ္စာ၊ ညီအစ်ကိုတွေလို သဘောထားပေါ့ . . ."

ဟု . . . ရွဲ့တာလား၊ ငေါ့တာလား မသိ ပက်ခနဲ ပြန်ပြောလေသည်။ နွေဝေနှင်းဆီ ရင်ထဲမှာ မကျေနပ်နိုင်။ မေမေကတော့ နွေဝေနှင်းဆီ၏ ခံစားမှုကို သိပ် ဦးစားပေးတတ်သူ မဟုတ်ချေ။ သူငယ်တန်းကနေ ဆယ်တန်းအထိ ငယ်သူငယ်ချင်းတွေ ဖြစ်ခဲ့ရုံတင်မက တက္ကသိုလ်တက်တဲ့အထိ မေဂျာအတူတူ ယူကာ တတွဲတွဲ မခွဲခဲ့ကြသော၊ အိမ်ထောင်အသီးသီးကျသွားကာ တနယ်စီဝေးသွားသည့်တိုင် အဆက်အသွယ်မပျက်၊ စာရေးမပျက်၊ ဖုန်းဆက်မပျက် နှစ်ကိုယ်တစ်



www.burmeseclassic.com

www.burmeseclassic.com



စိတ် ရင်းနှီးချစ်ခင်လှသော သူငယ်ချင်းကို မုဆိုးမ ပူပူနွေးနွေးဘဝနှင့် ဒုက္ခရောက်နေချိန်တွင်၊ မေမေကိုယ်တိုင်ကလည်း ဖေဖေ ဆုံးသွားခဲ့ပြီးနောက် မုဆိုးမငယ်ငယ်ကလေးဘဝနှင့် တစ်ကိုယ်တည်း ရုန်းကန်လှုပ်ရှားခဲ့ရတာတွေကို ကိုယ်ချင်းစာ၊ စာနာနွေးထွေးစွာဖြင့် ကူညီဖို့ လှိုက်လှိုက်လှဲလှဲ အားတက်သရော ရှိနေခြင်းဖြစ်သည်။ နွေဝေကလည်း မေမေ့သူငယ်ချင်းတစ်ယောက်တည်းဆိုလို့ကတော့ တစ်သက်လုံးပဲ လာနေနေ ပြဿနာမရှိ။ အခုတော့ ပူးတွဲအပိုဆုကြီးပါလာခြင်းဖြစ်ရာ နွေဝေက လက်မခံချင်။ ထိုအပိုဆုကလည်း ပထမဆုံး မြင်မြင်ချင်းမှာတင် မေတ္တာထား၊ ခင်မင်ချင်စရာ တစ်ကွက်မှ မရှိ။ သူများအိမ်ပေါ် လာနေရမည့်သူက ကြည်ဖြူချင်စရာကောင်းအောင် မနေဘဲ မျက်နှာထားကိုက ရှိုက်ပေါက်ရှုပ်နှင့်ဖြစ်သည်။ သူကတောင် ဒီအိမ်မှာ လာနေရမည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်၊ မကျေမနပ်ဖြစ်နေသည့်ဟန် . . .။





"တဲ . . . သူငယ်ချင်း၊ ခေါင်းထဲ ဘာမှ ပြန်တွေးမနေနဲ့၊ အားငယ်မနေနဲ့၊ ကြေကွဲမနေနဲ့၊ အခုမှ အသက်လေးဆယ်စွန်းစွန်းပဲ ရှိသေးတာ၊ ဘဝကို အသစ်ကနေ ပြန်စဖို့ အချိန်တွေ အများကြီးရှိသေးတယ်၊ လဲကျပြီးရင် ပြန်ထနိုင်မှ လမ်းဆက်လျှောက်လို့ရမှာ၊ နောင်တတွေ . . . ဝမ်းနည်းကြေကွဲစရာတွေနဲ့ အချိန်မဖြုန်းနဲ့၊ နင်နဲ့ငါ ဘာလုပ်ကြရင်ကောင်းမလဲဆိုတာ နောက်တော့မှ အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့၊ နင့်ဘဝမှာ တစ်ယောက်တည်းကျန်ခဲ့တာမှ မဟုတ်တာဟယ်၊ တိုင်ပင်ဖော်သူငယ်ချင်းစစ် တစ်ယောက်လုံးရှိတယ်၊ အားကိုးစရာ သားတစ်ယောက်ရှိတယ်၊ အိမ်မီးလောင်သွားတာကို ပြန်တွေးမနေနဲ့တော့၊ ငါ့အိမ်ဟာ နင့်ရဲ့အိမ်ပဲ၊ အပေါ်ထပ် ထပ်ခိုးတစ်ခုလုံးမှာ နင်တို့သားအမိနေ၊ အဲ ဒီထပ်ခိုးက အားနေတာ၊ ငါ့မိန်း



www.burmeseclassic.com

www.burmeseclassic.com



Hip Hop ရှူးက အဲဒီအပေါ်ထင်ကို သူ့ Studio ဆိုပြီး မောင်ပိုင်စီးထားတာ၊ သူငယ်ချင်းတွေ ခေါ်ခေါ်လာပြီး ဆိုလိုက်ကြ၊ ကခုန်လိုက်ကြနဲ့ တစ်အိမ်လုံးကို သိမ့်သိမ့်တုန်နေတာပဲ၊ နင်တို့ လာနေမှပဲ ငါ့မှာ နားအေးပါးအေး ရှိတော့မှာ . . . သိလား၊ နင်တို့ ခရီးပန်းလာရောပေါ့၊ ငါ အခန်းသင့် ချက်ပြုတ်ထားပြီးသား၊ ရေမိုးချိုးလိုက်ကြ၊ ပြီးရင် ထမင်းစားရအောင်၊ နွေဝေ အန်တီနဲ့ ညွှန်းစေကို ထပ်ခိုးကအခန်း လိုက်ပြပေးလိုက်၊ မေမေ ဟင်းချက်လိုက်ဦးမယ်"

မေမေ့စကားကြောင့် နွေဝေ့ ရင်ထဲ အကြီးအကျယ် မလန်းနိုင် ဖြစ်သွားရသည်။ အဲဒီ ထပ်ခိုးကလေးသည် နွေဝေ့၏ နိဗ္ဗာန်ဘုံကလေးတစ်ခု ဖြစ်သည်။ ဘော်ဒါတွေနှင့် သီချင်းတွေတိုက်၊ သီချင်းတွေဆို၊ ကခုန်နေကျ နေရာကလေးဖြစ်သည်မို့ ဖြုန်းစားဒိုင်းစားကြီး ဘုံပျောက်သွားရ





သော အဖြစ်ကို ပို၍ တင်းသွားလေသည်။

"ဟာ . . . မေမေကလည်း"

"စကားမရှည်နဲ့ . . . နင် ဘာပြောမလဲဆိုတာ သိပြီးသား၊ ဂိုဒေါင်ထဲ နင့်ပစ္စည်းတွေ ရွှေ့လိုက်ပေါ့၊ ဂိုဒေါင်ထဲကလည်း ကားမှ မထည့်ဖြစ်တာ၊ အဲဒီဂိုဒေါင်ထဲ တံခါးအလုံပိတ်ပြီး ကြိုက်သလောက်သာ ဟစ်ပေါ့"

ဟု . . . နွေဝေ့ စကားကို အပြီးသတ် ဖြတ်ပစ်လိုက်တော့သည်။ မကျေနပ်လှသော်လည်း မေမေ့သူငယ်ချင်းကို အားနာသောကြောင့် သိပ်မငြိုငြင်ပြရက်ဘဲ . . .

"လာပါ အန်တီ . . . နွေဝေ လိုက်ပြမယ်"

"ကျေးဇူးပါပဲ သမီးရယ်၊ အန်တီတို့ ရောက်လာတော့ သမီးရဲ့ လွတ်လပ်မှုတွေ၊ အခွင့်အရေးတွေ ဆုံးရှုံးကုန်တော့မှာပဲနော် . . . အန်တီ အားနာပါတယ်"

"ဘယ်တတ်နိုင်ပါ့မလဲ အန်တီရယ်၊ ရွေးချယ်စရာမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိတာ၊ လာ . . . အန်တီ ရှေ့ကတက်နှင့်ပါ”

“အေး အေး . . .”

အန်တီက လှေခါးကနေ တက်သွားသည်နှင့် နွေဝေသည် မာရေကြောရေ ထိုကောင်လေးကို ရန်စသလို အကြည့်မျိုးဖြင့် ကြည့်ကာ . . .

“ဟော့ . . . အဲဒီမှာ သေတ္တာတွေ၊ အိတ်တွေ မ,လာခဲ့၊ နောက်တစ်ခုက ငါ့ရဲ့ထပ်ခိုးမှာနေရင် စည်းကမ်းချက်တွေရှိတယ်နော်၊ မလိုက်နာလို့ မရဘူး . . .”

“ဘာစည်းကမ်းချက်တွေလဲ . . .”

သူက မျက်ခုံးရှုံ့ပြီး ပြန်မေးသည်။

“လာမယ်လေ . . . အပေါ်ရောက်တော့ သိရမှာပေါ့”

သူက သေတ္တာနှစ်လုံးကို အရင်ဆွဲကာ လှေခါးကနေ တက်လာသည်။ နွေဝေက တမင်ညစ်ပြီး ရှေ့ကနေပိတ်ကာ ခပ်ဖြည်းဖြည်းကလေး တက်နေသဖြင့် သူက သေတ္တာကြီး





နှစ်လုံးဖြင့် ကျစ်ခနဲ ခဏခဏ စုတ်သပ်ကာ စိတ်ပျက်လက်ပျက် လိုက်လာလေသည်။ ဘယ်လိုရေစက်ကြောင့်မှန်းကို မသိ။ ထိုကောင်လေးကို ညစ်ပဲညစ်ချင်နေသည်။ အပေါ်ထပ်သို့ ရောက်လျှင် . . .

“ကဲ . . . ဒီမှာ ခဏလာဦး၊ အခန်းနှစ်ခန်းရှိတယ်၊ တစ်ခန်းက အန်တီနေလိမ့်မယ်၊ မင်းကတော့ ဒီအခန်းမှာ ခဏ ယာယီနေပါ၊ ဒါပေမယ့် ပြောထားမယ်နော်၊ ဒီအခန်းထဲက ငါ့ရဲ့ တူရိယာပစ္စည်းတွေ ဒရမ်၊ ဂစ်တာ၊ ကီးဘုတ် အဲဒါတွေကို လက်ဖျားကလေးနဲ့ ယောင်လို့တောင်မှ မထိနဲ့၊ မတို့နဲ့ . . . အဲဒါ ပထမ စည်းကမ်းချက်ပဲ . . . ကြားတယ်နော်”

သူက နွေဝေ့ရဲ့ တီးဝိုင်းတစ်ခုစာ အမြှုတ်တနိုး စုဆောင်းထားသော နွေဝေ့၏ Studio ကလေးကို တလက်လက် ရွှန်းဖြာသော မျက်ဝန်းများဖြင့် စိုက်ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာငေးနေတာလဲ . . . ကြားတယ် မဟုတ်လား၊ ငါ့ရဲ့ ဂီတပစ္စည်းတွေကို အိပ်မက်ထဲတောင် ဖြစ်နိုင်ရင် လည့်မမက်နဲ့ . . . ဟုတ်ပြီနော်"

သူက ခေါင်းညိတ်ရုံသာ ညိတ်ပြလေသည်။

"ဒီဘက်ခြမ်းမှာ နေရာအပိုရှိတယ်၊ မင်းက ဒီဘက်ခြမ်းမှာပဲ မွေ့ရာချခင်းပြီးတော့ အိပ်၊ ငါ့ပစ္စည်းတွေကို မျက်လုံးနဲ့တောင် လှမ်းပြီး မထိနဲ့ . . ."

"မင်းကလည်း အဖြစ်သည်းလိုက်တာ၊ မျက်လုံးနဲ့ လှမ်းကြည့်တာကိုတောင် ယှာပြီး ချုပ်ချယ်ကန့်သတ်နေတယ်"

ညွန်းစေသည် မြင်မြင်ချင်းကို ထိုကောင်မလေးကို ရေစက်မရှိနိုင်လောက်အောင် အမြင်ကတ်နေသည်။ ပုံစံကိုက မိန်းကလေးပုံစံ လုံးဝမပေါက်ဘဲ စွပ်ကျယ်လို လက်ပြတ်စပို့ရှပ်နှင့် Hip Hop Style ဘောင်းဘီခပ်ပွပွကို





ဝတ်ထားသည်။ ဆံပင်ပုံစံကအစ Hip Hop စတိုင်လ်။ နားမှာ နားကပ်တပ်ထားသည်ကလည်း မိန်းမဆန်ချင်လို့ တပ်ထားတာမျိုး မဟုတ်ဘဲ ခေတ်ရေစီးကြောင်းအရ တပ်ထားသည့်ပုံ။ မျက်နှာပေးနှင့် အထာက ဂျစ်ကန်ကန် ကြွပ်ဆတ်ဆတ်။ ညွန်းစေတို့ကို မကြိုဆိုချင်ဟန်က အထင်းသား။ ညွန့်စေကလည်း အခုလို မိန်းကလေး ရှုံ့ယ်တူတစ်ယောက်ရှိသော အိမ်မှာ နေချင်လှသည် မဟုတ်။ မေမေ့ကို ပြောလို့မရသဖြင့်သာ။ ဖေဖေလည်း ဆုံးပြီး အိမ်နှင့်ခြံလည်း မီးထဲပါသွားပြီးနောက် စိတ်ဓါတ်တွေ ကျချင်တိုင်းကျကာ အားငယ်နေသော မေမေက ဒီကမ္ဘာမြေပေါ်မှာ သူ့သူငယ်ချင်းကလွဲပြီး ဘယ်သူ့ကိုမှ အားကိုးရာရယ်လို့ မမြင်နိုင်တော့သည်မို့ ညွန်းစေမှာ မေမေ့ကို သနားသဖြင့်သာ မေမေ့အလိုကျ မေမေနှင့် လိုက်နေရခြင်းဖြစ်သည်။ ကောင်မလေး၏ ဒိဋ္ဌိဂိုင်းကို မြင်ရုံနှင့် ဘယ်လိုမှ အချိုးပြေနိုင်မည် မဟုတ်တာကို သိပြီးသား . . .။



www.burmeseclassic.com

www.burmeseclassic.com



"စကားမရှည်နဲ့ . . . ရောမ ရောက်ရင် ရောမလိုပဲ လိုက်နာကျင့်ကြံနေထိုင်ရမှာပဲ၊ ငါ့အခန်းမှာနေရင် ငါ့ စည်းကမ်းကို လိုက်နာရမှာပဲ . . . ဟုတ်ပြီနော်၊ ဒါ အကင်းပဲရှိသေးတယ်၊ နောက်ထပ် စည်းကမ်းတွေ လာဦးမယ်"

သူမက ပြောပြီး လေ့ခါးကနေ ပြန်ဆင်းသွားသည်။ ဧ မကတော့ အခန်းထဲဝင်သွားပြီးကတည်းက ပြန်ကို ထွက်မလာတော့။ ညွှန်းစေသည် သူမ၏ ဂီတပစ္စည်းတွေကို စိတ်ဝင်တစား နှစ်သက်မက်မောစွာပင် ငေးစိုက်ကြည့်နေမိသည်။ ညွှန်းစေ၏ အိပ်မက်တွေဟာလည်း ဂီတဆီမှာပဲ မြစ်ဖျားခံနေသည်လေ။ ညွှန်းစေကိုယ်တိုင်လည်း သီချင်းရေးရတာ၊ သီချင်းဆိုရတာကို ကမ္ဘာဦးစခုလိုပဲ မြတ်နိုးစွာ ခံစားတတ်သူ ဖြစ်သည်။ စိတ်ထဲမှာ သူမ၏ ဂစ်တာကို ထိတို့ဆော့ကစားချင်သော ဆန္ဒ၊ ဒရမ်(မ်)ကို ခပ်ပြင်းပြင်း တီးခတ်ပစ်





လိုသော စိတ်ကူး၊ ကီးဘုတ် ခလုတ်တွေကို ခပ်သွက်သွက် နှိပ်ပြီး သံစဉ်ရှာလိုသော တောင့်တမှုတို့ဖြင့် ဆူဝေ၍ လာသောကြောင့် သက်ပြင်းတစ်ချက် ရှိုက်ပစ်လိုက်မိသည်။ ဒီကောင်မလေးနှင့်တော့ လွယ်မယ် မထင်ပါဘူး။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲဝိုင်းမှာ နွေဝေ့မေမေ လက်ရာ ကျားပုစွန်စပ်စပ်ကြော်နှင့် ချဉ်ပေါင်ဟင်းချို၊ ငါးပိရည် တို့စရာ၊ ဝက်သုံးထပ်သားပေါင်းဟင်းတို့ဖြင့် ဝေဆာသလို . . . သူငယ်ချင်းနှစ်ယောက်၏ ငယ်မူပြန်ခန်းကလည်း တသောသောညံနေသည်။ အသံတိတ်စစ်ပွဲခင်းနေကြသည်က နွေဝေနှင့် ညွှန်းစေ ဖြစ်သည်။ နှစ်ယောက်သား မျက်လုံးချင်း ဆိုအောင် ကြိုးစားလိုက်၊ မျက်လုံးချင်း ဆုံမှာနှင့် တစ်ယောက်က မျက်လုံးကို စွေစောင်းကာ လျှာအပြားလိုက်ကြီး ထုတ်ပြ





သလို၊ သူကလည်း မျက်နှာကြီးကို ရှုံ့မဲ့တွန့်လိမ်ထားကာ သွားကို အစွမ်းကုန် ခေါ်ပြထားသည်။ သူ ဟင်းနှိုက်ဖို့ လက်ပြင်သည်နှင့် နွေဝေက ဦးအောင်လုပြီး ခပ်သည်။ တမင်သက်သက် အသိမြည်အောင် ထမင်းဝါးပြသည်။ မေမေက ချက်ချင်းရိပ်မိကာ နွေဝေ့ကို . . .

"ဟဲ့ . . . ဘယ်လိုဖြစ်နေတာလဲ နွေဝေ၊ နင် တမင်သက်သက် လုပ်နေတာ ငါသိတယ်နော်"

ဟု . . . လှမ်းအော်သည်။ သူ့အမေကလည်း သူ့ကို မျက်နှာရိပ်၊ မျက်နှာကဲဖြင့် လှမ်း၍ဟန့်၏။

"ညွှန်းစေက ကျောင်းပြီးသွားပြီမှုလား . . . အခု ဘာလုပ်မယ် စိတ်ကူးထားလဲဟင်"

မေမေက သူ့ကို လှမ်းမေး၏။ နွေဝေက ကြို့တကယ်မထိုးဘဲ တမင်ဖာကာ ကြို့ထိုးလျက် သူ စကားပြောလို့ မရအောင် အနှောင့်အယှက် ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မန္တလေးမှာတုန်းကတော့ . . ."

"အော် . . ."

နွေဝေ့၏ ကြို့ထိုးသံက အကျယ်ကြီးမို့ သူက နွေဝေ့ကို လှမ်းကြည့်သည်။ နွေဝေက ဂရုမစိုက် . . .။

"မန္တလေးမှာတုန်းကတော့ ကွန်ပျူတာ centre တစ်ခုမှာ . . ."

"အစ် . . ."

"အလုပ် လုပ်ပါတယ် အန်တီ . . . ခုတော့"

"အစ် . . ."

"ရန်ကုန်မှာ ထပ်ပြီး အလုပ်ရှာရမှာ . . ."

"အော် . . ."

"နွေဝေ . . . တော်စမ်း၊ ကြို့ထိုးရင် သကြားသွားစားချေ"

မေမေက နွေဝေ့ကို တော်တော် အမြင်ကတ်လာ





ဟန်ဖြင့် ထအော်တော့သည်။

"ပြောပါဦး နွေဝေရဲ့ . . . နွေဝေကရော အခု ဘာတွေ လုပ်နေတုန်း"

အန်တီ စပယ်သစ္စာက နွေဝေ့ကို ပြုံး၍ကြည့်ရင်း မေးလျှင် နွေဝေက သူ့ဆီ တစ်ချက်လှမ်းကြည့်ရင်း . . .

"နွေဝေကတော့ ခုလောလောဆယ် သီချင်းရေးလိုက်၊ သီချင်းဆိုလိုက်နဲ့ . . ."

"အား . . ."

သူက ခပ်ကျယ်ကျယ်ထအော်သဖြင့် နွေဝေ စကားရပ်ကာ သူ့ကို ဂြိုလ်ကြည့် ကြည့်လိုက်သည်။ သူက လည်း မဖြုံရေးချ မဖြုံဆိုသော ဒီဇိုင်းထဲက . . .

"ဟဲ့ . . . ဘာဖြစ်တာလဲ သား"

"ပုရွက်ဆိတ် ကိုက်လို့ မေမေ . . . ခြေထောက် . . . ခြေထောက်"



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါ။ အဲဒါ တမင်သက်သက် နွေဝေ့ကို ပြန်ချေခြင်းဖြစ်သည်။

"နွေဝေ့ရဲ့ အိပ်မက်က ဂီတလောကရဲ့ စင်မြင့်တစ်နေရာပေါ်မှာ ခြေချနိုင်ဖို့ပါ အန်တီ"

"ကျွတ် ကျွတ် ကျွတ် . . ."

သူ့ဆီက စုတ်သပ်သံက တမင်သက်သက် နွေဝေ့ကို လှောင်ပြောင်သရော်သံဖြစ်သည်။

"ညွှန်းစေ . . . ဘယ်လိုဖြစ်နေလဲ၊ နင့်ပါးစပ် ပိတ်ထားစမ်း . . . ကောင်းတယ် သမီး၊ တစ်နေ့ကို လှေခါးတစ်ထစ်ပဲ တက်နေဦးတော့ . . . တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကိုယ်ရောက်ချင်တဲ့ တစ်နေရာကို ရောက်မှာပဲ သိလား . . . ဆက်သာကြိုးစား၊ အန်တီ အားပေးတယ်၊ ကိုယ့်အိပ်မက်ရဲ့ အလှအပတွေကို သေချာယုံကြည်တဲ့သူမှာ အနာဂတ်ဆိုတာ ရှိတယ်"





"ဖြစ်မလားတော့ မသိပါဘူး သစ္စာရယ် . . . တစ်နေ့တစ်နေ့တော့ ခုန်ပေါက်အော်ဟစ်ယိမ်းတိုက်နေတာပဲ၊ ငါကတော့ မျက်စိခပ်နောက်နောက်ပဲ"

ထမင်းစားပြီးသွားလျှင် မေမေက . . .

"ကဲ . . . ဒီနေ့ကစပြီးတော့ပဲ တာဝန်ချထားလိုက်တော့မယ်၊ စားပြီးတာနဲ့ ထမင်းဝိုင်းသိမ်းတာ . . . ပန်းကန်တွေဆေးကြောပြီး ပြန်သုတ်တာ၊ နေရာတကျ ပြန်ထားတာ၊ အဲဒီတာဝန်တွေကို ကလေးနှစ်ယောက် ယူရမယ် . . . ကြားလား၊ ကဲလာ သစ္စာ . . . ဧည့်ခန်းထဲကို၊ ဒီနေ့ည ကိုရီးယားကားက ဇာတ်သိမ်းခန်းဟဲ့ . . . ဘာဖြစ်မယ် မသိဘူး၊ စိတ်ဝင်စားဖို့ကောင်းတယ်"

ဟု . . . တစ်ခါတည်း ပြောပြီး အန်တီသစ္စာ လက်ကိုဆွဲကာ ဧည့်ခန်းသို့ ချီတက်သွားလေသည်။ နွေဝေ့



www.burmeseclassic.com

www.burmeseclassic.com



[illegible]တော့ တင်းစရာတွေက တိုးဖြိုးရင်း တိုးလို့သာလာ[illegible]သည်မို့ ဘယ်အချိန်မှာ ပေါက်ကွဲထွက်မည် မသိ။

"တဲ . . . ကြားတယ်နော်၊ အဲဒီ စားပွဲက ပန်းကန်တွေသိမ်း၊ ဟင်းတွေကို စနစ်တကျ ပြန်ထည့်သိမ်း၊ ပန်းကန်တွေကို ဘေစင်ထဲမှာ ဆေး၊ အဲဒီတာဝန်ကို မင်းယူ၊ ငါက ဆေးပြီးသား ပန်းကန်တွေကို အခြောက်သုတ်ပေးမယ်၊ ပြီးရင် နေရာတကျ ပြန်သိမ်းပေးမယ် . . . OK "

နွေဝေက ဦးအောင့် တာဝန်ခွဲလိုက်သည်။ သူက မကျေနပ်သလို စူပုပ်ပုပ် မျက်နှာပေးဖြင့် . . .

"ဩော် . . . တော်တော် တရားမျှတတဲ့ စီမံခန့်ခွဲမှုနော်၊ မင်း သိပ်နစ်နာသွားဦးမယ်"

"စကားမရှည်နဲ့ . . . ငါပြောတာပဲလုပ်၊ အထွန့်မတက်နဲ့ . . ."





"မရဘူး ကိုယ့်လူ . . . တစ်ယောက်တစ်ရက်ခွဲပြီး တာဝန်ချိန်းမယ်၊ မတရားမလုပ်နဲ့ . . ."

"ဒီမယ် . . . နင်ဟာလေ တော်တော်ကို မုန်းစရာကောင်းပါလား၊ မျက်နှာကိုက လောက်တွေ တရွရွ ဝိုင်းတက်နေတဲ့ ဟိုအပုံလိုပဲ . . . တကယ်ရွံစရာကောင်းတာ"

"ငါကလည်း မင်းလို ခရမ်းသီးအပုပ်ကို မီးဖုတ်ထားသလို ရှုံ့မဲ့နက်ပြောင်နံဟောင်နေတဲ့ မျက်နှာကို တစ်ချက်ကလေးမှ မေတ္တာမရှိပါဘူး . . . မင်းရော သိလား၊ မင်းကိုငါ ဘယ်လောက်မုန်းသလဲဆိုတာ"

"တောက် . . ."

"တက် . . ."

ကြည့်စမ်း . . .။ သူက တစ်ခွန်းကို အကြော[illegible] မပေးချေ။ နည်းနည်းကလေးမှ အတင်စီးမခံ။ ဆက်ဆက်ထိ



www.burmeseclassic.com

www.burmeseclassic.com



လည်း မခံသော ထိုကောင်လေးကို နွေဝေက အစိမ်းလိုက် ဝါးစားပစ်ချင်သလို ကြည့်လျှင် သူကလည်း မျက်နှာထားကို တမင်သက်သက် မုန်းစရာကောင်းအောင် ဖန်တီးထားလျက် ပန်းကန်တွေကို စ၍ ဆေးနေသည်။ နွေဝေတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စစ်ကြေငြာနေသော ပုံစံက ဒေါသတကြီး စောင်မာန်မဲလျက် အော်ဟစ်နေကြခြင်းတော့ မဟုတ်။ တိုးတိုးသက်သာ၊ အေးအေးဆေးဆေးနှင့် သာမန် စကားပြောနေသလို လေအေးအေးနှင့် ပြောနေခဲ့ကြခြင်း ဖြစ်သည်။ သူ ဆေးကြောပြီးသမျှကို နွေဝေတာ သဘက်တစ် ထည်ဖြင့် သုတ်ပေးရင်း အသံတိတ်ရန်စောင်နေခဲ့ကြခြင်း လည်း ဖြစ်သည်။

◆◆◆◆◆





အခန်း — ၂



www.burmeseclassic.com

www.burmeseclassic.com



"Never apologize"

Never apologize for showing feeling.
When you do so, you apologize for truth.
Benjamin Disraeli (1804 - 1881), England.

''ဘယ်တော့မှ မတောင်းပန်ပါနဲ့''

ခံစားမှုကို ပြမိတဲ့အတွက် ဘယ်တော့မှ မတောင်းပန်ပါနဲ့။
အဲဒီလိုလုပ်လိုက်ရင် အမှန်တရားအတွက်
တောင်းပန်လိုက်သလိုပဲ။



သူငယ်ချင်းတွေနှင့် ဆုံနေကျ လ္ဘက်ရည်ဆိုင်မှာ ထိုင်မိသည်နှင့် မှုန်တေတေ၊ အလိုမကျ ဖြစ်နေသော နွေဝေ့ မျက်နှာရိပ်ကို ကြည့်ကာ သူတို့က . . .

"နွေဝေ မျက်နှာပေးက တင်းလှချည်လား၊ ဘွားတော်နဲ့ ဘာတွေ ငြိလာပြန်တာလဲ . . ."

ဟု . . . ဝိုင်းမေးကြသည်။

"မမိုက်ပါဘူးဟာ . . . ဘွားတော်က သူလုပ်ချင်ရာ



www.burmeseclassic.com

www.burmeseclassic.com



စွတ်လုပ်တတ်တဲ့နေရာမှာ ငါနဲ့ တထေရာတည်းပဲ၊ ငါ့ဆီက အမွေ ရထားသလား အောက်မေ့ရတယ်၊ သူ့ best friend တစ်ယောက် ဒုက္ခရောက်နေတာနဲ့ အိမ်ပေါ် ခေါ်တင်ထားတယ်ကွာ၊ ခက်တာက အစွယ် အပွားကလေးနဲ့ အဲဒီကောင်ကလည်း တစ်စက်ကလေးမှ မမိုက်ဘူး၊ အချိုးကိုက မျက်နှာမြင်တာနဲ့ ရိုက်ချင်စရာ"

"ရိုက်ချင်ရင်လည်း ရိုက်ပစ်လိုက်ပေါ့ကွာ . . . ငါတို့ ပါ ဝိုင်းပြီး ဘေပေးရမလား ပြော"

ပိုင်စိုးက အောက်နှုတ်ခမ်းကလေးကို မာန်ပါပါ ကိုက်ရင်း ပြောသလို တခြားနှစ်ကောင်ကလည်း ဝမ်းသာအားရ။ နှင်ဝေ အဲဒါကြောင့် ပေ့ာကျားလေးတွေနှင့် ဘော်ဒါလုပ်နေခြင်းဖြစ်သည်။ ပေါင်းရသင်းရသည်မှာ လွတ်လပ်စည်းလုံးပြီး ညီညွတ်သည်။ တစ်သားတည်း ဖြစ်သည်။ မိန်းကလေး





တွေလို အငြိုင်အဆိုင်မရှိ။ ကွယ်ရာမှာ အတင်းပြောတာလည်း မရှိ။ လျှို့ဝှက်သွယ်ဝိုက်စရာတွေလည်း မရှိ။ အားလုံး ပွင့်ပွင့်လင်းလင်းနှင့် တည့်ပင် . . .။

"အဲဒီလောက်ထိ မရှုပ်သေးပါဘူးကွာ . . . ဒီကောင့်ကို အပိုးလေးဘာလေး ကျိုးသွားအောင် ပညာ ပါးပါးကလေး ပေးချင်တာပါ"

"အဲဒါဆိုရင်လည်း အခုပေးမလား . . . သွားမယ်လေ၊ ဒီကောင်က ဘယ်မှာလဲ၊ အိမ်မှာပဲလား . . ."

"အေး . . . အိမ်မှာပဲ ရှိဖို့များတယ်၊ ဒီကောင်က မန္တလေးကနေ ရွှေ့လာတာကွ"

"ဘယ်ကရွှေ့ရွှေ့ကွာ . . . ငြိမ်သွားအောင် လုပ်ပေးဖို့က ငါတို့တာဝန် . . . လာ ရွှေ့စို့"

နှင်ဝေတို့လေးယောက်သား အိမ်သို့ ချီတက်လာခဲ့ကြသည်။ မားသားကြီးနှစ်ယောက်ကတော့ မနက်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ရှော့ပင်ထွက်မည်ဟု ဆိုကာ အတွဲညီညီပင် ထွက်သွားကြခြင်းဖြစ်သည်။

နွေဝေတို့ အိမ်ရောက်တော့ သံတံခါးအတွင်းတနေ သော့ခတ်ထား၏။ သော့တစ်ချောင်း အပို အမြဲဆောင်ထားလေ့ရှိသော နွေဝေ့အတွက် တံခါးလာဖွင့်ပေးဖို့ လူခေါ်နေစရာ မလိုပေ။ ကိုယ့်ဘာသာကိုယ် ဖွင့်ပြီး ဝင်လာခဲ့ကြသည်။ ဧည့်ခန်းထဲမှာလည်း တိတ်တိတ်ဆိတ်ဆိတ်ပင် . . .။ ဒီကောင်တွေကတော့ အိမ်နရောက်သည်နှင့် လုပ်နေကျထုံးစံအတိုင်း ထပ်ခိုးရှိ studio ဆီသို့ ပြေးတက်လာခဲ့ကြသည်။

"လက်စသတ်တော့ ငါတို့ရဲ့ သားကောင်က ဒီမှာ စင်းစင်းကြီး လျောင်းနေတာကိုး"

သော်က,က လူမိုက်ပြုံးနှင့် ပြောသည်။ နွေဝေရောက်သွားတော့ နွေဝေတို့၏ studio ခန်းထဲရှိ မွေ့ရာကလေးပေါ်မှာ . စာအုပ်ဖတ်ရင်း အိပ်ပျော်သွားဟန်ရှိသော





ညွန်းစေက ရင်ဘတ်ပေါ် စာအုပ်တင်လျက် သုခဘုံသို့ အလည်တစ်ခေါက် ရောက်နေလေသည်။ နွေဝေက အားပါးတရ ပြုံးလိုက်ကာ . . .

"OK! ဒီကောင့်ကို ပညာလှလှ ပြရအောင် . . ."

ဟု . . . မျက်ရိပ်ပြလိုက်သည်နှင့် ဟိုကောင်တွေက ဘာလုပ်ရမယ်ဆိုတာကို ချက်ချင်း ရိပ်မိလေသည်။ ချက်ချင်းကို အသီးသီး နေရာယူလိုက်ကြသည်။ နွေဝေက ဒရမ်(မ်)ခုံနေရာမှာ၊ သော်က,က electric guitar၊ ပိုင်စိုးက keyboard၊ ခေခင်က နှဲကြီးကို ဟန်ပါပါ ကိုင်ထားသည်။ အခန်းကို အလုံပိတ်ပစ်လိုက်ကာ microphone ကို ဖွင့်လိုက်သည်။ ဘယ်နှစ်ညလောက် အိပ်ရေးပျက်ထားမှန်း မသိသော ထိုငတိကတော့ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်မောကျနေသည်မှာ ဟောက်သံပင် မှန်မှန်ပေးလို့။ နွေဝေက ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီးသည်နှင့် ဒရမ်(မ်)ကို စတင်၍ အပြင်းသားကြီး တီး

www.burmeseclassic.com



ခတ်ပစ်လိုက်၏။ ကျန်သောသူတွေကလည်း သူတို့တာဝန်ကို အသီးသီး ဆောင်ရွက်ကြသဖြင့် ထိုတဒင်္ဂအတွင်းမှာ ကျယ်လောင်ခြိမ်းညံသော ဂီတသံသည် အခန်းကလေး တစ်ခုလုံးကို တသိမ့်သိမ့် ခါသွားစေတော့သည်။ ညွှန်းစေတစ်ယောက်လည်း ကမ္ဘာပြိုသွားသလားဟု ထိတ်လန့်ချောက်ချားစွာဖြင့် ဝရုန်းသုန်းကား၊ ပြူးပြူးပျာပျာ နှီးထလာဟန်မှာ အတော်ရယ်မောစရာကောင်းပါသည်။ သူကြည့်ရတာ ဘာနှင့်တူသလဲဆိုလျှင် ရန်သူပတ်ချာလည်ဝိုင်းခံထားရသော သနားစရာသားဒေကောင်ငယ်ကလေးနှင့်တူသည်။ နွေဝေတို့ကို မျက်လုံးအပြူး အကြောင်သားဖြင့် ကြည့်နေသည်ကို နွေဝေရောကျန်လူတွေပါ လုံးဝ ဂရုမစိုက်ဘဲ အားပါးတရ စိတ်လိုက်မာန်ပါကို ဝုန်းဒိုင်းကြ တီးခတ်နေကြသည်။

ညွှန်းစေသည် ကမ္ဘာပျက်သလို ကျယ်လောင်ဆူညံလှသော ဂီတသံကြီးဖြင့် ရုတ်တရက် အန္တုံးခံလိုက်ရသော





အခါ အကြီးအကျယ် ဒေါသထွက် စိတ်ဆိုးသွားမိသည်။ ဒါဘယ်သူ့လက်ချက်မှန်း၊ သူ့ကို တမင်သက်သက် ရန်စစော်ကားနေမှန်းလည်း သူ ချက်ချင်း ရိပ်မိလေသည်။ ရန်သူ တီးဝိုင်းကတော့ အားပါးတရပင် ဝုန်းဒိုင်းကြဲဆဲ။ သူ ဘယ်လို တုန့်ပြန်ရမလဲဟု ချက်ချင်း ဦးနှောက်ကို အလုပ်ပေးရသည်။ သူ့ရဲ့ဗီဇကလည်း ဘယ်တုန်းကမှ ဆတ်ဆတ်ထိမခံတတ်ခြင်းနှင့် ကိုယ့်ကို တစ်စုံတစ်ယောက်က စတင်၍ တိုက်ခိုက်စော်ကားလာလျှင် ချက်ချင်းကို ပြန်၍ တုန့်ပြန်လိုက်ရမှ ကျေနပ်တတ်သူဖြစ်သည်။ သူ ချက်ချင်းပင် စိတ်ကူးပေါ်ကာ အခန်းနံရံထောင့်မှာ ထောင်ထားသော အောက်စီဂျင်ဗူးကြီးပြေးဆွဲလျက် မုန်တိုင်းတစ်ခုလို တီးခတ်လျက်ရှိသော သူတို့အားလုံးကို အောက်စီဂျင်တွေဖြင့် တရှူးရှူး ဖြန်းပစ်လိုက်သည်။

"ဟာ . . . ဟေ့ကောင်၊ ဟေ့ကောင်၊ ဒါ ဘာလုပ်တာလဲကွ . . . မင်း ခုချက်ချင်းရပ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ကမူးရှူးထိုးဖြင့် ဝိုင်းအော်ကြသလို၊ တီးနေတာတွေလည်း ဖြုန်းခနဲ ရပ်တန့်သွားကြသည်။ ပြီးတော့ ဒေါသတကြီး ရှူးရှူးရှဲရှဲတွေ ဖြစ်နေကြသည်။

"ညွှန်းစေ . . . မင်း ဘယ်လိုလုပ်လိုက်တာလဲ ကျက်သရေတုံး . . . ဒါ ငါ့သူငယ်ချင်းတွေ၊ ငါတို့ studio ထဲမှာ ငါတို့ဘာသာ ဝင်တီးတာ မင်းက ဘာကိစ္စ အောက်စီဂျင်တွေနဲ့ ပက်ရတာလဲ"

"ငါ ဘယ်သိမလဲ အတုံးရဲ့ . . . မင်းတို့ မီးတွေလောင်နေတယ်မှတ်လို့ပေါ့"

"မင်း ဘာကောင်လဲ ဟေ့ကောင် . . . ရှင့်လူချည်လား၊ မင်း ငါနဲ့ ချမလား ဟေ့ကောင် . . . လာလေ၊ ထွက်လိုက် . . . တစ်ယောက်ချင်းချမယ်"

သော်က,က ဒေါသတကြီး လက်သီးလက်မောင်းတန်းကာ စိန်ခေါ်လေသည်။





"ရတယ် . . . ကိုယ့်လူ၊ အချိန်မရွေးပဲ၊ မင်း ထွက်လိုက်၊ မင်းလောက်ကတော့ ငါက တစ်ချက်ပဲ"

"နေဦး . . . သော်က၊ နင် ခုလောလောဆယ် ရန်ဖြစ်စရာ မလိုသေးဘူး၊ မင်း အသာနေ၊ ဒီကောင့်ကို ငါပဲ ရှင်းချင်တာ၊ ညွှန်းစေ . . . မင်းမှတ်ထားနော်၊ နောက်တစ်ကြိမ် ငါ လက်ဦးတဲ့အခါ မင်း အလှည့်ကျတော့ မနွဲ့စတမ်းပေါ့ . . . ဟုတ်လား၊ မင်း ခုချက်ချင်း ငါတို့ရဲ့ studio ထဲကနေ ထွက်သွား"

နွေဝေ့ကို သူ ခပ်ရှရှ တစ်ချက်စိုက်ကြည့်လိုက်ကာ အခန်းထဲကနေ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဘယ်ဘဝက ရေစက်မှန်းကိုမသိ။ သူလည်း အဲဒီ ယောက်ျားမဟုတ်၊ မိန်းမ,မဟုတ် နွေဝေနှင်းဆီကို ကြည့်လို့ကို မရချေ။ သူ့ကိုလည်း သူမက အသေရရ အရှင်ရရကို မုန်းနေတာကိုလည်း သူ ခံစားမိသည်။ အဲဒါကလည်း ရှေးရှေးဘဝတုန်းကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နှစ်ယောက် ရန်သူတွေ ဖြစ်ခဲ့ကြလို့လည်း ဖြစ်နိုင်ပါသည်။ အမုန်း၊ အငြိုးခေတ်က ဒီဘဝအထိ ဆက်၍ ပါလာခြင်း ဖြစ်ပုံရသည်။ သူမကို မြင်ရသည်နှင့် သူကိုယ်တိုင်လည်း နေလို့မရ။ ရင်ထဲမှာ မကျေနပ်စိတ်တစ်ခုက အလိုလို နိုးကြားထ,ကြွလာကာ သူမကို ရန်ကို စချင်နေသည်။ သူမကလည်း သူ့အပေါ် သူ့ထက်မပိုလျှင်သာ နေမည်။ လျော့တော့ မလျော့ချေ။

◆◆◆◆◆



နွေဝေက ထိုပြဿနာကို မေမေ့ကို ပြန်ပြောပြလိုက်သည်။ ကလေးဆန်ဆန်ပြောရလျှင်တော့ ပြန်တိုင်ခြင်းပဲ ဖြစ်သည်။ အဲဒီတော့ မေမေက ဧည့်ခန်းမှာ လူစုံတက်စုံ စုဝေးစေကာ . . .

"ကဲ . . . အဲဒါက ဘယ်လိုဖြစ်ကြတာလဲဟင်၊ အမေနှစ်ယောက်က သိပ်ချစ်သလောက် ကလေးနှစ်ယောက်က တခြိမ်းခြိမ်း ရန်ဖြစ်နေတာ မဟုတ်တော့ဘူးနဲ့တူတယ်၊ ကဲ . . . ပြော . . . ဘယ်သူ့အလှည့်လဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက စ,လုပ်တာလဲ၊ စ,လုပ်တဲ့သူက တောင်းပန်လိုက် . . . ဟုတ်ပြီလား”

“မေမေ စဉ်းစားကြည့်လေ . . . နွေဝေတို့ studio ထဲမှာ ဒီလိုပဲ အချိန်မရွေး ဝင်တီးနေကျပဲ၊ ဒါကို သူက အောက်စီဂျင်နဲ့ ထပက်စရာလား၊ အိပ်စရာရှားလို့ သူများ studio ထဲ နေ့လည်ဘက်ကြီး ဝင်အိပ်စရာလား၊ သူ့ကို ညဘက်ပဲ အိပ်ခွင့်ပေးထားတဲ့ဥစ္စာ”

“ဟုတ်သားပဲ သားရယ်၊ သားက ဘာဖြစ်လို့ သူတို့ကို အောက်စီဂျင်တွေနဲ့ သွားပက်ရတာလဲ၊ အဲဒီ အပြုအမူဟာ မကောင်းပါဘူး သားရယ်၊ မေမေ ပြောမယ် . . . သား နွေဝေ့ကို ပြန်တောင်းပန်လိုက် . . .”

အန်တီသစ္စာက ဝင်၍ ဆုံးဖြတ်ပေးလေသည်။ သူကတော့ မျက်နှာထား ခပ်တင်းတင်းကို နည်းနည်းမျှ မလျှော့ချေ။





“ကျွန်တော်မှ မမှားတာ . . . ကျွန်တော် သူ့ကို မတောင်းပန်နိုင်ဘူး မေမေ၊ ကျွန်တော့်ရဲ့ ခံစားမှုကို ဖွင့်ပြမိတဲ့အတွက် ဘယ်တော့မှ မတောင်းပန်ဘူး၊ အဲဒီလို လုပ်လိုက်ရင် အမှန်တရားအတွက် တောင်းပန်လိုက်သလို ဖြစ်သွားမယ်၊ ကျွန်တော် မမှားဘူးဆိုတာ သူ သိပါတယ်”

သူ့စကားကြောင့် နွေဝေ ပို၍ တင်းတင်းမာမာ ဖြစ်သွားလေသည်။ စကားပြောပုံကိုက ကြီးကြီးကျယ်ကျယ်။

“သား . . .”

“ကဲပါ သစ္စာရယ် . . . သူတို့ကလေးတွေချင်းဖြစ်တဲ့ ပြဿနာပဲ၊ တော်ပြီ . . . ပြောလို့ မရရင်ထားလိုက်၊ ဝင်ပြီး push လုပ်မနေနဲ့၊ သူ့ဘက်က ကြည့်တော့လည်း ဟုတ်တာပဲ၊ သူ အိပ်နေတာကို တီးဝိုင်းကြီး ထတီးတော့လည်း ငါသာဆိုရင်လည်း စိတ်ဆိုးပြီး တစ်ခုခုတော့



www.burmeseclassic.com

www.burmeseclassic.com



လုပ်မိမှာပဲဟဲ့ . . . နေပစေ . . . ထားလိုက်တော့ ဒါပေမယ့် နင်တို့နှစ်ယောက်စလုံးကို ပြောထားမယ် နော်၊ တစ်ယောက်နဲ့တစ်ယောက် ခွင့်မလွှတ်နိုင်လောက် အောင်၊ ထိခိုက်နစ်နာသွားအောင်တော့ မလုပ်မိပါစေ နဲ့၊ အဲဒါတော့ တင်းတင်းကြပ်ကြပ်ကို သတိပေးထား မယ် . . .”

နှစ်ယောက်စလုံး ခေါင်းညိတ်သည် ဆိုရုံသာ ညိတ်ပြလိုက်ကာ ပါးစပ်ကနေ ကတိမပေးကြချေ။

◆◆◆◆◆



ဘယ်လိုပဲ ဖြစ်ပါစေ . . . သူတို့နှစ်ယောက်၏ အသံတိတ်စစ်ပွဲတွေက ဆက်လက်၍ ခင်းကျင်းမြဲပင်။ နွေဝေ က သူဝတ်မည့် တီရှပ်အဖြူနောက်ကျောမှ ဆော့ပ်ပဲန်ထူထူ ဖြင့် . . .

“ကျွန်တော် စိတ္တဇလူသတ်သမားပါ . . . ရှောင်ကြ ပါ”

ဟု ရေးထားလိုက်သည်။ အဲဒီတီရှပ်ဝတ်ပြီး သူ ထွက်သွားသောအခါ နွေဝေ့မှာ ဝရန်တာကနေ ထွက်ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မောရသည်။ စာလုံးတွေက အဖြူခံ ပေါ်မှာ အနက်ရောင်ဖြင့် ခပ်ထင်းထင်းရေးထားခြင်းမို့ အဝေးကပင် မြင်ရပါသည်။ သူကတော့ မသိရှာ။ ကိုယ် အခြြင်



www.burmeseclassic.com

www.burmeseclassic.com



ကတ်လွန်းသော လူတစ်ယောက်ကို အဲဒီလို လုပ်ကြံရတာကိုက အရသာတစ်ခုဖြစ်၏။

ညွန်းစေသည် အိမ်မှာလည်း မနေချင်သည်နှင့် ဘတ်(စ်)ကားစီးပြီး မြို့ထဲသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ စိတ်ထဲမှာ လူတွေ သူ့ကို ဆက်ဆံသည်မှာ တစ်မျိုးပဲဟု ခံစားရသည်။ အထူးသဖြင့် သူ့နောက်ကျောဘက်ကနေ ကျော်တက်လာခဲ့သော မိန်းကလေးတွေ၊ မိန်းမကြီးတွေက သူ့ကို ကြောက်ရွံ့သော အကြည့်တစ်မျိုးဖြင့် ကြည့်သွားကြကာ ဝေးဝေးကနေ ရှောင်ပြေးသွားကြသည်။ တစ်ချို့က သူနှင့် မျက်ဝန်းချင်း ဆုံမိသည်နှင့် မျက်စိမျက်နှာအပျက်ပျက်နှင့် မျက်နှာလွှဲသွားကြသည်။ တစ်ခုခုတော့ မှားနေသည်။ ဘာမှားနေမှန်း သူမသိ။ အအေးဆိုင်ထဲ သူ ဝင်လာခဲ့တော့လည်း ဆိုင်ထဲရှိ လူတွေက သူ့ကို ကွက်ကြည့်ကွက်ကြည့်နှင့် ကြည့်ကြသည်။ ကြည့်ပုံကြီးတွေကလည်း တစ္ဆေသရဲကို အရှင်လတ်လတ် မြင်ရသလို၊





စိတ္တဇလူသတ်သမားနှင့်ပဲ ဆုံတွေ့နေရသလို ကျိုးလန့်တကြား အကြည့်တွေနှင့်။ လမ်းမှာ လမ်းလျှောက်တော့လည်း အဲဒီအတိုင်း။ ထမင်းဆိုင်ထဲဝင်ကာ ထမင်းစားတော့လည်း အဲဒီလိုပင် အကြည့်ဆန်းကြီးတွေနှင့် ကြည့်တာခံရသည်။ သူ ဘာလုပ်ရမှန်းမသိ။ တော်တော် စိတ်ပျက်လာသည်။ လူစုလူဝေးရှိသော တစ်နေရာကို သူ ဝင်သွားလိုက်သည်နှင့် အဲဒီနေရာရှိ လူတွေ ရှုံ့ခနဲဖြစ်ကုန်ကြပုံက အံ့ဩသင့်စရာ။ ရန်ကုန်က လူတွေ ဘာတွေများ ဖြစ်ကုန်ပါလိမ့် . . .။

သူ တော်တော် အတွေးရခက်နေဆဲမှာပင် အဖြေကို ရှင်းရှင်းလင်းလင်း သိခွင့်ရလိုက်ခြင်းဖြစ်သည်။ ရဲသားကြီးတစ်ယောက်က သူ့ထံ ချဉ်းကပ်လာပြီး . . .

"ဒီမှာ ညီလေး . . . ညီလေးနဲ့ စကားနည်းနည်းလောက် ပြောလို့ရမလား"

"ဟုတ်ကဲ့ . . . ပြောပါ အစ်ကို၊ ဘာများ လုပ်ပေးရ



www.burmeseclassic.com

www.burmeseclassic.com



မလဲ"

"ညီလေးကြောင့် လူတွေ ထိတ်လန့်ချောက်ချားအောင် မလုပ်စေချင်ဘူးလေ၊ ညီလေးက တကယ်ပဲ စိတ္တဇလူ သတ်သမားတစ်ယောက်လား . . ."

"ဗျာ . . ."

သူ ဘယ်လိုမှ နားမလည်နိုင်လောက်အောင် ဖြစ်သွားရသည်။ သူ့ကို ဘာကြောင့်ကြည့်ပြီး စိတ္တဇလူသတ်သမား လားဟု ပေါ်တင်ကြီး လာမေးနေရတာပါလိမ့်။ သူ မျက်ခုံးတွေ ရှုံ့သွားကာ . . .

"ဘာဖြစ်လို့လဲ အစ်ကို . . . ကျွန်တော် ဘာလုပ်မိလို့ ကျွန်တော့်ကို စိတ္တဇ လူသတ်သမားလားလို့ မေးရတာ လဲ၊ ကျွန်တော် နားမလည်ဘူးခင်ဗျ . . ."

"ညီလေး နောက်ကျောမှာ ရေးထားတယ်လေ . . ."

"ဗျာ . . ."





သူ့နောက်ကျောသို့ ပျာပျာသလဲပင် လည်ပင်း လိမ်လျက်ကြည့်မိသည်။ ကြည့်လို့မရ . . .။ သူ တီရှပ်ကို ကမန်းကတန်း ဆွဲချွတ်လိုက်ပြီး နောက်ကျောဖက်မှာ ထင်း ထင်းကြီး ရေးထားသော စာတန်းကြီးကို ဖတ်မိတော့မှ မျက် လုံးတွေပြူးကျယ်သွားတော့သည်။ တောက် . . .။ ဟိုမိန်းမ လုပ်ထားခဲ့ပြန်ပြီ။ သူ့မှာ ရဲကြီးကို သူ စိတ္တဇလူသတ်သမား မဟုတ်ပါကြောင်း အသည်းအသန်ကို ရှင်းပြရသည်။ သူ့ ရန်သူတစ်ယောက်က တမင်သက်သက် လုပ်ကြံလိုက်ခြင်းဖြစ် ကြောင်းကိုလည်း စီကာပတ်ကုံး ရှင်းပြရသေးသည်။ ပြီးတော့ သူ အဲဒီတီရှပ်ကို ပြန်မဝတ်ရဲတော့။ နီးစပ်ရာဆိုင်တစ်ဆိုင် ကနေ တီရှပ်တစ်ထည်ပြေးဝယ်ကာ လဲဝတ်လိုက်ရသည်။ စိတ်ထဲကနေ နွေဝေနှင်းဆီကို အကြိမ်တစ်ရာမက ကျိန်ဆဲ နေမိလေသည်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စကို ပြဿနာတစ်ခုအဖြစ် သူ သူမကို ထပ်မရှာပါ။ ဘာဖြစ်လို့လည်းဆိုတော့ သူ့ဘက်က ဘယ်လောက်ထိ အရှုံးမီးပိုင်းခဲ့ရသလဲဆိုတာကို သူမ သိခွင့်ရလေ၊ သူမ ပိုပြီး ကျေနပ်အားရလေဖြစ်မှာကို သူ မလိုလားသောကြောင့် ဖြစ်သည်။ အဲဒီတော့ သူစိတ်ထဲမှာ တေးမှတ်ထားလိုက်ကာ အကြွေးမှတ်ထားလိုက်သည်။ အခါအခွင့်သင့်မှ ပြန်တောင်းတော့မည်ဟု တေးထားလိုက်၏။ ကံကြမ္မာကလည်း သူနှင့်သူမ၏ အသံတိဘိတိုက်ပွဲကြားမှာ မျက်နှာမလိုက်ရှာပါ။





သူ့အတွက် အခွင့်အရေးတစ်ခုကို သိပ်မကြာခင်မှာပဲ ပြန်ပေးခဲ့လေသည်။

အချိန်က နေ့လည်ကြောင်တောင်ကြီးဖြစ်သည်။ အိမ်မှာ မာတာမိခင်နှစ်ယောက် မရှိကြပါ။ ထုံးစံအတိုင်း အပြင်သွားနေကြသည်။ သူက ဝတ္ထုစာအုပ်တစ်အုပ် အရှိန်ကောင်းနေဆဲမို့ ထပ်ခိုးရှိ မေမေ့အခန်းထဲဝင်ကာပြီးအောင် ဖတ်နေခဲ့ခြင်းဖြစ်သည်။ ဝတ္ထုပြီးသွားတော့ တစ်ခုခုစားဖို့ အောက်ထပ်သို့ ဆင်းလာစဉ် ဧည့်ခန်းမှာ သူမကို တန်းတန်းစေ့မတ် တွေ့လိုက်ရခြင်းဖြစ်သည်။ အနေအထားက သူမဘက်က အကာအကွယ် ဘာမှ မရှိသော အနေအထားပါ။ DVD တစ်ခွေ ဖွင့်လျက် ကြည့်ရင်းတန်းလန်းကို အိပ်မောကျသွားခြင်းဖြစ်သည်။ သူမကြည့်နေသောကားက လောလောလတ်လတ် သေဆုံးသွားပြီးကာစ Heath Ledger ဇီလိန်အင်္ဂစ် အပီအပြင်ပွဲကြမ်းထားသော The Dark Knight



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ကားအသစ်ဖြစ်သည်။ အဲဒီကားကဲမှာ Heath Ledger က ဂျိုကာဆိုက်ကိုတစ်ယောက်အဖြစ် ရက်ရက်စက်စက်ကို ပီပြင်လွန်းပါသည်။ သူကြည့်ပြီးသားမို့ ထိုကားကို ခဏတဖြုတ် လှမ်းကြည့်ရင်း သူမကို ဘယ်လို လက်စားချေရမလဲဆိုတာ သူ စိတ်ကူးရသွား၏။ သူမှာ ဆိုဆေးပန်းချီဆွဲသော ဆေးဗူးတွေနှင့် စုတ်ပ၊တွေ အဆင်သင့်ရှိပြီးသား။ အရောင်တွေ သိပ်စုံဖို့ မလိုပါ။ Heath ledger ၏ ဂျိုကာမျက်နှာကို နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော သူမ၏မျက်နှာကလေးဆီ ခပ်ဖွဖွ စုတ်ချက်ဆွဲပေးလိုက်၏။ နှုတ်ခမ်းဘေး တစ်ဘက်တစ်ချက်မှာ အစွန်းထွက်နေသော ဆေးအနီရောင် ဂျိုကာ နှုတ်ခမ်းနှင့် တစ်မျက်နှာလုံး ဆေးဖြူတွေဖွေးနေသော သူမသည် အနည်းငယ် လူးလွန့်ရုံကလွဲပြီး နိုးမလာတာကိုပဲ ကျေးဇူးတင်ရဦးမည်။ ထိုမျက်နှာကို သူ သေသေချာချာ စိုက်ကြည့်ပြီး အသံမထွက်အောင် တသိမ့်သိမ့် ရယ်မောမိ၏။





သူ့ကိုမြင်လျှင် ရန်သူတော်တစ်ယောက်ကို ကြည့်သလို မထီတရီ၊ ရိုထေ့ထေ့နှင့် စိန်ခေါ် ရန်စတတ်သော၊ မိန်းကလေး လုံးဝမဆန်သော ထိုငတိမကို သူကလည်း ဘယ်လိုမှ အချိုးပြေစွာ ကြည့်လို့ကိုမရ။ ဘဝတစ်ခုခုမှာတော့ သူတို့ ရန်သူတွေ ဖြစ်ခဲ့ဖူးလိမ့်မည်ထင်ပါရဲ့။

အဲဒီအချိန်မှာ သူမ၏ mobile ကလေးဆီမှာ ဖုန်းမြည်သံထွက်လာသောကြောင့် သူ လှစ်ခနဲ မီးဖိုချောင်ထဲသို့ ဝင်ပြေးလာခဲ့သည်။

"ဟဲလို . . . အေး . . . ဘာလဲပြော"

နွေဝေသည် ဖုန်းသံကြောင့် လန့်နိုးလာကာ ချက်ချင်းအိပ်ချင်မပြေသေးဘဲ၊ ကယောင်ကတန်းပင် ဖုန်းဖွင့်ထူးလိုက်ရသည်။

"ဟာ . . . နွေဝေ . . . နင် ဘယ်မှာလဲ၊ ချိန်းထားပြီး ခုထက်ထိလည်း ရောက်မလာသေးဘူးဟာ၊ ငါတို့အား



www.burmeseclassic.com

www.burmeseclassic.com



လုံး Fuji မှာ ရောက်နေကြပြီ၊ နင် မလာသေးဘူးလား"

"ဟဲ့ . . . စွတ်ဟောက်မနေနဲ့ ငတိရဲ့၊ ငါ အခု လာနေပြီ၊ on the way"

ဘယ်တော့မှ အလျှော့မပေးတတ်သော ထုံးစံအတိုင်း နွေဝေက အိမ်မှာပဲ ရှိနေသေးကာ ရုပ်ရှင်ကြည့်ရင်း အိပ်ပျော်သွားဟာကို ဝန်မခံဘဲ လည်သာခါးတို ဂျာကင်အညိုကလေး ကောက်စွပ်ကာ ကမန်းကတန်းပင် အိမ်မှ ထွက်လာခဲ့သည်။ နွေဝေ့၏ ထုံးစံက မှန်ကြည့်လေ့မရှိ။ အပြင်ထွက်ခါနီး မိန်းကလေးတွေလို မှန်ရှေ့မှာပြင်တာဆင်တာလည်း ဝါသနာမပါချေ။ Taxi တစ်စင်း ဖမ်းတားကာ ကန်တော်ကြီးထဲရှိ Fuji ဆိုင်သို့ မောင်းခိုင်းလိုက်၏။ Taxi သမားက မျက်လုံးအဝိုင်းသားဖြင့် ပြူးစိစိ ကြည့်တာကို စိတ်ထဲ ဘဝင်မကျ။ ဒီငနဲ ဘာအထာလဲဟု နှုတ်ခမ်းတင်းတင်းစေ့ကာ မျက်နှာထားကို အတည်ဆုံးတင်းမာထားလိုက်သည်။ ကားပြတင်းကနေ





မျက်နှာထွက်ကာ စီးလာခဲ့သည်မို့ နံဘေးက ဖြတ်သွားသော ကားတွေလူတွေဆီမှ ထူးဆန်းသော တုန့်ပြန်မှုတွေကို နွေဝေရနေသည်။ တချို့က တခွိခွိ ရယ်မောသွားကြကာ သမင်လည်ပြန်ပင် လှည့်ကြည့်သွားကြသည်။ တချို့က လှမ်းအော်နောက်ပြောင်သွားကြ၏။ အသံကိုတော့ သေချာမကြွဲပြား . . .။ ဘာလဲ . . . ဂျိုကာ ဆိုလား။

ဒီလိုနှင့် Fuji ဆိုင်ရှိရာဆီ ရောက်လာခဲ့သည်။ နွေဝေ့ကို မြင်တာနှင့် သူငယ်ချင်းတွေ လက်ညှိုးထိုးကာ အားပါးတရကို အော်ဟစ်ရယ်မောနေကြ၏။

"တောက် . . . ဘယ်လိုဖြစ်နေကြတာလဲ၊ ငါ့ကိုမြင်တာနဲ့ အဲဒီလောက် သေမတတ် ရယ်နေစရာလား၊ စိတ်က သိပ်ကြည်တာ မဟုတ်ဘူးနော် . . . ကျွေးထည့်လိုက်ရ"

"နင် သိပ်လှပါလား ဂျိုကာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ . . . သေနာနေ၁်၊ ဒီနေ့ လူတွေ ဘယ်လိုဖြစ်နေကြတာလဲ၊ ငါ့ကိုကြည့်ပြီး ရယ်စရာများ မှတ်နေသလား မသိဘူး . . ."

ပိုင်စိုးတို့၊ သော်ကနှင့် ဧဒင်တို့က Mobile ဖုန်းကလေးတွေ ကပျာကရာ ကောက်ကိုင်ကာ ပါပါရာဇီဒီဇိုင်းတွေနှင့် နွေဝေ့ကို အသည်းအသန် အလုအယက် ဝိုင်းရိုက်နေကြတော့မှ နွေဝေ့သည် ကိုယ့်မျက်နှာကို သံသယဖြစ်လာသည်။ ဒီမျက်နှာပေါ်မှာ တစ်ခုခုတော့ အမှားအယွင်းဖြစ်နေပြီ။ ဘာမှားနေသလဲ . . .။ နွေဝေက ပိုင်စိုးလက်ထဲမှ ဖုန်းကို ဆွဲလုလိုက်ကာ ကြည့်လိုက်မိတော့မှ အားလား . . .။ နွေဝေ့မျက်နှာက Heath Ledger ဒီဇိုင်းထွက်နေသည်။ ခုလောလောဆယ်ဆယ်ကို ပူပူနွေးနွေးကြည့်လာခဲ့သော ဇာတ်ကားမှ ချက်ချင်းပင် ဒေါသအမျက် ချောင်းချောင်းထွက်သွားလေသည်။ ဒါ ဘယ်သူ့လက်ချက်လည်းဆိုတာ တွေးကြည့်ဖို့မလို။





"တောက် . . . ဟိုကောင် မိစ္ဆာရဲ့လက်ချက် . . ."

"အပေါး . . . ငါတို့လည်း ထင်တော့ထင်သား၊ နင် ဒီပုံစံကြီးတော့ တမင်သက်သက်ဒီဇိုင်းကြီးတော့ ပြင်ဆင်ခြယ်သလာမှာ မဟုတ်ပါဘူးလို့ . . ."

"တောက် . . . အရူးရဲ့ ဒီပုံစံက ခြယ်စရာလားဟဲ့၊ ဒီလောက် ကြောက်စရာ၊ မုန်းစရာကောင်းတဲ့ psychokiller ပုံစံကို၊ အဲဒီကောင်တော့ အိမ်ပြန်ရင် တွေ့မယ်၊ မျက်ခွက်ကို လက်သီးစာတော့ ကျွေးပစ်လိုက်ဦးမယ် . . . တကယ်"

"ဒီကောင်က ရင့်တော့ အရင့်သားတွ၊ နင် တစ်လောက သူ့ T-Shirt မှာ စာရေးလိုက်တာ သူ ဘာမှ မပြောဘူးဆို၊ ဒီကောင် အဲဒါကို တေးထားပြီး နင့်ကို ပြန်သိပ်ထည့်လိုက်တာပေါ့"

နွေဝေသည် ကမန်းကတန်း မျက်နှာကို ရေခြိုန်



www.burmeseclassic.com


www.burmeseclassic.com



ဆေးပစ်ရသည်။ တော်တော်နှင့် ဆေးတွေက မပျက်နိုင်ချေ။ ဆေးတွေဖျက်လို့ မရလေ . . . နွေဝေ့ရင်ထဲက အမုန်းတရားကို တိုးပွါးလေဖြစ်၏။ လူတစ်ယောက်ကို ဟိုးအရင်က ဒီလောက် မမုန်းဖူးခဲ့ပါဘူး။

◆◆◆◆◆





## အခန်း — ၃



www.burmeseclassic.com

www.burmeseclassic.com



No half measures

Wheresoever you go,

go with all your heart.

Confucius (551-479 BCE). China

မင်း ဘယ်ကိုသွားသွား

ဘာပဲလုပ်လုပ်

မင်းရဲ့စိတ်နှလုံးသားကို

ပုံအောနှစ်မြှုပ်ပြီးသွားပါ --- လုပ်ပါ။



ညွန်းစေသည် အခန်းကလေးထဲရှိ ညို့ဝင်စွမ်းအကြီးမားဆုံးသော ဂစ်တာ၊ ဒရမ်(မ်)နှင့် ကီးဘုတ်တွေကို ငြိမ်သက်စူးနစ်စွာ ငေးစိုက်ကြည့်နေရင်းမှ နှလုံးသားသည် ရင်ဘတ်ထဲမှာ ဆူညံယိမ်းထိုးစွာ ခုန်ပေါက်ကခုန်လျက်ရှိသည်။ ခေါင်းထဲမှာ သီချင်းစာသားကလေးတွေသည် ရေတံခွန်၏ ဟိုးအမြင့်ကြီးဆီမှ အရှိန်ပြင်းပြင်း စီးကျလာသော ရေစက်ရေမွှားတွေလို လှပစွာ စီးကျနေကြသည်။ သူ ဘယ်လိုမှ ဆက်ပြီး မြှုသိပ်ချုပ်ထိန်းထားနိုင်စွမ်း မရှိတော့။ ဂီတသည် သူ့ကို အစွမ်းကုန် ပြုစားဖြားယောင်းလျက်ရှိပြီ။ ဂစ်တာကလေးသည် သိပ်



www.burmeseclassic.com

www.burmeseclassic.com



လှသော အပျိုရိုင်းမကလေးလို သူ့ကို ညှို့မြူချင်တိုင်း ညှို့မြူနေသည်။ နွေဝေနှင်းဆီ ... နွေဝေနှင်းဆီ။ ဘယ်လောက်ခံတရားလိုက်သည့် ကောင်မလေးလဲ။ ဒီပစ္စည်းတွေကို မျက်လုံးနဲ့တောင် မကြည့်ရတဲ့။ အကဲပိုလိုက်တာ။ ကြည့်တော ဘာဖြစ်လဲကွာ ...။ ထိတော့ ဘာဖြစ်လဲကွာ ...။ ဂီတနဲ့ ပတ်သက်လာရင် ငါ့ကို လာပြီး တားမြစ်ကန့်သတ်မထားနဲ့။ OK! အိမ်မှာ ဘယ်သူမှ မရှိသောအချိန်ဖြစ်သည်။ အမေနှစ်ယောက်က တာဝန်ဝတ္တရားအတိုင်း အပြင်ထွက်နေကြသည်။ နွေဝေနှင်းဆီဆိုတဲ့ ယောကျ်ားလျာမကလေးကလည်း သူ့သူငယ်ချင်းတွေ လာခေါ်လို့ ပါသွားခဲ့ပြီ။ တော်တော်နှင့် ပြန်လာလိမ့်ဦးမည် မထင်။

သူ့ရဲ့ မသိစိတ်က ဆင်ခြင်တုံတရားကို ဗိုလ်ကျလွှမ်းမိုးပစ်လိုက်ချိန်မှာ သူ ဂစ်တာကို ချစ်သူတစ်ယောက်လို အငမ်းမရ ဖက်တွယ်လျက် ရင်ခွင်မှာ ပိုက်ထားမိသည်။





ပြီးတော့ ဂစ်တာကြိုးတွေကို အားပါးတရ တီးခတ်ပစ်လိုက်သည်။ ပြီးတော့ ဒရမ်(မ်) set မှာ ဝင်ထိုင်ပြီး မီးကုန်ယမ်းကုန်၊ အငြိုးတကြီး (မျက်လုံးတွေကိုတောင် မှိတ်ထားလိုက်သေးသည်)။ နောက်ဆုံးကျမှ ကီးဘုတ်ခလုတ်တွေပေါ့ ...။ ဘယ်လောက်များ ကျေနပ်နှစ်သိမ့်သွားသလဲဆိုလျှင် အဆာလောင်ဆုံး အချိန်မှာ အကြိုက်ဆုံး စားစရာတွေကို စားပိုးနင့်တဲ့အထိ၊ တနင့်တပိုး စားပြီးသွားသူလို ခြေကုန်လက်ပန်းကျမောဟိုက်နာကျင်သွားမှပင် ရပ်တန့်မိတော့သည်။ 'မလုပ်ရဘူး' ဟု ... တားမြစ်ကန့်သတ်ထားသော အရာတစ်ခုကို စိတ်ရှိလက်ရှိ ခိုးပြီး လုပ်ပစ်လိုက်ရတာလောက် စိတ်ထဲ ပြီးပြည့်စုံသွားတာ မရှိတော့ချေ။ သူ ကျေကျေနပ်နပ်ပင် ရယ်မောလိုက်မိသည်။ မှတ်ထား ... နွေဝေနှင်းဆီ။ မင်းကို ငါလက်စားချေခဲ့ပြီးပြီ။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com



အငွေ့အသက်တစ်ခုခု၊ အနံ့အသက်တစ်ခုခု၊ သမားရိုးကျမဟုတ်သော ထိတွေ့မှုတစ်ခုခု ရှိနေသည်ဟု နွေဝေ အလိုအလျောက်ပင် ခံစားမိသည်။ စုံထောက်တစ်ယောက်လို ဂရုတစိုက် စူးစူးရှရှ အနံ့ခံကြည့်နေရင်း တစ်စုံတစ်ရာကို အသည်းအသန်ပင် မသင်္ကာဖြစ်လာသည်။ ထပ်ခိုးပေါ်ကနေ ဝုန်းဒိုင်းကြဲ ပြေးဆင်းလာခဲ့ကာ ညွှန်းစေကို လှည့်ပတ်ရှာဖွေမိသည်။ မိခင်နှစ်ယောက်ကတော့ ပြန်မရောက်သေး။ သူက မီးဖိုချောင်ထဲမှာ ကြက်ဥအုန်းမလက်ကြော်လျှက်ရှိသည်။





"ဟော့ . . . မင်း ငါ့ရဲ့ instruments တွေ ကိုင်ထားတယ်မှုလား"

သူက နွေဝေ့ကို လှည့်၍တောင် မကြည့် . . .။

"မကိုင်ပါဘူး . . . ဘာလို့ ကိုင်ရမှာလဲ"

သူ့မျက်နှာက မင်သေသေ . . .။ ဒါပေမယ့် လိမ်နေတယ်ဆိုတာ အသိသာကြီးပင်။

"မင်း ယောကျ်ားတန်မဲ့ ကြောင်မလိမ်နဲ့နော် . . . ငါ့ ပစ္စည်းတွေ ခြေရာလက်ရာ အကြီးအကျယ် ပျက်နေတယ်၊ မင်း ယောကျ်ားမဟုတ်ဘူးလား၊ ဟုတ်ရင် ဟုတ်တယ် . . . ဝန်ခံပေါ့"

"အေး . . . ဟုတ်တယ်ကွာ၊ ဘာဖြစ်လဲ . . . ငါ့ မျက်စိရှေ့မှာ နေ့တိုင်း တွေ့နေရပြီး၊ မထိရ မကိုင်ရ ဆိုတော့ ငါ စိတ်မထိန်းနိုင်တော့လို့"

"တောက် . . . မင်း . . . မင်း စိတ်မထိန်းနိုင်ဦးကွာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ . . .”

နွေဝေသည် သူ့ဆီ ဒေါသတကြီး ပြေးသွားကာ သူ့မေးရိုးဆီ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ သူ ရှောင်တိမ်းချိန်မရလိုက်။

“တောက် . . . မင်း မိန်းမဖြစ်နေလို့ကွာ၊ လက် မပါနဲ့နော်၊ ငါ့အသားကို ထိရင် ငါ လုံးဝ သည်းမခံတတ်ဘူး”

“ထိတော့ ဘာဖြစ်လဲကွာ . . . မင်းကို ငါ သတ်တောင် သတ်ပစ်ချင်တာ၊ ရာရာစစ . . . ငါ့ရဲ့ ပစ္စည်းတွေကို များ စိတ်မထိန်းနိုင်လို့လေး . . . ဘာလေးနဲ့၊ မင်းကို ငါ ကြိုပြောထားပြီးသား၊ ငါ့ပစ္စည်းတွေ ထိတာနဲ့ ငါနဲ့ တွေ့ပြီလို့ . . . ကဲကွာ . . . ကဲကွာ”

နွေဝေက စားပွဲပေါ်မှာ ရှိရှိသမျှ ကြက်ဥ၊ ကြက်သွန်၊ ပန်းကန်၊ ခွက်တို့နှင့် သူ့ကို ဒေါသတကြီး ပစ်ပေါက်





နေ၏။ သူကလည်း မခံ . . .။ နွေဝေ့လိုပင် ပန်းကန်ပြားပျံ၊ ခွက်ပျံတွေနှင့် မီးဖိုချောင်ထဲမှာ အကြီးကျယ် တိုက်ပွဲဆင်နွှဲနေကြသည်မှာ မိခင်နှစ်ယောက် ပြန်ရောက်လာမှပင် ပွဲသိမ်းတော့လေသည်။ အမေနှစ်ယောက်လုံး မီးဖိုချောင် စစ်တလင်းကို ရင်ထုမနာ ကြည့်ကာ ဒေါသအမျက်တွေ အချောင်းချောင်း ထကြ၏။ အထူးသဖြင့်တော့ မေမေပေါ့ . . .။

“ကုန်ပါပြီ . . . ကုန်ပါပြီ . . . ငါ့ မီးဖိုချောင်တစ်ခုလုံးလည်း ရစရာကို မရှိတော့ဘူး၊ ဖြောင်းဆန်နေတာပဲ၊ နင်တို့နှစ်ယောက်လုံးကို ဒီအတိုင်းတော့ မကျေအေးနိုင်ဘူး၊ အပြစ်ပေးမှကို ဖြစ်မယ် . . . ဘယ်လို သဘောရသလဲ သစ္စာ”

“နင့် စိတ်ကိုင်းကျသာလုပ် . . . သလင်း၊ ငါ အားလုံးကျေနပ်ပြီးသား၊ ငါ့သားလည်း နင့်သားပဲ၊ နင့်သမီးလည်း ငါ့သမီးပဲ၊ နင့်စိတ်ကြိုက်သာ ဆုံးမ . . . အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေး . . . ငါ ကျေနပ်တယ်”

အန်တီသစ္စာက ကူကယ်မည့်လမ်း မမြင်။ မေမေ့လက်ထဲသို့ ဝက္ကက်ပင် ထိုးအပ်လိုက်သေး၏။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ နွေဝေရော သူပါ ခပ်ကုပ်ကုပ်။ မကုပ်လို့လည်း မရဘူးလေ . . .။ မီးဖိုချောင်တစ်ခုလုံး ကြက်ဥတွေ၊ ခရမ်းချဉ်သီးတွေ၊ နနွင်းမှုန့်ဝါဝါတွေ၊ ဆားဖွေးဖွေးတွေ၊ ပဲမှုန့်၊ ဂျုံမှုန့်တွေနှင့် မြင်လို့မကောင်းအောင်ကို ဖွေးဖွေးလှုပ်လျက်ရှိသလို အိုးခွက်ပန်းကန်ခွက်ယောက်တွေလည်း ရစရာပင် မရှိတော့။

“ကဲ . . . ပထမဆုံး ဒီမီးဖိုချောင်ကို အရင်ပုံစံအတိုင်း ပြန်ဖြစ်အောင် ရှင်းလင်းပေး၊ နင်တို့နှစ်ယောက်တည်း လုပ်ရမယ် . . . ပြီးတဲ့အထိ လုပ်၊ ဒုတိယပိုင်းက လာမယ်၊ ငါ သွားစီစဉ်လိုက်ဦးမယ်”

ဟု . . . ဆိုကာ နွေဝေနှင့် သူ့ကို နှစ်ယောက်





တည်း မီးဖိုချောင်ထဲမှာ တံခါးပိတ်ပြီး ထားခဲ့၏။ နွေဝေနှင့် သူသည် တစ်ယောက်ကိုတစ်ယောက် အခဲမကျေနိုင်သေးသလို စောင်ပေနေဆဲ။

“နင့်ကို ငါ အမှုန့်ကြိတ်လို့ရရင် ဘယ်လောက်ကုန်ကုန်ပေးပြီးတော့ကို ကြိတ်ပစ်ချင်တယ် . . . သိလား ကျက်သတုံး”

“ငါတလည်း မင်းကို ပါးပါးလှီးပြီးတော့ကို နုပ်နုပ်စြန်စဉ်းကော ပစ်ချင်တာ . . . မေတ္တာတုံးရေ”

“အခွက်ကိုက ကျက်သရေကို မရှိဘူး”

“မင်းမျက်ခွက်က ကျက်သရေရှိတာကိုး၊ ယောကျ်ားမဟုတ်၊ မိန်းမ မဟုတ်နဲ့ နပုလ္လိင်ဆိုတာ ရှေးဘဝက ဝဋ်ကြွေးပါလာခဲ့လို့ ဖြစ်တာ၊ ကိုယ့်ကိုယ်ကို သိပ် ဟုတ်လှပြီ ထင်မနေနဲ့”

“တောက် . . . နှင့်ပါးစပ်ကိုပိတ်နော်၊ ငါ ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွေးပစ်လိုက်မယ်"

"ဩော် . . . ငါ့မှာက ကျွေးစရာ လက်မပါဘူးကိုး၊ မင်း ကျွေးတိုင်း ငုံခံရမယ့်ဘဝကိုး . . . ကျွတ် ကျွတ်"

"ရှပ်(တ်)အပ်(ပ်)"

"မင်းပါးစပ်လည်း ပိတ် . . . မီးဖိုချောင်ကို တဝက်စီခွဲ၊ မင်းအပိုင်းကို မင်း အကုန်ရှင်း . . . ငါ့ဘက် ငါ ရှင်းမယ်"

မီးဖိုချောင်ကို ပေကြိုးနှင့် သေသေချာချာတိုင်းပြီး တဝက်အညီအမျှခွဲကာ သန့်ရှင်းရေး ပြန်လုပ်ကြရသည်။ နှစ်ယောက်သား မျက်နှာချင်း မဆိုင်လိုသောကြောင့် အသီးသီး ကျောခိုင်းကာ လုပ်ကြလေသည်။

◆◆◆◆◆



"မေမေ့ သူငယ်ချင်း မနန်းဆီ ဖုန်းဆက်ထားပြီးပြီ၊ ဒေါ်နန်းမဒီ သိတယ်မှုလား၊ မဂ္ဂဇင်းတိုက်ပိုင်ရှင်၊ အခု ကိုရီးယားကနေ အလှကုန်ပစ္စည်း skin care တွေပါ သွင်းတဲ့ ကုမ္ပဏီပါ ဖွင့်ထားတယ်၊ သူ့ကို လှမ်းဆက်သွယ်ပြီး ငါ့သမီးနဲ့ တူလေးကို အလုပ်ကလေးဘာလေး



www.burmeseclassic.com

www.burmeseclassic.com



ကည့်ပေးနိုင်မလားလို့ ပြောကြည့်တော့ မနန်းက လွှတ်လိုက်ပါတဲ့၊ သူကြည့်ပြီး သင့်တော်တဲ့ နေရာမှာ ထည့်ပေးမယ်တဲ့၊ အင်တာဗျူးတော့ အရင် လုပ်လိမ့်မယ်၊ မနက်ဖြန် ကိုးနာရီအထိ သူ့ရုံးကို အရောက်သွားရမယ်နော် . . . ကြားလား၊ နှစ်ယောက်စလုံး ကျောင်းလည်းပြီးပြီးသား၊ ခုပဲ အဆိုတော် ထလုပ်တော့မယောင်ယောင်၊ ဟိုယောင်ယောင်၊ ဒီယောင်ယောင်နဲ့ ဝေလေလေ လုပ်နေတာတွေ တော်သင့်ပြီ၊ ကိုယ့်အလုပ်ကလေးကိုယ်စီနဲ့ ဖြစ်သင့်ပြီ၊ မမမေနဲ့ သစ္စာလည်း Pearl Centre မှာ ဆိုင်တစ်ဆိုင် ဖွင့်ကြမလို့ စီစဉ်နေကြတယ်၊ အဲဒီမှာလည်း နင်တို့ ဝင်ကူလုပ်ပေးမှာ မဟုတ်ဘူးဆိုတာ သဘောပေါက်ပြီးသား၊ အဲဒါ ဒုတိယ အပြစ်ပေးခြင်းပဲ၊ မနက်ဖြန် အင်တာဗျူး သွားကြ၊ အချိန်တိကျပစေနော် . . .၊ မနန်းက အပိုကြီး အရမ်း စည်းကမ်းရှိ





တယ်၊ သပ်သပ်ရပ်ရပ်လည်း ဝတ်သွားကြ၊ နွေဝေ နှင်းဆီ . . . Hip Hop Style တွေ လုပ်မသွားနဲ့နော်"

မေမေက တရှည်တလျား မိန့်မှာတမ်း ခြွေပြီး သွားသောအခါ နွေဝေတို့ဆီက ဘာတုန့်ပြန်ချက်မှပင် မစောင့်ဘဲ ထွက်သွားလေသည်။ နွေဝေ့မှာ စိတ်ပျက်လက်ပျက်၊ မျက်နှာတစ်ခုလုံး ရှုံ့မဲ့တွန့်လိမ်လျက် ကျန်ရစ်သည်။ သူ့ဘက်ကလည်း ခေါင်းတဗျင်းဗျင်း ကုတ်သံကို ကြားရ၏။ လှည့်မကြည့်သောကြောင့် မျက်နှာကိုတော့ မသိ . . .။ အမလေး . . . ဒီလောက် အမြင်ကတ်စရာ ချဉ်ဖတ်နှင့်များ တစ်ရုံးတည်းအတူ အလုပ် လုပ်ရလျှင် နေ့တိုင်း နောင်ကျိန်ပလေးရတာနှင့်တင် အသက်တိုလိမ့်မည်။

"ဟော့ . . . နင် အဲဒီအလုပ်ကို ရအောင် လျှောက်မှာလား၊ ခုကတည်းက ကြိုပြောထား . . . နင် ရအောင် လုပ်မယ်ဆိုရင် ငါ မရအောင် လုပ်မယ်၊ နင့်လို ငပိန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တော့ အလုပ်အတူတူ မလုပ်နိုင်ဘူး”

“ငါကလည်း မင်းနဲ့ ထပ်တူထပ်မျှပါပဲ ဒေါ်မရယ် . . .”

◆◆◆◆◆



ဒေါ်နန်းမဒီကိုယ်တိုင် သူတို့နှစ်ယောက်စလုံးကို တပြိုင်နက်တည်း အတူတူခေါ်ပြီး အင်တာဗျူးလုပ်ခြင်းဖြစ်သည်။

“ကဲ . . . ပြောပါဦး၊ သမီးက ဘာနဲ့ ကျောင်းပြီးထားတာလဲ၊ မနေ့က သလင်းနှင်းဆီနဲ့ ဖုန်းပြောပြီး C.V ကလေးတွေ ယူလာဖြဖို့ မမှာလိုက်မိဘူး၊ သလင်းနဲ့က တက္ကသိုလ်လေးနှစ်လုံးလုံး သူငယ်ချင်းတွေလေ . . .၊ မောင်ညွှန်းစေက သစ္စာရဲ့သားဆို၊ သစ္စာနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



အရမ်းခင်တယ်၊ သူငယ်ချင်းတွေရဲ့ သားနဲ့ သမီးဆို တော့ အန်တီ့ဘက်က ၅၀%တော့ အလုပ်ပေးချင်ပြီး သားပါ၊ သမီး မျက်နှာနဲ့ လက်တွေက ဘာတွေဖြစ် ထားတာလဲ . . . အနာတွေလား"

ဒေါ်နန်းမဒီက နွေဝေ့မျက်နှာနှင့် လက်တွေကို ကြည့်ကာ တအံ့တသြ မေး၏။ နွေဝေကတော့ ရယ်ချင်စိတ်ကို တတ်နိုင်သ၍ မြိုသိပ်ထားရသည်။ တမင်သက်သက်ကို အနာ ကွက်၊ အစက်အပျောက်တွေ ဖြစ်အောင် မိတ်ကပ်နှင့် စနစ် တကျ ခြယ်လာခဲ့ခြင်းဖြစ်သည်။ မျက်နှာနှင့် လက်တွေမှာ အနာတွေ ရှိနေမှတော့ ဘယ်သူက Skin Care ကုမ္ပဏီမှာ အလုပ်ပေးရဲမည်နည်း။

"ဟုတ်ကဲ့ . . . allergy တွေပါ အန်တီ၊ နွေဝေက ဒါမျိုး မကြာခဏ ဖြစ်တတ်ပါတယ်၊ eczema တွေပါ"

"သြော် . . . သြော်"





အန်တီနန်းမဒီ မျက်နှာနည်းနည်းတော့ ရှုံ့သွား တာကို နွေဝေ မြင်လိုက်ရသဖြင့် ကျိတ်၍ ဝမ်းသာသွားသည်။ ဘုရားတကြားမ,လို့ . . . နွေဝေ့ကို အလုပ်မခန့်ပါစေနဲ့။

"နွေဝေက ဘီအေအင်္ဂလိပ်(ရှ်)နဲ့ ကျောင်းပြီးတာပါ အန်တီ"

"အင်း အင်း . . . သားကရော ဘာနဲ့ပြီးတာလဲ"

"ခင်ဗျာ . . . အန်တီ နည်းနည်း ကျယ်ကျယ်လေး ပြောပေးပါခင်ဗျာ၊ ကျွန်တော်က နည်းနည်း နားလေး တယ် . . . အဟဲ"

"ဘုရားရေ . . . ဘာနဲ့ ကျောင်းပြီးတာလဲလို့ မေးနေ တာလေ"

"သြော် . . . ဟုတ်ကဲ့ . . . ကျွန်တော် ကွန်ပျူတာနဲ့ ပါ . . . ဘူ . . . ဘူ . . . ဘူ . . ."

သူ့ဖြေသံနှင့်အတူ ရောပြီး ထွက်လာသည်က အလွန်ရှည်လျားပြီး၊ အတော်မသတ်နိုင်သော လေလည်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်သည်။ ကျယ်လည်းကျယ်ကာ တော်တော်နှင့်ကို မပြီးနိုင်။

"ဟင် . . . အဲဒါ ဘာသံလဲ"

အန်တီနန်းမဒီက မျက်လုံးအဝိုင်းသားဖြင့် နှာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်ကာ မေး၏။ အသံက ခဏနားသွားပြီး၊ (ပြီးသွားပြီလို့ ထင်နေခိုက်ဝယ်) ဆက်ပြီး ရှည်လျားစွာ ထပ်မြည်လာပြန်သည်။ သူ တမင်သက်သက်ပဲ လုပ်နေတာလား၊ တကယ်ပဲ ပေါက်နေတာလား မသိနိုင်လောက်အောင်ပင် သူ့မျက်နှာက မင်သေဖွေ့နန်းလှသည်။

"ဗျာ . . . အန်တီ ဘာမေးတာလဲဟင်"

"အမလေး . . . ဒုက္ခပါပဲ၊ ဘယ့်နှယ့်ဟာတွေလဲကွယ်၊ ဘာသံလဲလို့ . . . ဒီလောက် ရှည်လျားပြီး ကျယ်လောင်တဲ့ အသံဟာ"

"ဟာ . . . ဟုတ်လား . . . အန်တီ တကယ်ကြား





သွားလားဟင်၊ ဆောရီးပါပဲ အန်တီရယ်၊ ကျွန်တော်ကိုယ်တိုင်တောင် ပြန်မကြားတော့ အန်တီလည်း မကြားရဘူးထင်ပြီး ကျွန်တော် အသာလေး ညှစ်ပြီး ပေါက်လိုက်မိတာပါ၊ ကန်တော့နော် . . . အန်တီ၊ ကျွန်တော် ဒီလိုပဲ ခဏ ခဏ ဖြစ်တတ်ပါတယ်"

အန်တီနန်းမဒီက နှာခေါင်းကို ပိတ်ထားကာ. . .

"ကဲ ကဲ . . . နှစ်ယောက်စလုံး သွားနိုင်ပါပြီ"

ဟု . . . မျက်နှာနီနီဖြင့် ပြောလေသည်။ နွေ့ဝေပင် ရယ်ချင်လွန်းသဖြင့် မျက်နှာက တော်တော် နီမြန်းနေပြီ။ သူကတော့ ခပ်တည်တည်ပင် တမင်သက်သက် လုပ်နေတာဟု မထင်ရလောက်အောင်ပင် ရုပ်တည်ကြီးနှင့်။

"ကျွန်တော် မနက်ဖြန် အလုပ်ဆင်းရမှာလား အန်တီ"

"နိုးဝေး . . . နှစ်ယောက်စလုံး ထွက်သွား"



www.burmeseclassic.com

www.burmeseclassic.com



အန်တီနန်းမဒီ တော်တော် ဒေါသထွက်သွားပုံ ရပါသည်။ အော်လိုက်တာမှ အကျယ်ကြီး။ ပြီးတော့ မေမေ့ကို ဖုန်းဆက်တိုင်လိုက်ပုံ ရသည်။ နွေဝေတို့ အိမ်ပြန်ရောက်တော့ မေမေနှင့် အန်တီသစ္စာ မျက်နှာတွေက ဘီလူးဝင်စီးခံထားရတဲ့အတိုင်းပင်။ ပြီးတော့ မေမေက နွေဝေ့ကို၊ အန်တီသစ္စာက သူ့ကို တဝကြီးကို ကျွေးတော့လေသည်။

◆◆◆◆◆



နွေဝေ့စကားအဆုံးမှာ သော်ကတို့ရဲ့ ရယ်သံတွေက အကျယ်ကြီး။

"ဟား ဟား . . . အပြတ်လန်းတယ်ကွာ၊ ဒီကောင်ကလည်း အချဉ်တော့ မဟုတ်ဘူးနော်၊ သူ့ပညာနဲ့ သူတော့ ရှိပြီးသား"

"အေး . . . ငါလည်း ဒီကောင့်ကို ဒီတစ်ချက်တည်းနဲ့တင် နည်းနည်းတော့ impress ဖြစ်သွားသား၊ ဘယ်လိုလုပ်ပြီး ပေါက်သလဲ မသိဘူး၊ အရှည်ကြီးမှ တကယ့်



www.burmeseclassic.com

www.burmeseclassic.com



ကို စိမ်ပြေနပြေ"

"ဟား ဟား ဟား . . . နေစမ်းပါဦး နွေဝေ၊ နင်ကရော ငါတို့နဲ့တောင် ပေါင်းလို့သင်းလို့ ရသေးတာ၊ ဒီကောင်နဲ့ကျမှ ဘာဖြစ်လို့ ဒီလောက် မုန်တိုင်းတွေ ဆင်နေရတာလဲ"

"မသိပါဘူးဟာ . . . ဒီကောင့်ကိုတော့ ရေစက်ကို မရှိတာ၊ သူ့ကို မြင်လိုက်တာနဲ့ သွေးကြောတွေကပါ ဖျဉ်းခနဲ တင်းလာကာ"

နွေဝေ့၏ အမြတ်တနိုး တန်ဖိုးထားသော musical instruments တွေကို ခိုးပြီး တီးခတ်ပစ်လိုက်တော့ ရန်ငြိုးက ပို၍ ကြီးသွားပြီဖြစ်သည်။ ခုတလော သူ့ကို စကားတောင်မပြောချေ။ Studio ခန်းထဲသို့ ဝင်တိုင်း ငါ့ရဲ့ပစ္စည်းတွေကို သူ မတရားလုပ်ထားတယ် ဟူသော သတိရစိတ်ဖြင့် သူ့အိပ်ရာပေါ် ပရွက်နီတွေ အများကြီး ဖြူးလိုက်မိသေး၏။





သူ ဘာယ်လိုနေသည်တော့ မသိ။ နွေဝေ့ကို သူ့ဘက်က ဘာမှ တုန့်ပြန်လာခြင်း မရှိ။ နွေဝေ့လက်ချက်ဆိုတာ သူ သိမှာပင်။ အသံတိတ် ငြိုးထားတာလည်း ဖြစ်နိုင်သည်။

တကယ်လည်း သိပ်မကြာလိုက်ပါ။ နွေဝေ ထိတော့တာဖြစ်သည်။ အဲဒီတစ်ည တော်တော်ကြီးကို အိပ်မောကျနေချိန်မှာ အိပ်မက်ထဲမှာ မိုးရွာချလိုက်တယ်ဟု မက်ပြီး မျက်နှာပေါ် တတောက်တောက်နှင့် လာမှန်သော အေးစက်စက် အရသာကို ခံစားမိလေသည်။ မျက်လုံး ဖြုန်းခနဲ ပွင့်လာတော့ အားပါး . . . မျက်နှာကျက်ကနေကို တစ်စက်ချင်း ယိုစီးကျနေတာပါလား။ မိုးရေ ယိုစရာလည်း အကြောင်းမရှိ။ ဒါဆိုရင် ဒီရေစက်ဟာ နွေဝေ့မျက်နှာတည့်တည့်ဆီ ချိန်ရွယ်ထားသလိုပင် တစိမ့်စိမ့် ယိုကျနေသည်မှာ အထပ်ခိုးကနေ လာတာပေါ့။ ပြန်တွေးကြည့်လိုက်တော့ နွေဝေ့ အောက်ထပ်ရှိ အခန်းသည် အပေါ်ထပ်ရှိ ထပ်ခိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



နွေဝေ့ Studio နှင့် တည့်တည့်အခန်းဖြစ်သည်။ ဘုရားရေ အဲဒါ ဘာရေလဲ။ အနံ့အသက်က မကောင်းလှ။ ကြောင်သေးနံ့လိုလို ဘာညှီလို . . .။

နွေဝေ့တစ်ခေါင်းလုံး ဆံပင်တွေရှိရှိသမျှ ထောင်သွားကာ အပေါ်ထပ်၊ ထပ်ခိုးသို့ ကမန်းကတန်း ပြေးတက်လာခဲ့သည်။ ညွန်းစေက မွေ့ရာပေါ်မှာ အိပ်နေဆဲ။ သို့သော် နွေဝေ ရောက်လာပြီးမှ သူက ဖျတ်ခနဲ ထထိုင်လိုက်သည်။ မျက်လုံးတွေက မှိတ်လျက်သား . . .။

"ဟိတ် . . . ကျက်သတ်။ နင် အပေါ်ကနေ ဘာတွေနဲ့ . . ."

"ဟင် . . ."

နွေဝေ့အမေးကို သူက ဘာမှ ပြန်မဖြေဘဲ မွေ့ရာပေါ်ကနေ ထထွက်သွားသည်။ အလိုလေး . . .။ သူ့ အိပ်ရာပေါ်မှာ ရေမ အကွက်ကြီးတစ်ကွက်။ သူ့ကို လှမ်း





ကြည့်တော့ အိပ်မက်ထဲမှာ လမ်းထလျှောက်နေသူလို တစ်ယောက်တည်း စကားတွေပြောပြီး ရယ်ကာမောကာနှင့် ရေချိုးခန်းထဲ သွားခွေအိပ်နေတော့သည်။ သေချာသည်က သူနိုးနေခြင်းမဟုတ် . . .။ Sleep Walk (အိပ်မက်ထဲမှာ လမ်းထလျှောက်) လုပ်နေခြင်းဖြစ်သည်။

"တောက် . . ."

နွေဝေ့မှာ ညတွင်းချင်းပင် မျက်နှာကို ဆပ်ပြာအထပ်ထပ် သစ်ပစ်ရကာ၊ အိပ်ရာခင်းတွေ ချက်ချင်းလဲပစ်ရသည်။ မနက်ကျတော့ အန်တီသစ္စာကို ကျိတ်ပြီး မေးရသည်။ အန်တီသစ္စာက . . .

"ဟင့်အင်း . . . အန်တီတော့ တစ်ခါမှ မတွေ့ဖူးခဲ့ဘူး သမီး၊ သူ အိပ်နေရင်း လမ်းထလျှောက်တတ်တယ်ဆိုတာကို အန်တီ မသိဘူး"

တဲ့ . . .။ နွေဝေ့မှာ သူ့ကို ဖွင့်မေးရအခက်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်နှာတည့်တည့် သေး အမှန်ခံခဲ့ရမှန်း ဒီကောင်သိလျှင်၊ ကျေနပ်ဝမ်းသာမဆုံး ဖြစ်မှာကိုလည်း မလိုလားသောကြောင့် မေးလည်း မမေးချင်။ သင်းကတော့ သူ့ထုံးစံအတိုင်း မင်သေသေ၊ ရုပ်တည်မျက်နှာကြီးနှင့် ဘာမှ မသိသလိုပင်။ အဲဒီလို မသိသလိုလိုနှင့် ကျိတ်ခံရတာလောက် အခံရခက်တာ မရှိ။ ဟိုကောင်တွေကိုတော့ ပြောမနာ၊ ဆိုမနာ ဖွင့်ပြောနေကျမို့ ပြောပြမိတော့ ဗိုက်နှိပ်ကာ တဝါးဝါး ရယ်မောကြလေသည်။

"ဟား ဟား . . . မိန္နဝေတို့ နှံသာနဲ့ အဖြန်းခံလိုက်ရတာကိုး၊ ဒီကောင် တော်တော် လှုပါးဝတာပါလား"

"အေး . . . ဝတာကတော့ မပြောနဲ့ဟေ့၊ ဒီကောင်တကယ်ပဲ အိပ်မက်ထဲ လမ်းထလျှောက် မလျှောက်ဆိုတာ ဒီကောင် အသိဆုံးပဲ ဖြစ်မှာပဲ၊ အေး . . . တမင်သက်သက်များ စနစ်တကျ ကြံစည်ပြီး လုပ်ခဲ့တယ်ဆို





တာကို တစ်နေ့နေ့ သိလို့ကတော့ . . . ဟား . . . ဒီကောင့်ကို အရှင်ကို မထားတော့ဘူး"

ရယ်မောသံတွေ သောသောညံသွားပါသည်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com










## အခန်း — ၄



www.burmeseclassic.com

www.burmeseclassic.com



The future belongs
to those who believe
in the beauty of
their dreams.

Eleanor Roosevelt, 1884-1962.

ကိုယ့်အိပ်မက်တွေရဲ့ လှပမှုကို ယုံကြည်သူတွေက
အနာဂတ်ကို ပိုင်ဆိုင်တယ်လေ



လူတွေအားလုံးမှာတော့ အိပ်မက်ကိုယ်စီ ရှိကြစမြဲဖြစ်သည်။ တချို့က အိပ်မက်ကို သေချာယုံကြည်စွာ တစ်နေ့နေ့မှာ ထိုအိပ်မက်ကို ဆုပ်ကိုင်ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားကြသည်။ တချို့ကတော့ အိပ်မက်ထဲမှာသာ မွေ့လျော်လျက် အိပ်မက်တွေ မက်ရင်းသာ အချိန်တွေ ကုန်ဆုံးသွားကြသည်။ နွေဝေတို့ကတော့ အိပ်မက်ကို ဖမ်းဆုပ်ပိုင်ဆိုင်နိုင်ဖို့အတွက် အခွင့်အရေးကို အလုပ်လုပ်ရင်း စောင့်ဆိုင်းနေကြသူတွေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ အလကားမနေကြ။ မျက်စိတွေ၊ နားတွေ အမြဲဖွင့်ထားကြကာ ကိုယ့်အံ့ရည်အသွေးကို ပြနိုင်မည့် အခြေအနေကို ရှာဖွေနေခဲ့ကြခြင်းဖြစ်သည်။

တကယ်လည်း စောင့်နေသူတွေအတွက် စောင့်နေသော အခွင့်အလမ်းတံခါးတစ်ချပ်က တစ်ထောင့်ထောင့်ကနေ ပွင့်ဟလာခဲ့သည်ပဲ ဖြစ်သည်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေ၊ ကြော်ငြာဘုတ်ကြီးတွေနှင့် တခမ်းတနား အကြီးအကျယ် ကြော်ငြာလာခဲ့သော မြန်မာပြည်၏ ပထမဆုံးသော မျက်နှာသစ်ရွေးချယ်သော "MYANMAR IDOL" ဆိုသည့် Music Concert ဂီတပြိုင်ပွဲကြီးတစ်ပွဲကို ခမ်းခမ်းနားနား ကျင်းပတော့မည်ဖြစ်သည်။ အမေရိကားမှာ AMIRICAN IDOL၊ အင်္ဂလန်မှာ X.FACTOR ဆိုပြီး MUSIC Concert ပြိုင်ပွဲတွေကို တခမ်းတနားပင် ကျင်းပပေးနေသည်မှာ အလွန် လူကြိုက်များ စိတ်ဝင်စားကြသော ပွဲတစ်ပွဲဖြစ်





သည်။ အခုလည်း မြန်မာပြည်ရှိ MUSIC PRODUCTION ကုမ္ပဏီကြီးတစ်ခုကနေ ဦးစီးပြီး Sponsor ပေးကာ အဆိုတော်အသစ် ရှာဖွေ မြေတောင်မြှောက်ပေးမည့် အစီအစဉ်ကို အမြော်အမြင်ကြီးစွာ စီစဉ်လိုက်ခြင်းဖြစ်သည်။ ထိုပြိုင်ပွဲက ခနွဝေတို့လို အိပ်မက်ကို ဖမ်းဆုပ်နိုင်ဖို့ ရူးသွပ်ကြိုးစားနေသူ လူငယ်တွေအတွက် ဧရာမ အခွင့်အလမ်း တံခါးပေါက်ကြီးတစ်ခု ပွင့်လာခဲ့ခြင်းဖြစ်သည်။ ထိုသတင်းက လူငယ်ဂီတရူးတလေးတွေကြားမှာ အတော်ကို Hit ဖြစ်နေသည်။ ပြိုင်ပွဲက စိတ်ဝင်စားစရာ အရမ်းကောင်းပါသည်။ အနယ်နယ် အရပ်ရပ်က ပြိုင်ပွဲဝင်တွေကို လျှောက်လွှာခေါ်ယူပြီး ပထမဆုံးအဆင့်အနေနှင့် Judges သုံးယောက်ရှေ့မှာ တစ်ယောက်ချင်းစီ၊ ဒါမှမဟုတ် အဖွဲ့လိုက် ဆိုလျှင်လည်း တစ်ဖွဲ့လိုက်စီ ကိုယ့်စိတ်ကြိုက် သီဆိုပြရမှာဖြစ်သည်။ Judges တွေကိုလည်း ကြည့်ဦး။ တကယ့်ကို ဂီတလောကမှာ ရေပန်းအစားဆုံး၊

www.burmeseclassic.com



လူစိတ်အဝင်စားဆုံး လူငယ်အမျိုးသမီး Rocker အဆိုတော် မမတစ်ယောက်နှင့် ဒီနေ့ Hip Hop စင်မြင့်ထက်မှာ ပရိသတ်၏ အရှူးသွပ်ဆုံး၊ လက်ခုပ်သံ၊ အားပေးမှုအရဆုံး အဆိုတော်တစ်ယောက်ရယ်၊ Pop အဆိုတော် နာမည်ကြီးလူငယ်တစ်ယောက်ရယ် သုံးယောက်ဖြစ်သည်။ သူတို့သုံးယောက်၏ အမှတ်ဖြင့် တစ်ဆင့်ပြီး တစ်ဆင့် တက်သွားရမည်ဖြစ်ကာ နောက်ဆုံးမှာ သူတို့သုံးယောက်က သူတို့စိတ်တိုင်းအကျဆုံး အကြိုက်ဆုံး၊ ဖြစ်နိုင်ချေ အရှိဆုံး ပြိုင်ပွဲဝင်တွေကို သူတို့ ကိုယ်ပိုင်အဖြစ် ရွေးချယ်ခွဲယူလိုက်ကြမည်။

ပြီးလျှင် Final ပွဲကြီးမတိုင်ခင် သူတို့သုံးယောက်က သူတို့အသီးသီး ရွေးချယ်ထားသော ပြိုင်ပွဲဝင်တွေကို သူတို့နှင့် အနီးကပ်ထားပြီး စခန်းသွင်းလေ့ကျင့်ပေးမှာဖြစ်သည်။ ဆိုရမည့် သီချင်းကအစ သူတို့က ပြိုင်ပွဲဝင်နှင့် လိုက်ဖက်ပိုင်နိုင်မည့် သီချင်းကို ရွေးချယ်ပေးမှာဖြစ်သည်။ Semi Final နှင့် Final ပွဲတွေကျတော့ ပရိသတ်၏ မဲစနစ် (Vote) ဖြင့် MYANMAR IDOL တစ်ယောက်ကို ရွေးချယ်ပေးမှာဖြစ်လေသည်။ MYANMAR IDOL ဆုရသူသည် Sponsor လုပ်သည့် Music Production မှ ဆုအဖြစ် ချီးမြှင့်မည့် ငွေသားဆယ်သိန်းအပြင် ထို Music Production နှင့် စာချုပ်ချုပ်ဆိုခွင့်ကို ရရှိကာ ကိုယ့်ရဲ့သီချင်းခွေကို ထုတ်ပေးမှာဖြစ်သည်။ တဲ . . . ။ အဲဒီလောက် မက်မောစရာကောင်းသော အခွင့်အရေး ရှိပါဦးမလား။

ထိုရက်ပိုင်းအတွင်းမှာ နွေဝေတို့ အုပ်စုကလေးအတွင်းမှာ လှုပ်လှုပ်ရှားရှားတွေဖြစ်ကာ တက်ကြွချင်တိုင်း တက်ကြွနေတော့သည်။

"ငါတို့အုပ်စုကလေးကို နာမည်တစ်ခုပေးရတော့မယ်၊ ပြီးရင် လျှောက်လွှာသွားတင်ကြစို့ . . . ၊ ဒီပွဲဟာ ငါတို့အတွက် အကြီးကျယ်ဆုံး အိပ်မက်ပဲနော်၊ ငါတို့ရဲ့

www.burmeseclassic.com



အောင် လုပ်မယ် . . . အစွမ်းကုန် မီးကုန်ယမ်းကုန် ကြိုးစားမယ်၊ ရှိသမျှ power တွေ အကုန်ထည့်ထားကြ . . . ဟုတ်ပြီနော်"

"ငါ စိတ်ကူးတစ်ခုရတယ် . . . ငါတို့အဖွဲ့ကို 'HOPE' လို့ပေးရင်ရော"

"ငါက 'beautiful dreamers 'လို့ ပေးမလားလို့"

"ငါက FRUIT CAKE"

"ငါက Faith"

စသဖြင့် . . . လေးယောက်စလုံးဆီမှ တစ်ယောက်တစ်မျိုးစီ အသံတွေ ထွက်လာခဲ့သည်။ နောက်ဆုံးတော့ မဲစနစ်ဖြင့် ရွေးချယ်လိုက်တော့ 'HOPE' ဆိုသောနာမည်ကလေး ထွက်လာသည်။ HOPE အဖွဲ့နှင့်ပင် ပြိုင်ပွဲဝင်ဖို့ လျှောက်လွှာတင်လိုက်ကြသည်။ ထိုနေ့ကစပြီး သူတို့ နေ့စဉ်နှင့်အမျှ ရှုးနေကြတော့သည်မှာ ပြိုင်ပွဲစခေါ်သည့်နေ့အထိ ဖြစ်





သည်။ ပြိုင်ပွဲ စတင်ကျင်းပသည့် Hotel ဝင်းထဲမှာ လူငယ်တွေ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။ နွေဝေတို့လေးယောက်သား နှလုံးခုန်သံတွေ ဆူညံစွာဖြင့် ခန်းမထဲမှာ ကိုယ့်အလှည့်ကို စောင့်ဆိုင်းနေရချိန်ဖြစ်သည်။ နွေဝေတို့ နံပါတ်က ပထမအသုတ်၏ (၉) ဖြစ်သည်။

နံပါတ် (၈) ညွှန်းစေ . . . ဟု ပြိုင်ပွဲ အခန်းထဲခေါ်သွင်းပေးရသူ၏ ခေါ်သံကြောင့် နွေဝေ့နှလုံးသားထဲဒိုင်းခနဲ တစ်ချက်မြည်သွား၏။ နေစမ်းပါဦး . . .။ ဒီကောင့်ကို မမြင်မိပါဘူး . . .။ ဒီကောင်က ဘယ်ချောင်ကနေ ပေါက်ချလာရတာလဲ။ နွေဝေတို့တစ်စုလုံး ငြိမ်သက်သွားကာ ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေလိုက်မိကြသည်။ လည်သာဂျာကင်အညိုဖျော့မှိုင်းမှိုင်း ခါးတိုနှင့် ဂျင်း(န်)ပဲန်ဝတ်ထားသော နွေဝေ့ အချစ်တော်ကြီးက ချောင်တစ်ချောင်ကနေ ဖြုန်းခနဲ ခုန်ထွက်လာကာ ခန်းမ၏ ဘံခါးပေါက်ဆီသို့ ခပ်မတ်မတ် လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ နွေဝေတို့ဘက်သို့ ယောင်လို့မှ လှည့်မကြည့်သွားခဲ့ပါ။

◆◆◆◆◆



အခန်းထဲ ဝင်လာခဲ့သည်နှင့် တစ်ခန်းလုံး အေးစိမ့်နေသော Air-con ကြောင့်လား မသိ။ သူ့လက်ဖျား ခြေဖျားတွေ အေးစက်ထုံကျဉ်လာကာ ရင်တလှပ်လှပ်ခုန်လာသည်။

အခန်းထောင့်တစ်ဘက်ရှိ စားပွဲရှည်၏နောက်မှာ သူ အလွန်ကြောက်သော နာမည်ကြီး အဆိုတော် သုံးယောက်ထိုင်နေကြသည်။ ကိုယ် အထင်ကြီးလေးစားသော၊ အခုလောလောဆယ်မှာ ပရိသတ်နှင့် ရင်ဘတ်ချင်း ညီညွတ်မှုတစ္စာနိုးသတ်ကို ဖမ်းစားထားနိုင်သော အကျော်အမော်သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို အရှင်လတ်လတ် မျက်နှာချင်းဆိုင် တွေ့နေရသဖြင့် သူ့စိတ်တွေ ရုတ်တရက် စုစည်းလို့မရအောင် လှုပ်ရှားလျက်ရှိသည်။

"ကဲ . . . နာမည်ပြောပါဦး"

Rocker မမက အပြုံးဖြင့် စ၍မေးသည်။

"ကျွန်တော် ညွန့်စေပါ . . ."

"ညီလေးရဲ့ အိပ်မက်က ဘာလဲ . . ."

Hip Hop အဆိုတော်က ခပ်ပြုံးပြုံး စိတ်ဝင်တစား မေး၏။

"ကျွန်တော် သီချင်းတွေ အများကြီး ဆိုပြချင်ပါတယ်၊ ဆိုပြခွင့်ရတဲ့ အဆိုတော်တစ်ယောက်ဖြစ်ချင်ပါတယ်"

"OK! good တယ်၊ ဘာသီချင်းဆိုမှာလဲ"

"အလင်းရောင် . . ."

"ဆိုဗျာ . . ."





သူ မိုက်(ခ်)ကို ကိုင်ကာ စိတ်ကိုသွင်းလိုက်သည်။ လေးဖြူ၏ အလင်းရောင်သီချင်းကို သူ ဆိုညည်းမိသည်မှာ ဘယ်နှကြိမ်မှန်းရေတွက်လို့ပင် မနိုင်တော့ . . .။ သူ့အသံသည် ကြည်လင်ပီသစွာ ထွက်ပေါ်လာသည်။ အဆိုတော်သုံးယောက်က စိတ်ဝင်တစား ငြိမ်သက်စွာ နားထောင်နေကြသည်။ သူတို့၏ မျက်ဝန်းတွေ တောက်ပလျက်ရှိသည်။ နှုတ်ခမ်းများက ပြုံးနေကြသည်။ သီချင်းပြီးသွားချိန်မှာ Rocker မမက စတင်ပြီး . . .

"အိုး . . . တကယ်ကောင်းပါလား၊ မင်းအသံမှာ အင်အားရှိတယ်၊ ပြီးတော့ မင်းသီချင်းဆိုတတ်တယ် . . ."

ဟု . . . မှတ်ချက်စပေးသဖြင့် သူ မြောက်တက်သွား၏။

"သန့်(စ်) မမ . . ."

"မင်းမှာ talent ရှိတာကို ကိုယ် မြင်နေရတယ် ညွန့်စေ၊



www.burmeseclassic.com

www.burmeseclassic.com



ကြိုဆိုပါတယ် . . .၊ မင်းရဲ့ ဆိုဟန်ဆိုပေါက်က ကိုယ်ပိုင်ဟန်ရှိတယ်၊ professional ဖြစ်တယ်၊ OK . . . သူငယ်ချင်း"

Hip Hop အဆိုတော်က ချီးမြှောက်သည်။ Pop အဆိုတော်က . . .

"ကြိုက်တယ် ကိုယ့်လူ . . . မင်း တကယ်မိုက်တယ်၊ ဒီနေ့ နားထောင်ပြီးတဲ့ ရှစ်ယောက်ထဲမှာ မင်း အကောင်းဆုံးပဲ"

ဟု . . . ရိုးသားစွာ ပြောလိုက်သောအခါ သူ့သွေးတွေ နားထင်အထိ တက်ဆောင့်သွားတော့၏။

"OK ... 3 YES နဲ့ မင်းကို pass ပေးတယ် . . . ထပ်ဆုံကြစို့"

သူ ဟေးခနဲ ခုန်ပေါက်မြူးထူးစွာ အခန်းထဲမှ ပြေးထွက်လာခဲ့သည်။ တံခါးဝမှာ နွေဝေနှင်းဆီတို့ အုပ်စုကို





တွေ့လိုက်ရသည်အထိ သူ အပျော်တွေနှင့် မြှောက်ကြွမှုတွေကို မထိန်းသိမ်းနိုင်သေး။ နွေဝေနှင်းဆီကိုတောင် သူ ရယ်ပြမိခဲ့သလိုပင် . . .။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါက အဖွဲ့ကလေးပါလား ... ပြောပါဦး နာမည်လေး"

"HOPE ... ပါ"

"ဆိုပါဦး ... မင်းတို့ရဲ့ HOPE က ဘာတဲ့လဲ"

"ကျွန်တော်တို့ ဂီတလောကထဲ ခြေစုံပစ်ဝင်ချင်ပါတယ်၊ ပရိသတ်နဲ့ ရင်ခုန်သံတွေ တစ်သားတည်းကျဖို့က ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ပါ"





"ကောင်းပြီ ... ဘာသီချင်း ဆိုမှာလဲ၊ သီချင်းလေး နားထောင်ရအောင်"

"ကျွန်တော်တို့ Black Hole ရဲ့ သနပ်ခါးသီချင်းဆိုပါမယ်"

"OK! ... နားထောင်မယ်ဗျာ"

နွေဝေတို့လေးယောက် တိုက်ထားပြီးသည့်အတိုင်း အလှည့်ကျစီ ဆိုသွားကြသည်။ ဂီတ၏ ညှို့ငင်မှုအောက်မှာ နွေဝေတို့၏ HOPE အဖွဲ့ကလေးက မျှော်လင့်ချက်အပြည့်ဖြင့် တက်ကြွယစ်မူးစွာ အိပ်မက်တွေကို ရင်ဘတ်ထဲမှာ အပြည့်၊ လက်သီးဆုပ်နှစ်ဖက်ထဲမှာ အပြည့်ထည့်ဆုပ်လျက် ...။

"ဒီနေ့ နားထောင်ရတာ တယ်မိုက်ပါလား ... တကယ့် ကျောက်ရိုင်းကလေးတွေပဲနော်၊ သိပ်သွေးဖို့တောင် လိုမယ် မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



Rocker အဆိုတော်မမက အားရရွှင်လန်းသံဖြင့် ပြောလိုက်လျှင် နွေဝေ့ဘယ်ဘက်ရင်အုံကလေးမှာ တလှပ်လှပ် ခါသွား၏။ HIP HOP အဆိုတော်က ကျေကျေနပ်နပ်ပြုံးကာ . . .

"ခင်ဗျားတို့ အုပ်စုကလေးကို ကျွန်တော် သဘောကျကယ်ဗျာ၊ သူငယ်ကလေးတွေ အရမ်းညီတယ်၊ HOPE ဆိုတဲ့ အဖွဲ့နာမည်နဲ့လည်း လိုက်တယ်၊ မိန်းကလေးတစ်ယောက် ပါသေးသလားလို့"

နွေဝေက လက်ဖဝါးကလေးမြှောက်ပြလိုက်ကာ. . .

"နွေဝေက မိန်းကလေးပါ . . . နွေဝေနှင်းဆီ"

"နာမည်က အလန်းစားပါလား ဆရာ . . . OK! တွေ့ရတာ ဝမ်းသာပါတယ် နွေဝေနှင်းဆီ"

Pop အဆိုတော်က . . .





"HOPE ဆိုတဲ့ အဖွဲ့ကလေး ရှင်သန်လာဖို့ ကျွန်တော်မျှော်လင့်ပါတယ်၊ ဗျားတို့မှာ ညို့မာတ်တစ်မျိုးရှိတယ်၊ MYANMAR IDOL ဖြစ်မလာဘူးလို့ မပြောနိုင်ဘူးနော်၊ ကြိုက်တယ်ဗျာ . . ."

ဟု . . . လှိုက်လှိုက်လှဲလှဲ မှတ်ချက်ပေးသည်။ နွေဝေတို့လေးယောက် တစ်ယောက်လက်တစ်ယောက် ခပ်တင်းတင်း ဆုပ်ထားကြကာ Judge အဖွဲ့၏ အဆုံးအဖြတ်ကို ရင်တဖိုဖိုဖြင့် စောင့်နေကြ၏။

"YES! . . ."

"YES! . . ."

"YES! . . ."

"အား . . ."

နွေဝေသည် ခုန်ပေါက်အော်ဟစ်ကာ လေးယောက်သား ပခုံးတွေဖက်လျက် ခန်းမထဲကနေ ပြေးထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။ နွေဝေတို့၏ အိပ်မက်ဆီသို့ ခြေလှမ်း အစသည် အလွန်လှပစိတ်လှုပ်ရှားဖွယ်ကောင်းနေခဲ့ပါသည်။

◆◆◆◆◆



အဲဒီနေ့ကစပြီး နွေဝေတို့ 'HOPE' အုပ်စုကလေးသည် စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်၊ အိပ်မက်တော့လည်း ဒီအိပ်မက်ပဲ ထပ်ကာတလဲလဲ မက်ကာ နှုးသွပ်ချင်တိုင်း ရှူးသွပ်နေကြသည်။ ပြိုင်ပွဲဝင်တွေ စုစုပေါင်း နှစ်ရာကျော်ရှိသည့်အနက်ကနေ အယောက်နှစ်ဆယ့်တစ်ယောက်ကိုသာ ထပ်ရွေးချယ်လိုက်ကြပြီး အဆိုတော်သုံးယောက်က သူတို့စိတ်ကြိုက် ခုနစ်ယောက်စီ ရွေးချယ်ခဲ့ဝေယူ လိုက်ကြရာ နွေဝေတို့အုပ်စုက HIP HOP အဆိုတော်၏



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုထဲ ရောက်သွားခဲ့သည်။ သတင်းအရ ညွန့်းစေကတော့ ROCKER မမအုပ်စုထဲ ပါသွား၏။ ဒီ နှစ်ဆယ့်တစ်ယောက်ကို အသီးသီး စခန်းသွင်းလေ့ကျင့်ပြင်ဆင်ဖို့ တစ်ပတ်တိတိ အချိန်ပေးထားကာ တစ်ပတ်ပြည့်သည်နှင့် ပြိုင်ပွဲပြန်စမည် ဖြစ်သည်။

အဆိုတော်က နွေဝေတို့အားလုံးကို သူ့ခြံကျယ်ကျယ်ထဲရှိ Studio ထဲ ဖိတ်ခေါ်ခဲ့သည်။ အဲဒီခုနစ်ယောက်ထဲက မှ ဆန်ကာတင် သုံးယောက်စီကိုပဲ အဆိုတော်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ပြန်ရွေးထုတ်မှာဖြစ်သည်။ SEMI-FINAL ပြိုင်ပွဲကို HOTEL NIKKO မှာ စတင်၍ ကျင်းပတော့မှာ ဖြစ်သည်။ SEMI-FINAL မှာ Public Vote ဖြင့် သုံးယောက် သာ ပြန်ရွေးပြီး FINAL ကျမှ MYANMAR IDOL တစ်ယောက် တည်းကို ပရိသတ်ကရွေးချယ်ပေးသည့် မဲစနစ် Public Vote ဖြင့်ပင် အဆုံးအဖြတ်ပေးမှာဖြစ်သည်။





HIP HOP အဆိုတော်က နွေဝေတို့လို GROUP အဖွဲ့လိုက်တွေကို ရွေးချယ်ထားသည်။

"ကဲ . . . ကိုယ်ကတော့ မင်းတို့ထဲက one group တစ်ခုကို MYANMAR IDOL အဖြစ် မြင်ချင်တယ်နော်၊ ကြိုးစားစမ်းကွာ . . . ၊ မီးကုန်ယမ်းကုန်နော်၊ မင်းတို့ရဲ့ ဘဝကို ပြောင်းလဲပစ်မှာ . . . ကြားလား၊ မင်းတို့ဆီမှာ လိုအပ်နေတာတွေကို ကိုယ်က ဖြည့်ဆည်းပေးမယ်၊ အကြံဉာဏ်တွေပေးမယ်၊ သီချင်းတွေ ရွေးပေးမယ်၊ မင်းတို့ဘက်က လိုအပ်တာမှန်သမျှ ကိုယ့်ကို ပွင့်ပွင့် လင်းလင်း ပြောလို့ရတယ် . . . ကြားလား"

အဲဒီလိုနှင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ အေးအေးဆေးဆေး တွေ့ဆုံကာ စိတ်တိုင်းကျ အကြံဉာဏ်တွေလည်း ပေးသည်။ နွေဝေတို့အုပ်စုတလေးနှင့် တွေ့တော့လည်း တရင်းတနှီး။

"မင်းတို့ကို ကိုယ် တစ်ခုလောက် အကြံပေးချင်လို့ကွ



www.burmeseclassic.com

ကိုယ့်ဆီမှာ group တွေအားလုံးက ယောကျ်ားလေး အဖွဲ့တွေချည်းပဲများတယ်၊ မိန်းကလေး group တစ်ခု ပါတယ်ကွာ၊ ဒါပေမယ့် ကိုယ် စိတ်ဝင်စားနေတာက မင်းတို့ရဲ့ HOPE အဖွဲ့မှာ နွေဝေနှင်းဆီက မိန်းကလေး ဖြစ်နေရက်နဲ့ ယောကျ်ားလေးလိုဝတ်ပြီး ဆိုနေတာ ထက်စာရင် ပီပီပြင်ပြင် မိန်းကလေးတစ်ယောက်ပုံစံ ပြောင်းလိုက်ရင် ပိုပြီး စိတ်ဝင်စားစရာကောင်းလာ မလားလို့၊ နွေဝေ့ကို တစ်ခုမေးချင်တယ်၊ ပွင့်ပွင့်လင်း လင်း မေးမှာနော် ..၊.. စိတ်မဆိုးကြေး"

"မေးပါ ကို (-----)"

"နွေဝေက ယောကျ်ားလေးစိတ်လား . . . မိန်းကလေး စိတ်လားလို့"

အားလုံး ဝိုင်းရယ်ကြသဖြင့် နွေဝေပါ အောင့် သူ့ကိုချစ်သဖြင့် ရယ်မောလိုက်ရသည်။ ရှက်သွားမိသလို





ပါးပြင်နှစ်ဖက်မှာ ပူနွေးရှိန်းမြသွားသော ဖီလင်ကို ခံစားရ လေသည်။

"ကို . . .၊ ရအောင်မေးပေးပါ ကို . . . ရာ၊ သူ ကျွန်တော်တို့နဲ့ ပေါင်းလာတာ ကြာလှပြီ၊ အဲဒီမေးခွန်း ကိုမေးရင် သူ ဘယ်တော့မှ မဖြေဘူး၊ ဝေ့လည်ကြောင် ပတ်ကြီး လုပ်နေတယ်"

ဒေင်က အချွန်နှင့် ဝင်မနေသေးသည်။ ကို . . . က . . .

"ကိုယ်က နွေဝေ့ကို ဖွတ်အတင်းအကြပ်ကြီး ခိုင်းတာ တော့ မဟုတ်ဘူးနော် နွေဝေ၊ ကိုယ့် idea ကလေးရလို့ ပရိသတ်အတွက် ပိုပြီးတော့များ စိတ်ဝင်စားစရာ ကောင်းသွားမလားလို့ပါ၊ group တွေဆိုရင် မိန်းကလေး ဆိုလည်း မိန်းကလေးချည်းပဲ နှစ်ယောက်တွဲ၊ သုံး ယောက်တွဲတာ များတယ်၊ ယောကျ်ားလေးဆိုရင်လည်း

www.burmeseclassic.com



ယောကျ်ားလေးချည်းပဲ စုတာ များတယ်၊ 'HOPE' အဖွဲ့ကလေးကျတော့ ထူးထူးခြားခြား မိန်းကလေးတစ်ယောက် ပါလာတာကို ကိုယ်က စိတ်ဝင်စားတာပါ။ ပြီးတော့ နွေဝေက လှတယ်ကွာ၊ မျက်ခုံးမျက်လုံးကလေးတွေ အရမ်းထင်းတယ်၊ အဲဒါကို cap ဦးထုပ်ကြီးနဲ့ ဖုံးထားမယ့်အစား ဖွင့်ပြလိုက်မယ်ကွာ၊ HIP HOP မိန်းကလေးတစ်ယောက် Style ပြောင်းပစ်လိုက်စေချင်တာ၊ အဲဒါဆိုရင် အရမ်းလန်ထွက်သွားမယ်၊ နွေဝေက ပရိသတ်ကို ဖမ်းစားမယ့် အဓိကဖြစ်သွားမယ်၊ ဘယ်လိုသဘောရလဲ နွေဝေ . . . နွေဝေက strong ယောကျ်ားလျာကလေးဆိုရင်တော့ ဆောရီးပဲကွာ၊ ကိုယ် တောင်းပန်ပါတယ်"

နွေဝေ လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့လေသည်။

"နွေဝေက strong ယောကျ်ားလျာ မဟုတ်ပါဘူး





ကို . . . ရာ၊ ယောကျ်ားလေးတွေနဲ့ပေါင်းပြီး ယောကျ်ားလေးတစ်ယောက်လို လွတ်လပ်ပေါ့ပါးစွာ နေရတာကို ကြိုက်နေတာပါ . . ."

ဟု . . . မပွင့်တပွင့် ဝန်ခံလိုက်ရသည်။ သူများသာဆိုရင်တော့ ဝန်ခံမိလိမ့်မည် မဟုတ်။ ခုတော့ နွေဝေတို့ အိပ်မက်ကိစ္စအတွက် အဓိကပြောင်းလဲရမည့် အပြောင်းအလဲအချိန်ကလေးဆိုတာကိုလည်း သဘောပေါက်လိုက်မိသောကြောင့် ဖြစ်သည်။

"OK! နွေဝေ့ဘက်က အေးဆေးဆိုရင် နွေဝေ့ကို ပုံစံပြောင်းပေးဖို့ ကိုယ့်ရဲ့ ဒီဇိုင်နာရှိပြီးသားပါ၊ သူ အားလုံး တာဝန်ယူပေးလိမ့်မယ်၊ နွေဝေ့ဘက်က ခေါင်းကလေးသာ ညိတ်လိုက်ရုံပဲ"

ဘော်ဒါတွေအားလုံး၏ အကြည့်က နွေဝေ့ထံသို့ အောခနဲ စုပြုံရောက်ကျလာသည်။ နွေဝေ လေးလေးနက်နက်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပါသည်။ မိန်းကလေးဖြစ်ပြီး မိန်းကလေးလို လုံးဝ မဝတ်ခဲ့တာ ဘယ်လောက်ကြာပြီလဲ . . .။ ကိုယ့်ကိုယ်ကိုယ် ယောကျ်ားစိတ်ပေါက်နေသော ယောကျ်ားလျာတစ်ယောက် လားဟု အကြိမ်ပေါင်းများစွာ မေးကြည့်ဖူးသည် . . .။ ဟင့်အင်း . . . အဲဒီလိုကြီး မဟုတ်တာ သေချာပါသည်။ ယောကျ်ားလေးတွေနှင့် ပေါင်းရတာ ပိုပြီး စိတ်လွတ်ကိုယ် လွတ် ရှိသောကြောင့် ဖြစ်သည်။ အဲဒီတော့ နွေဝေ ကိုယ့်ကိုယ် ကိုယ် ပြန်မေးသည်။ နွေဝေ ဘာဖြစ်ချင်တာလဲ။ အဆိုတော် တစ်ယောက် ဖြစ်ချင်တာပါ။ ထိုအဆိုတော်သည် ယောကျ်ား လျာကလေးပုံစံ ဘဝနှင့်လား၊ မိန်းကလေးတစ်ယောက်ပုံစံ အဖြစ်နှင့်လား။ မျက်စိထဲမှာ မြင်យောင်ကြည့်မိသည်။ အကယ်၍ နွေဝေတို့၏ 'HOPE' အဖွဲ့ကလေးသည် MYANMAR IDOL ဖြစ်သွားခဲ့ပြီဆိုပါတော့။ နွေဝေ၏ သွင် ပြင်ပုံစံသည် ပရိသတ်တွေက 'နွေဝေနှင်းဆီ'ဟာ ဒီလိုပုံစံပါ





လားဟု စွဲမြဲစွာ လက်ခံလိုက်တော့မှာဖြစ်သည်။ အဲဒီနောက် မှာ နွေဝေ ပုံစံပြောင်းဖို့ သိပ်မလွယ်။ ယောကျ်ားလျာကလေး ပုံစံနှင့် အောင်မြင်သွားပြီးကာမှ တစ်ချိန်ချိန်မှာ မိန်းကလေး တစ်ယောက်ပုံစံ ပြောင်းလဲလိုက်လျှင် ပရိသတ်ကို လိမ်ရာ၊ လှည့်စားရာ ရောက်မှာကိုလည်း စိုးသည်။ အဲဒီတော့ နွေဝေ့ အတွက် ခုချိန်မှာ အပန်းမကြီးသေးဘူးဆိုလျှင် . . .။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com









# အခန်း — ၅



www.burmeseclassic.com

www.burmeseclassic.com



When it is dark enough,

you can see the stars.

Ralph Waldo Emerson, 1803-1882

အမှောင်ထု လုံလောက်လာပြီဆိုရင်တော့

ကြယ်တွေကို မြင်နိုင်ပါတယ် ---



အဲဒီအချိန်တုန်းက သူက ရေခဲမပါသော သံပုရာရည်ခွက်ကို ကိုင်လျက် မော့နေချိန်ဖြစ်သည်။ ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ထိုင်နေခဲ့ခြင်းကြောင့် အခန်းတံခါး လှပ်ခနဲ ပွင့်ဟလာတာ သူ တစ်ခါမှ မမြင်ဖူးသော မိန်းကလေးတစ်ယောက် အခန်းထဲသို့ ဝင်လာခဲ့ခြင်းကို အစအဆုံး လှမ်းမြင်ခွင့်ရခဲ့ပါသည်။ တစ်ခေါင်းလုံးကို ကျစ်ဆံမြီး သေးသေးတလေးတွေ ကျစ်ထားကာ ကျစ်ဆံမြီးတစ်ချောင်းစီမှာ အပြာရောင်၊ ရွှေညိုရောင်၊ နီညိုရောင် . . . စသဖြင့် High Ligh



www.burmeseclassic.com

www.burmeseclassic.com



တွေ တင်ထားသည်။ မျက်နှာကလေးက ရှင်းကြည်ပြီး တီရှပ် ကိုယ်ကြပ်ကလေးနှင့် ကိုယ်ကြပ် tight အနက်ကလေးပေါ် ကနေ ဂျင်း(န်)စကတ်အတိုကလေး ဝတ်ထားသော လန်ထွက် နေသည့် ဒီဇိုင်းနှင့် ထိုမိန်းကလေးကို အမြင်မှာ သူ ရုတ်တ ရက် သံပုရာရည်တွေ သီးနင်သွားတော့သည်။ ဘုရားရေ . . .။ ဘယ်သူများလဲလို့ . . .။ နွေဝေနှင်းဆီပဲ . . .။ သူမက သူ သီးနေတာကို တမင်သက်သက် ရှော့(ခ်)လာရိုက်နေသည် ဟု ထင်သွားကာ နားမှာတပ်ထားသော ငွေရောင်လက် ကောက်လောက်ရှိသည့် နားကွင်းကြီးတွေ လှုပ်ခါသွားအောင် ခေါင်းကို ဆတ်ခနဲခါလျက် . . .

"ဟော့ရောင် . . . ဘာလဲ . . . မင်းက ဘာနင်တာ လဲ၊ ပြဿနာရှာတာလား၊ နာချင်လို့လား . . ."

ထိုအသံကတော့ လုံးဝ (လုံးဝ) မပြောင်းလဲသေး ချေ။ နှုတ်ခမ်းကလေးက gloss ပန်းရောင်အရွဲစားကလေး





စိုလက်နေသောကြောင့် ကြည့်လို့ကောင်းတာတော့ အမှန်ပင်။ နေစမ်းပါဦး . . .။ ဒီငနဲမ ဘယ်သူ မြှောက်ပေးလိုက်လို့ ဒီဇိုင်းတွေဘာတွေ ပြောင်းကုန်ရတာပါလိမ့်။ ကျားသားမိုးကြိုး ဗျာ . . .။ သူက ပခုံးတစ်ချက်တွန့်လိုက်ကာ . . .

"ဘာလဲ . . . ဘာတွေလာရမ်းနေတာလဲ၊ အနေသာ ကြီးပါကွာ၊ ငါ့ဘာသာ ငါ အံ့ဩလို့ သံပုရာရည်သီးတာ တောင် သီးခွင့်မရှိတော့ဘူးလား၊ မင်းဆီမှာ လိုင်စင်ယူ နေရဦးမှာလား၊ ဘလိုင်းကြီး လာရစ်နေပြန်ပြီ . . ."

သူ ပြောသာပြောနေသော်လည်း မျက်လုံးတွေ က သူမထံကနေ ရုတ်သိမ်းလို့ကိုမရ။ အံ့ဩလွန်းစွာ ညို့ငင်ခံ ရသလို ဖြစ်နေသည်။

"အေး . . . အဲဒါဆိုရင် နင် ဘာဖြစ်လို့ ငါ့ကို ရှော့(ခ်) ရိုက်သလို ပြူးတူးပြဲတဲနဲ့ လာကြည့်နေရတာလဲ၊ မကြည့် နဲ့ . . . လုံးဝ ကြည့်စရာ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမျက်နှာက အလိုလိုနေရင်း ရှက်ကိုးရှက်ကန်းနိုင်စွာ ရှက်သွေးလဲ့လဲ့ စွန်းထင်နေသောကြောင့် သူ ပို၍ မျက်လုံးမလွှဲနိုင်တာလည်း ဖြစ်ပါလိမ့်မည်။ ဒီမျက်နှာကို သူ အမြဲ တွေ့ဖူးနေကျပါ။ တစ်ခါတစ်ရံ မျက်နှာချင်းဆိုင်လျှင်တောင် သူမကို အမြင်ကတ်လွန်းသောကြောင့် မျက်နှာကိုပင် သေချာ မကြည့်မိပါ။ ခုတော့ လွဲပစ်လိုက်လျှင်လည်း နောက်တစ်ကြိမ် ပြန်ကြည့်ချင်နေသည်မှာ တော်တော်တော့ ထူးဆန်းနေပြီ။

"ကြည့်ချင်လွန်းလို့ ကြည့်တာ မဟုတ်ဘူးကွာ၊ မျက်စိရှေ့မှာ ကြည့်ချင်စရာဖြစ်အောင် ပြင်ဆင်ဖန်တီးထားတော့လည်း၊ အားပေးတဲ့အနေနဲ့ ကြည့်မိတာ ... ဘာဖြစ်လဲ"

"ဟေ့ရောင် ... မင်းကို ငါလာထိုးမှာနော်၊ မင်း မျက်နှာကြီး ဟိုဘက်လှည့်ထား၊ ငါ့ကို လုံး၀ မကြည့်နဲ့





ကြည့်တာနဲ့ မင်း နာပြီမှတ်"

နွေဝေနှင်းဆီက ညော်ခန်းထဲရှိ အံဆွဲတစ်ခုထဲမှ သားရေကွင်းထုတ်ကြီး သွားထုတ်ယူလာကာ သူ မတော်တဆ ဖျတ်ခနဲ ကြည့်မိတာနှင့် သားရေကွင်းစာမိကာ ဖျဉ်းခနဲ စပ် သွားသဖြင့် သူ တအားအား အော်ရင်းဟစ်ရင်းကပင် အသားအနာခံပြီး သူမကို မကြည့်ဘဲ မနေနိုင်။

"လှလည်း မလှဘူး ... ဘာနဲ့တူမှန်းကို မသိတာ"

"လှစရာ မလိုဘူး ... နင့်အတွက် ငါ ပြင်လာတာ မဟုတ်ဘူး၊ မရှည်နဲ့ ... ပါးစပ်ပိတ်ထား၊ ရှပ်(ထ်)အပ်(ပ်)"

"အား ... စပ်တယ်ကွ၊ မင်း သားရေကွင်းတွေ တော်တော့နော်၊ ငါ ပြန်ပစ်ရင် အဆိုးမဆိုနဲ့"

သူတို့နှစ်ယောက် စစ်ခင်းနေကြတုန်းမှာ အမေစ်ယောက် ပြန်ရောက်လာကြသည်။ နွေဝေ့ပုံစံကို



www.burmeseclassic.com

www.burmeseclassic.com



မြင်သည်နှင့် အန်တီသလင်းနှင်းဆီမှာ မျက်နှာတစ်ခုလုံး လင်းဖြာလက်လျက်၊ ရင်ဘတ်ကလေးဖိကာ . . .

"အမလေး . . . ကြည့်စမ်း၊ ငါ့သမီးလေး ဘယ်လိုဖြ[ူ] ပြီး ပြောင်းလဲသွားတာလဲ၊ ဒါ ဘယ်သူ ပြောင်းလဲပေ[း] လိုက်တာတုံး ဟင် . . . မောင်မင်းကြီးသား တော်[ရှ] တင်လိုက်တာ"

ဟု . . . အံ့ဩဘနန်းနှင့် ရေရွတ်လျက် နွေဝေ ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ခပ်တင်းတင်း ဖက်ထားလိုက် ရင်း အန်တီ့မျက်ဝန်းအကြည့်တွေက သူ့ထံ ဒိုင်းခနဲ ရောက်[ရှိ] လာသည်။

"အန်တီ . . . ကျွန်တော်နဲ့ ဘာမှ မဆိုင်ဘူးနော်၊ သူ ဘာသာသူ ပြောင်းလာတာ"

သူက အကြောင်းကြောင်းနှင့် ငြင်းလိုက်သော ကြောင့် မေမေက သူ့ကို မျက်စောင်းကြုတ်၊ မျက်ရိပ်ပြသည်





နွေဝေ့၏ မျက်စောင်းက ကျည်ဆံတစ်ထောင့်လို ပြေးဝင်လာ သည်။

"အောင်မယ် . . . ပြောရဲသေးတယ်၊ ငါက ဘာကိစ္စ မင်းကြောင့် ပြောင်းလဲရမှာလဲ၊ ဘာဆိုင်လို့လဲ၊ လာပြီး ရောရောရှိန့် သပွတ်အူ လာမလုပ်နဲ့နော်၊ နှစ်ခြမ်းဖြစ် သွားမယ်"

"ပြောပါဦး နွေဝေရယ် . . . သမီး ခုလိုလေး ပြင်လာ တာ ကြည့်လို့ကောင်းလိုက်တာ၊ ဘယ်သူ့ကြောင့် ပြောင်း လဲပစ်လိုက်တာလဲ . . ."

မေမေက သူသိချင်နေသော မေးခွန်းကို စိတ်ဝင် တစားပင် မေးပေးဖော်ရ၏။ နွေဝေက မနေတတ်၊ မထိုင် တတ်သလို အူကြောင်ကြားကြီး ဖြစ်နေလျက် . . .

"ဒီလိုပါပဲ အန်တီသစ္စာရာ၊ လူဆိုတာ ပြောင်းလဲချိန် တန်ရင် ပြောင်းလဲနိုင်ဖို့ သတ္တိရှိရမှာပေါ့၊ စွန့်စားရဲရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ . . . ၊ နွေဝေက MYANMAR IDOL အသေအလဲ ဖြစ်ချင်နေတယ်လေ၊ ဖြစ်အောင်လည်း အသည်းအသန် ကြိုးစားယူမှာပဲ၊ အဲဒီအတွက် နွေဝေ့ဘက်က ပုံစံပြောင်းဖို့ အဆိုတော် ကို . . . က အကြံပေးတာနဲ့ နွေဝေ့ဘာသာ စဉ်းစားဆုံးဖြတ်ပြီး ပြောင်းပစ်လိုက်တာပါ၊ တစ်ချိန်မှာ ပရိသတ်ရဲ့ ချစ်ခင်မှု အာရုံစူးစိုက်မှုကို ခံယူရမယ့်အခါ နွေဝေ့ဘဝ အစစ်အမှန်အတိုင်းပဲ ဖြစ်ချင်တာကြောင့်ပါ၊ ပြီးတော့ နွေဝေက ယောကျ်ားလေးလို လွတ်လပ်စွာနေပေမယ့် ယောကျ်ားစိတ်ပေါက်နေတာမှ မဟုတ်ဘဲ . . .”

“ဒါဖြင့် မိန်းမစိတ်ပေါ့ . . .”

ထိုမေးခွန်းကို သူက ကလိသလို ဝင်မေးလိုက်ခြင်းကြောင့် နွေဝေက ဒေါက်တစ်ချက်ခတ်ရင်း သူ့ကို ခပ်တင်းတင်း ရှိုးနေလေသည်။





“သားရယ် . . . အသာနေစမ်း၊ ဒီမှာ စကားအကောင်းပြောနေတာ ဝင်မနှောင့်ယှက်စမ်းနဲ့၊ ကောင်းတယ် . . . နွေဝေရယ်၊ သမီးမေမေက သမီးကို မိန်းကလေးတစ်ယောက်ပုံစံ မြင်ချင်နေတာကြာလှပြီ၊ အခု သမီးပုံစံကို မြင်ရတော့ အပျော်ဆုံးလူဟာ သလင်းပဲဖြစ်လိမ့်မယ်”

“ပြောမနေနဲ့တော့ . . . နွေဝေရေ၊ မေမေဖြင့် ပျော်လွန်းလို့ မျက်ရည်တောင်ကျချင်ပြီ”

“ဟာကွာ . . . နွေဝေ့ကိုပဲ အားလုံးက အဲဒီအံ့ဩနေတဲ့ မျက်လုံးကြီးတွေနဲ့ ဝိုင်းကြည့်နေတော့ နွေဝေ မနေတတ်တော့ဘူး . . . လစ်တော့မယ်”

နွေဝေသည် ရှက်ကိုးရှက်ကန်းကြီးပြောကာ ထပ်ခိုးပေါ်သို့ တဒိုင်းဒိုင်း ပြေးတက်သွားလျက် Studio ခန်းကလေးထဲ ဝင်သွားခဲ့သည်။ အဲဒီနောက်တော့ ဒရမ်(မ်)



www.burmeseclassic.com

www.burmeseclassic.com



တီးခတ်သံသည် တစ်အိမ်လုံး သိမ့်သိမ့်ခါလျက် ထွက်ပေါ်လာခဲ့သည်။ အမေနှစ်ယောက်က တိုးတိုး တိုးတိုးနှင့် ဘာတွေ ပြောနေကြမှန်း မသိ။ သူ့ကို ကြားစေချင်ပုံမရသောကြောင့် ဝရန်တာဆီသို့ သူ ထွက်ခဲ့သည်။ ဘာကြောင့်မှန်းမသိ . . . ။ ပင့်သက်တစ်ချက် သူ့အလိုလို ချမိသွား၏။ ဘာပဲဖြစ်ဖြစ်လေ။ အရှိန်နဲ့ ပြေးနေတဲ့ အရာတစ်ခုကို ရပ်တန့်သွားအောင် ဘယ်လိုအင်အားမျိုးကမှ မတားမြစ်နိုင်စွမ်းပါဘူး။

◆◆◆◆◆



MYANMAR IDOL ပြိုင်ပွဲ၏ SEMI FINAL ရက်က တရွေ့ရွေ့နှင့် နီးကပ်လာခဲ့ပြီ။ နွေဝေလည်း မိန်းကလေးတစ်ယောက်ပုံစံနှင့် အတော်လေး နေသားကျ ပျော်ဝင်လာခဲ့သည်။ ထိုအပြောင်းအလဲအတွက် ပြောင်းလဲခြင်းတွေ တော်တော်များများကိုတော့ နွေဝေ လက်ခံခဲ့ရတာ အမှန်ပင်။ နွေဝေ့ကိုကြည့်သော လူတွေ၏ အကြည့်တွေ ပြောင်းလဲသွားကြသည်။ ယုတ်စွအဆုံး အနီးကပ်တွဲနေသော ဘော်ဒါတွေ၏ နွေဝေ့ကိုကြည့်သော အကြည့်သည် အရင်လိုမဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



တာ သေချာသည်။ ပိုပြီးတော့ နူးညံ့နက်ရှိုင်းလာသည်။ ပိုပြီးတော့ ဦးစားပေး၊ ရှေ့တန်းတင်လာကြသည်။ နွေဝေ့အမိန့်ကို နာခံလာသလိုပင်။ နွေဝေပြောလိုက်လျှင် တစ်ခွန်းတည်းနှင့် အားလုံးပြီးသည်။

ကို . . . ဆီမှာ ရှိနေသော Group ခုနစ်ခုကနေ SEMI FINAL အတွက် သုံးအုပ်စုပဲ ပြန်ရွေးရမည်မို့ ကို . . . ၏ ခြံထဲမှာပဲ ပြိုင်ပွဲကလေး ထပ်ပြိုင်ရသည်။ နွေဝေတ မိန်းကလေးသံနှင့် မိန်းကလေးသီချင်းကိုပဲ မိန်းကလေးလို ဆိုသည်။ အကကို နွေဝေတို့ တိုက်ထားသည့်အတိုင်း ညီညာ မြိုင်ဆိုင်အောင် ကကြရင်း သီချင်းဆိုသည်။ ကို . . . ၏ ဆုံးဖြတ်ချက်အတိုင်း ပြန်ရွေးသော သုံးအုပ်စုတွင် နွေဝေတို့ 'HOPE' ကလေးပါသဖြင့် MYANMAR IDOL ဖြစ်ဖို့ မျှော်လင့်ချက်တွေ တရိပ်ရိပ် ပိုပြင်းပြလာရသည်။

"SEMI FINAL ပွဲကို HOTEL NIKKO မှာ ရှေ့တစ်ပတ်





စလိမ့်မယ်၊ ဒီတစ်ပတ်အတွင်းမှာ Intensively လေ့ကျင့်ကြနော်၊ ပွဲမှာဝတ်မယ့် ဝတ်စုံဒီဇိုင်းကအစ ကိုယ်က sponsor ပေးမှာ၊ SEMI FINAL မှာ သုံးယောက် ပြန်ရွေးမယ်၊ အဲဒီအချိန်မှာ ပရိသတ်ရဲ့ မဲနဲ့ ရွေးမှာဆိုတော့ ကိုယ့်အတွက်လည်း သိပ် အရေးကြီးတယ်၊ မင်းတို့ချင်းတင် ပြိုင်ရမှာ မဟုတ်ဘူး . . . ကိုယ်တို့ Judges တွေအချင်းချင်းလည်း ပြိုင်ရတဲ့ သဘောပဲ၊ ပရိသတ်ရဲ့ မဲအများဆုံးရတဲ့လူဟာ ကိုယ့်လူပဲ ဖြစ်စေချင်တာ ကိုယ့်ရဲ့ အတ္တပဲနော်၊ မင်းတို့ဟာ ကိုယ့်ရဲ့ ဂုဏ်သိက္ခာပဲ"

ဟု ကို . . . ကိုယ်တိုင်က စိတ်လှုပ်ရှားထက်သန်စွာ ပြောနေလေတော့ နွေဝေတို့ စိတ်လှုပ်ရှားမှုမှာ ဆိုဖွယ်မရှိတော့။ ဒီကြားထဲမှာ ပြိုင်ဘက်တစ်ယောက်နှင့်က တစ်အိမ်တည်းနေနေရသည်မို့ သူ့ခြေလှမ်း၊ သူ့သတင်းကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ခြေမပြတ်အောင် အမြဲ မျက်စိဖွင့်၊ နားစွင့်ထားရသည်။ သင်းကလည်း ခေသူမဟုတ် . . . ။ မမ Rocker ၏ Selection ပြန်ရွေးသူ သုံးယောက်ထဲမှာ သူလည်း ပြန်ပါသဖြင့် သူလည်း SEMI-FINAL အထိ တက်ခွင့်ရတော့မည်ဖြစ်ရာ နွေဝေ့၏ ပြိုင်ဘက်ကို အလဲထိုးချင်စိတ်၊ ညစ်ချင်စိတ်ကလေးတွေက အလိုလို ရှင်သန်နိုးကြွလာသည်။ ထို့ကြောင့် သူ့ကို ညစ်ပွဲကလေးတွေ အိမ်မှာ မကြာခဏဆိုသလို၊ မသိမသာ တစ်မျိုး၊ သိသိသာသာတစ်မျိုး လုပ်လေ့ရှိလေသည်။

ဥပမာဆိုပါတော့ . . . ဒီရက်ပိုင်းအတွင်းမှာ ဟင်းချက်သည့်တာဝန်ကို နွေဝေကပဲ စိတ်ကောင်းရှိလေဟန်ဖြင့် volunteer လုပ်ယူကာ ဝက်သားဆို သုံးထပ်သားကိုမှ Pressure Cooker ဖြင့် နူးအိချိုမြနေအောင် ပေါင်းကာ ဝက်စတူးတွေ ချက်ချက်ကျွေး၏။ နွေဝေကိုယ်တိုင်ကတော့ ငါးရံ့ကို သံပုရာသီးနှင့် ပေါင်းကာ အဆီလုံးဝမစားမိအောင်





ရှောင်၏။ သင်းကတော့ အားပါးတရ အားပေးသည်ပင်။ နွေဝေတို့မှာ တစ်ချိန်လုံး လူစုကာ အုပ်စုလိုက် သီချင်းတိုက်လိုက်၊ အကတိုက်လိုက် ရှိချိန်တွင် သူက ဘယ်ပျောက်နေမှန်း မသိရ။ သူက တော်တော်တော့ လျှို့ဝှက်သိုသိပ်စွာ နေနိုင်သည်ဖြစ်ရာ၊ သူ သိုသိပ်လေ . . . နွေဝေက ပိုသိချင်လေ ဖြစ်လာသည်။ သူ့ရဲ့ အခြေအနေ၊ အဆင့်အတန်း ဘယ်လောက်ရှိမှန်း နွေဝေ မခန့်မှန်းနိုင်။ အိမ်မှာ သူ သီချင်းဆိုတာ၊ လေ့ကျင့်တာလည်း နွေဝေ မတွေ့ရ။

တစ်ခါတစ်ရံ သူ့လက်ထဲမှာ စာရွက်တစ်ရွက် ကိုင်လျက် သူ အိပ်ပျော်နေလျှင် နွေဝေသည် စပ်စုချင်စိတ်ဖြစ်လာကာ သူ့အနားသို့ ခြေသံမကြားအောင် ခြေဖျားကလေး ထောက်ကာ ဖွဖွလှမ်းလျက် စာရွက်ကို အသာခိုးယူဖတ်ကြည့်ဖို့ ကြိုးစားမိသည်။ အလွန်အမြင်ကတ်စရာကောင်းသော နွေဝေ့၏ပြိုင်ဘက်က အိပ်နေရင်းကနေတောင် သူ့



www.burmeseclassic.com

www.burmeseclassic.com



သီချင်းစာရွက်ကို ဥစ္စာချောက်နိုင်သူ ဖြစ်သည်။ လက်ထဲမှာ တင်းကျပ်နေအောင် ဆုပ်တွယ်ထားသည်မှာ၊ နွေဝေက နည်းနည်းဆွဲတာနှင့် သူက ခပ်များများ ပြန်ဆွဲယူကာ နီးကြား လွန့်လူးလာသည်။ နွေဝေပြေးဖို့ ကြိုးစားတာ မမီတော့ . . .။ သူက နွေဝေ့လက်ကို အမိအရ ဖမ်းဆုပ်ပစ်လိုက်ကာ . . .

"ဒါက ဘာလုပ်တာလဲ . . . သူခိုးကျင့် သူခိုးကြံနဲ့၊ ငါ့သီချင်းစာရွက်ကို လာခိုးတာပေါ့လေ"

သူ့မျက်လုံးများက ရယ်မောချင်ဟန် လျှောင်ပြောင်ရိပ်ယှက်သမ်းနေသည်။ ဘာကြောင့်မှန်းမသိ . . . အဲဒီခဏမှာတော့ နွေဝေ တော်တော်လေး ရှက်သွားခဲ့ပါသည်။

"အောင်မာ . . . ငါ့ကိုများ ရာရာစစ၊ စွပ်စွပ်စွဲစွဲနဲ့၊ နင့်သီချင်းစာရွက်ကို ဘာကိစ္စ ခိုးရမှာတုန်း၊ သီချင်းများ ငါကိုယ်တိုင် ရေးတတ်တယ် . . . သိလား"

"ဒါဖြင့် ဘာဖြစ်လို့ ငါအိပ်နေတာကို သူခိုးလိုပဲ မဖွယ်





မရာနဲ့ ငါ့နား ချဉ်းကပ်လာရတာလဲ၊ ဘာလဲ . . . ငါအိပ်နေတုန်း ငါ့ကို ခိုးနမ်းမလို့လား"

"ထပ်တရိ . . . ဝေါ့ . . . အတွေးရဲလိုက်တာနော်၊ နင့်မျက်နှာကို ငါက လေနဲ့တောင် မလည်ဘူးမှတ်၊ နင့်လက်ထဲမှာ ကိုင်ထားတာ ငါ့ သီချင်းစာရွက်လားလို့ လာကြည့်တာသက်သက်ပဲ"

"ဟား ဟား ဟား . . ."

သူက မရယ်ချင်ဘဲ ခွက်ထိုးခွက်လှန် ရယ်မောနေသေး၏။ နွေဝေ သူ့ကို ဘာကြောင့် မုန်းနေမှန်းကို မသိ။ သူ့အမူအရာတွေကို ရင်ထဲ အသည်းထဲက ကလီစာတွေ ပြောင်းဆန်ခါးသီးအောင်ပင် မုန်းလေသည်။ လူတစ်ယောက်ကို အမုန်းပြင်းပြင်းဖြင့် မျက်စောင်းထိုးပစ်ရသော အရသာကို အခုမှပဲ နွေဝေ ခံစားတတ်တော့သည်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com









အခန်း — ၆



www.burmeseclassic.com

www.burmeseclassic.com



To keep a lamp burning

we have to keep putting oil in it.

Mother Tersea of Calcutta, 1910-1997.

မီးအိမ်ကို တောက်ပလောင်ကျွမ်းနေစေဖို့အတွက်

ကျွန်ုပ်တို့က လောင်စာဆီ ဖြည့်ပေးနေရမှာပဲ။



ပြိုင်ပွဲနေ့သို့ ရောက်လာခဲ့ပြီ။ ထိုပြိုင်ပွဲကို လူတွေ တော်တော် စိတ်ဝင်စားကြပါသည်။ စိတ်ဝင်စားအောင်လည်း Sponsor လုပ်သည့် ကုမ္ပဏီက အကြီးအကျယ်၊ တခမ်းတနား ပံ့ပိုးပေးခဲ့တာဖြစ်သည်။ ကြော်ငြာအားကလည်း ကောင်းသလို၊ ပြိုင်ပွဲ၏ Semi-Final ပွဲနှင့် Grand Final ပွဲအထိကို ရုပ်မြင်သံကြားအစီအစဉ်ကနေ တိုက်ရိုက် Live ထုတ်လွှင့်ပေးမှာဖြစ်သည်။ အနိုင်အရှုံး အဆုံးအဖြတ်အတွက် ပရိသတ်၏မဲ (Public Vote) ကိုလည်း သတ်မှတ်ထားသော အချိန်တစ်ခု အတွင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖုန်းဖြင့်ဆက်ကာ မဲပေးခွင့်ပေးထားလေသည်။ ပြီးတော့ Judges ဖြစ်သော အဆိုတော်သုံးယောက်စလုံးကလည်း ပရိသတ်တွေ သည်းသည်းလှုပ် ချစ်ခင်အားပေးလျက်ရှိသော ဆယ်ကျော်သက်တို့၏ အသည်းစွဲတွေ ဖြစ်သည်မို့ ပွဲက ပို၍ စိတ်ဝင်စားဖွယ်ကောင်းသွားခြင်းဖြစ်သည်။

ကို . . . ၏ အစီအစဉ်အတိုင်း နွေဝေတို့၏ HOPE အဖွဲ့ကလေး၏ ဝတ်စုံဒီဇိုင်းမှာ အလွန်ချစ်စရာကောင်း၏။ အဖြူဆွတ်ဆွတ် ပိုးရှပ်အင်္ကျီကလေးတွေက ရင်ဘတ်မှာ အတွန့်ကလေးတွေ ပါလျက် ထိုအပေါ်ကနေ မီးခိုးရောင် ဗွေ(စ်)ကုတ်ဆင်တူကလေးတွေ ဝတ်ရသည်။ ယောကျ်ားလေးတွေက စတိုင်လ်ပိန်မီးခိုးကွက်ကလေးတွေဝတ်ကြပြီး နွေဝေကိုတော့ ဘရစ်နီစပီးယား(စ်)လို ဘာဂျာတွန့်စကပ်မီးခိုးကွက်ကလေး ဝတ်စေကာ အသားကပ်ခြေအိတ်မီးခိုးရောင်ကလေး ဝတ်စေသည်။ ရှူးအမဲ ပြောင်ပြောင်ကလေးတွေ ဆင်တူနှင့်





သီချင်းကိုလည်း ကို . . . ကပဲ စိတ်တိုင်းကျရွေးချယ်ပေးပါသည်။ မြူးကြွသွက်လက်စွာ ကလို့ ခုန်လို့ကောင်းမည့် သီချင်းကလေးဖြစ်သည်။ နွေဝေတို့အားလုံး စိတ်လှုပ်ရှားမှုဖြင့် တုန်ရင်လျက် ရှိသည်။ ပထမဆုံး စပြီး သီဆိုပြိုင်ပွဲဝင်ရမှာကလည်း နွေဝေတို့အဖွဲ့ဖြစ်သည်။ ကို . . . . . က . . .

"အားလုံး Relax ဖြစ်ပစေနော်၊ မင်းတို့ရဲ့စိတ်ထဲမှာ ငါတို့ဟာ MYANMAR IDOL တွေပဲ၊ Stars တွေပဲလို့ ခံယူထား၊ စင်မြင့်ကို ဂရုစိုက်ဖို့ မလိုဘူး၊ ပရိသတ်ကို ကြောက်စရာ မလိုဘူး၊ တစ်ချိန်မှာ မင်းတို့ celebrities တွေ ဖြစ်သွားပြီးရင် ဒီလိုပွဲမျိုးတွေ ရေတွက်မနိုင်အောင် ဖျော်ဖြေရမှာလို့ မှတ်ထား . . . ပရိသတ်တွေထဲ ရဲရဲသာ စိုက်ကြည့်၊ မင်းတို့ကို အားကျတဲ့ အပြုံးတွေနဲ့ အားပေးနေတဲ့ မျက်လုံးတွေကို မြင်ရလိမ့်မယ်"

ဟု . . . ပွဲမဝင်ခင်ကတည်းက ကြိုတင်၍



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်သင်ကြားပေးထားခဲ့သည်။ နွေဝေတို့အားလုံး မြူးမြူးဖျဖျ၊ စည်စည်ဝေဝေပင် ပြိုင်ပွဲဝင်နိုင်ခဲ့ကာ ပရိသတ်၏ လက်ခုပ်သံကို ခြွေယူနိုင်ခဲ့ပါသည်။ ပြိုင်ပွဲကို Hotel Nikko မှာ ကျင်းပခြင်းဖြစ်လျက် ပရိသတ်တွေ တော်တော် စည်ကားပါသည်။ စိတ်ဝင်စားစွာ တက်ရောက်လာသော နာမည်ကြီး အဆိုတော်တွေ၊ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ၊ မော်ဒယ်တွေကိုလည်း ပရိသတ်ထဲမှာ တွေ့ရပါသည်။

နွေဝေတို့ အလှည့်ပြီးတော့ စုံတွဲတစ်တွဲ ပြိုင်တာ မိနစ်ကလေးတစ်ယောက် ... ပြီးတော့ နွေဝေ့ ရန်သူတော်ကြီး ညွှန်းစေအလှည့်ဖြစ်သည်။ ဒီနေ့မှပဲ သူ့ကို သားသားနားနား ဝတ်စားဆင်ယင်ထားလျက် တစ်ကိုယ်တော် သီဆိုပြိုင်ပွဲဝင်သည်ကို နွေဝေတို့ အတွင်းခန်းထဲရှိ မော်နီတာကနေ မြင်ခွင့်ရခြင်းဖြစ်သည်။ သူဆိုသည်က လေးဖြူ၏ သီချင်းတစ်ပုဒ်ဖြစ်သည်။





"အလွမ်းများ ..."

ဆိုသော သီချင်းကလေး ဖြစ်သည်။ သူ့အသံ စတင်၍ ထွက်ပေါ်လာကတည်းက နွေဝေ့မျက်ခုံးတွေ ဝင့်တက်သွားသလို၊ ပရိသတ်၏ လက်ခုပ်သံတွေကလည်း အုတ်အော်သောင်းနင်း၊ သောင်းသောင်းဖျဖျ ဖြစ်သွားကြသည်။

"ဘုရားရေ ... ဒီကောင့်အသံ ကောင်းလှချည်လားကွ၊ အဲဒီလောက် လုံးဝ ထင်မထားဘူး"

"အေး ... ဟုတ်တယ်၊ ဒီကောင့်ကို လျှော့တွက်လို့ မရဘူးကွ၊ ဒီကောင် ငါတို့ရဲ့ ပြိုင်ဘက် ဖြစ်လာနိုင်တယ်"

သူ့သီချင်းပြီးဆုံးသွားချိန်တွင် လက်ခုပ်သံတွေ တော်တော်နှင့် စဲမသွား။ နွေဝေသည် အခုမှပင် သူ့မျက်နှာကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။ မျက်ခုံးနှင့် မျက်လုံးတွေက



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားပြတ်သားကာ နက်မှောင်စူးရှပြီး မဟုတ်မခံ ရုပ်ကြီးက အကောင်းသား ထွက်နေသည်။ သီချင်းဆိုချိန်မှာ ဖိလင်အပြည့်၊ mood အပြည့်ဖြင့် ဆိုနေခဲ့ပြီး၊ သီချင်းပြီးသွားချိန်မှာ အားပါးတရ ပြုံးရယ်လိုက်သောအခါ သူ့မျက်နှာတစ်ခုလုံး ချိုမြနူးညံ့ချင်တိုင်း၊ နူးညံ့လွှားသည်ကို နွေဝေ နှုတ်ခမ်းကိုက်ကာ ငေးကြည့်နေမိခဲ့သည်။ ဟင့်အင်း . . . သူ့ကို နွေဝေတို့ ရှုံးနိမ့်လို့ မဖြစ်ဘူး။ နွေဝေ့ရင်ထဲ ပြင်းပြစွာ လှုပ်ရှားခုန်ပေါက်လာခဲ့လေသည်။ နောက်ပိုင်း သီဆိုသော ပြိုင်ပွဲဝင်တွေထဲမှာ အဲဒီလောက် ထူးထူးခြားခြား၊ သတိထားမိလောက်အောင် ခွဲဖောက်ထွက်လာသော ပြိုင်ဖက်မျိုး ထပ်မတွေ့ခဲ့ချေ။

◆◆◆◆◆



ပြိုင်ပွဲဝင်တွေ အားလုံး၊ အသီးသီးဆိုပြီးသွားချိန်မှာ ပရိသတ်ဆီမှ ဖုန်းဖြင့်ဆက်ပြီး မဲပေးနိုင်အောင် အချိန်တစ်နာရီတိတိပေးပါသည်။ ထိုအချိန်အတွင်းမှာ တခြားအဆိုတော်များက အလှည့်ကျ ဝင်ရောက်သီဆိုပေးကြသည်။ နွေဝေတို့ကတော့ အပြင်သို့ မထွက်ရပါ။ ဟိုတယ်၏ အခန်းတစ်ခုအတွင်းမှာပဲ နေနေရကာ media တချို့၏ interview တွေကို ဖြေပေးနေရသည်။

တစ်နာရီဆိုသော အချိန်သည် ဘယ်လို ကုန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားမှန်း မသိလိုက်ရ။ Presenter ၏ ဖိတ်ခေါ်မှုဖြင့် နွေဝေတို့ ပြိုင်ပွဲဝင်တွေအားလုံး စင်မြင့်ပေါ် တက်ကြရလေသည်။

"ခုအချိန်မှာ ပြိုင်ပွဲဝင်တွေအားလုံးရဲ့ ရင်ဘတ်ထဲမှာ မြင်းအကောင် တစ်ရာစီလောက် ဒုန်းစိုင်းပြေးနေကြပြီလား မသိဘူးနော်၊ မကြာခင်မှာ . . . Grand Final ပြိုင်ပွဲအတွက် တက်ရမယ့် လူသုံးယောက်ကို ရွေးချယ်ကြေညာပေးပါမယ်၊ ပရိသတ်ရဲ့ မဲနဲ့ ဆုံးဖြတ်ထားတာပါ၊ ပွဲလေးက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ MYANMAR IDOL အဖြစ် ရွေးချယ်ခံရမယ့်သူဟာ DREAM WORK MUSIC PRODUCTION က ချီးမြှင့်ပေးမယ့် ဆုငွေ ဆယ်သိန်းအပြင် စီးရီး(စ်)ထွက်နိုင်ဖို့ အတွက် တချုပ် ချုပ်ဆိုခွင့်ပါ ရမှာပါ။ မကြာခင်မှာ ကျွန်တော် ကြေညာပေးပါ့မယ်၊ ဒီနေ့ ထွက်ရမယ့်သူ ဒါမှမဟုတ် အဖွဲ့ရဲ့ နာမည်တွေကို ကျွန်တော် ပြောသွားပါ့မယ်၊ နောက်ဆုံး ကျန်ရစ်ခဲ့မယ့် သုံးယောက်ဟာ နောက်တစ်ပတ်မှာ ကျင်းပမယ့် Grand Final ပြိုင်ပွဲ တက်ရမယ့်သူတွေ ဖြစ်ပါတယ်"





နွေဝေတို့အုပ်စုကလေး တစ်ယောက်လက် တစ်ယောက် ခပ်တင်းတင်း ဆုပ်ကိုင်ဖျစ်ညှစ်ထားကြလျက် ခေါင်းတွေငုံ့ကာ Presenter ခေါ်သည့် နာမည်ထဲမှာ နွေဝေတို့၏ HOPE အဖွဲ့ကလေး မပါစေဖို့ အသည်းအသန် ဆုတောင်းလျက်ရှိကြသည်။ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ခေါ်ထုတ်ကာ နှုတ်ဆက်သွားကြသည်။ နွေဝေ့ အာရုံတွေ တဝေါဝေါ ဆူညံနေသဖြင့် ဘယ်သူတွေ ထွက်သွားပြီး၊ ဘယ်သူတွေ ကျန်ရစ်ခဲ့မှန်း သတိမထားမိနိုင်။ သတိထားမိချိန်မှာ စင်မြင့်ထက်မှာ ကျန်ရစ်ခဲ့သူတွေဆီ မသိမသာ ဝေ့ဝဲကြည့်မိတော့ နွေဝေတို့၏ HOPE အဖွဲ့ရယ်၊ ပြီးတော့ . . . Single ဆိုသည့် အသံရှရှကလေးနှင့် ဩမဒီဆိုသည့် ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ကြိုတင်စိုးရိမ်မိသည့်အတိုင်း ညွန့်စေရယ် ကျန်ရစ်ခဲ့သည်။

"ဒီသုံးယောက်ထဲက တစ်ယောက်ကတော့ နောက်တစ်ပတ်အကြာမှာ MYANMAR IDOL ဖြစ်လာတော့မှာပါ။ နောက်တစ်ပတ်ကို ရင်ခုန်မျှော်လင့်စွာနဲ့ စောင့်စားကြပါစို့ဗျာ"

စင်ပေါ်မှာတော့ နွေဝေတို့အားလုံး ပြုံးပြုံးကလေးတွေ ရှိကြသည်။ ကို ... ကလည်း ခပ်တိုးတိုးလာသတိပေး၏။

"မင်းတို့ သတိထားရမှာ ညွန့်စေဆိုတဲ့ တစ်ယောက်ပဲ၊ သူ့ မဲအရေအတွက်က တော်တော်များတယ်၊ ဘာပဲဖြစ်ဖြစ် ဒီတစ်ပတ်အတွင်းမှာ မင်းတို့ မီးကုန်ယမ်းကုန်နော်၊ ကိုယ့် Studio မှာ လာကျင့်ကြ၊ မင်းတို့ ရမှ ဖြစ်မယ်"





နွေဝေ့ရင်ထဲက ဆန္ဒကလည်း ကို ... နှင့် တစ်ထပ်တည်း ဖြစ်ပါသည်။ နွေဝေတို့ကို HOPE အဖွဲ့ကလေး အနိုင်ရမှ ဖြစ်မည်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com



ထိုတစ်ပတ်ဆိုသော အချိန်အတွင်းလောက် စိတ်လှုပ်ရှားဖွယ်၊ ရင်ခုန်ဖွယ်ကောင်းတာ နွေဝေ့တစ်သက်မှာ မရှိတော့ချေ။ နွေဝေ့ဘဝအတွက် အလွန် ကြီးကျယ်ခမ်းနားသော အပြောင်းအလဲတစ်ခုကို အရယူနိုင်ဖို့ အခွင့်အရေးသည် နွေဝေ့လက်တစ်ကမ်းအလိုမှာသာ ရှိတော့သည်။ ပြီးတော့ နွေဝေသည် သေချာမှုကို လိုချင်ပါသည်။ အဲဒီအတွက် ဘယ်လောက်ပဲ စွန့်စားလိုက်ရ၊ စွန့်စားလိုက်ရ နွေဝေ စွန့်စားကြည့်ချင်သည်။ ထိုစိတ်ကူးကို စတင်ရခဲ့သူမှာလည်း နွေဝေပဲ ဖြစ်သည်။ မလုပ်သင့်မှန်း သိပါသည် . . .။ သို့သော် . . . နွေဝေသည် အနိုင်ရဖို့အတွက် ရူးသွပ်နေသူဆိုပါစို့။

"ငါတို့ ဩမဒီကို ကြောက်ဖို့ မလိုဘူး၊ ငါတို့ကို အနိုင်ပိုင်းနိုင်မှာ ညွှန်းစေပဲ၊ ငါတို့ ဒီကောင်နဲ့ အပေးအယူ





ကြိုလုပ်ထားရင်ကောင်းမယ် . . ."

သူတို့အားလုံး မျက်ခုံးတွေပင့်ကာ မျက်လုံးအဝိုင်းသား ဖြစ်သွားကြ၏။

"ဘာ အပေးအယူလဲ . . ."

"နင်တို့အားလုံး သိပြီးသားပါ . . . ငါ ဒီအဆိုတော် ဘဝကို ဘယ်လောက် dedicative ဖြစ်သလဲဆိုတာ၊ အပြတ်သားဆုံး ပြောမယ်ဟာ၊ ငါ ဒီပွဲမှာ အနိုင်ရချင်တယ်၊ MYANMAR IDOL ဖြစ်ချင်တယ်၊ ဘယ်လိုအခြေအနေမျိုးနဲ့မှ အမှားအယွင်း အဖြစ်မခံနိုင်ဘူးကွာ၊ အဲဒီတော့ ဒီကောင် မတော်တဆ MYANMAR IDOL ဖြစ်သွားရင် . . . သွားပြီ၊ ငါ့ဘဝသင်္ဘောမှောက်ပြီ၊ စုံးစုံးကို မြုပ်မှာ၊ Second Chance ဆိုတာလည်း ရှိမှာ မဟုတ်ဘူး၊ ခုကတည်းက ဒီကောင်နဲ့ ပြတ်ပြတ်သားသား စာရင်းရှင်းထားလိုက်ရင် ငါ ဖြစ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာနိုင်မယ်ကွာ”

ခွေခွေစကားကို နားထောင်ပြီး၊ နှုတ်ခမ်းမဲ့သူက မဲ့၊ ပခုန်းတွန့်သူက တွန့်ကြသည်။

“ဖြစ်နိုင်ပါ့မလားကွာ . . . ကြည့်ကျက်လည်း လုပ်ပါဦး၊ ဒီကောင်က ငါတို့နဲ့ ကမ္ဘာ့ရန်လို ဖြစ်နေတာ၊ ဒီကောင်လား နင့်အပေးအယူကို လက်ခံမှာ၊ သူ့ အသွေးအသား ရိုးတွင်းချဉ်ဆီထဲမှာကိုက နင်နဲ့ငါတို့ကို ဖြိုခွင်းချင်စိတ်က ကိန်းဝပ်ရနေမှာ . . . ၊ နေပါဦး . . . နင်က ဘယ်လို အပေးအယူမျိုး ပေးမှာမို့လဲ၊ သူ့ဘက်က နင်မပေးနိုင်တာမျိုး တောင်းလာရင်ရော နင်က ပေးနိုင်မှာ မို့လို့လား . . .”

“ဒါကတော့ ဒီလိုပဲ ကြည့်ကျက်ကိုင်တွယ်ရမှာပေါ့ဟာ၊ ငါ သူ့ကို ချဉ်းကပ်ကြည့်မယ် . . .”

“ငါတို့ ရှိမနေရဘူးလား . . .”





“နင်တို့ ရှိနေရင် ဒီကောင်က အထာကိုင်ချင် ကိုင်နေမှာ၊ ငါ့မှာ မရှိမဲ့၊ ရှိမဲ့ မိန်းမမာယာတွေ အစွမ်းကုန်ဖျစ်ညှစ်ထုတ်ပြီးတော့ ဒီကောင့်ကို သွေးဆောင်ဖြားယောင်းရမှာဟ”

“ဟေ . . . ဘယ်လို ဖျာရောင်းမှာလဲ၊ ကြည့်ကျက်လည်း လုပ်ဦးနော်၊ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်နေဦးမယ် . . .”

သူတို့အားလုံး တသောသော ဝိုင်းရယ်ကြလေသည်။

“မှတ်မှတ်ရရ ငါ သတိထားမိသလောက်ပြောရရင် ငါ မိန်းကလေးပုံစံ ပြောင်းသွားပြီးကတည်းက ဒီကောင် ငါ့ကို ဂရုတစိုက် ခိုးခိုးကြည့်လာသလိုပဲ၊ တစ်ခါတစ်ခါ ငါ ဖျတ်ခနဲ လှမ်းကြည့်လိုက်ရင် သူ ကြည့်ကြည့်နေတာနဲ့ မကြာခဏဆုံတယ် . . .”



www.burmeseclassic.com

www.burmeseclassic.com



"ဆိုလိုတာက . . . ဒီကောင် နင့်ကို စိတ်ပြောင်းလာတယ် ဆိုပါတော့"

နွေဝေသည် ပခုံးတစ်ချက် တွန့်လိုက်ကာ . . .

"ဒါကတော့ အသေအချာကြီးတော့ မပြောတတ်ဘူးဟ၊ ဒါပေမယ့် မိန်းကလေးတို့ရဲ့ အထာရသဋ္ဌ တစ်မျိုး ဆိုပါတော့"

"ကောင်းမယ်ထင်ရင်တော့ စမ်းကြည့်ပေါ့လေ . . .၊ ငါတို့ကတော့ သိပ် မမျှော်လင့်ပါဘူး၊ ငါတို့ကတော့ အကောင်းဆုံး ဖြစ်အောင်တော့ ယှဉ်ပြိုင်ရမှာပဲ"

သူတို့အားလုံး၏ မျက်နှာတွေပေါ်မှာ မဖြစ်နိုင်ပါဘူး ဆိုသော အရိပ်တွေက အထင်းသား။ နွေဝေကလည်း မဖြစ်နိုင်တာကိုပဲ ဖြစ်အောင် စမ်းသပ်ကြည့်ချင်သူဖြစ်ပါသည်။

◆◆◆◆◆



နွေဝေက အမေနှစ်ယောက် အိပ်သွားပြီဖြစ်သော အချိန်ကိုပဲ ရွေးချယ်လိုက်ပါသည်။ ညသန်းခေါင်ကျော်နေပြီမို့ သူလည်းပဲ အိပ်မောကျနေပြီ။ နွေဝေက အခန်းတံခါးကို ခပ်တိုးတိုးခေါက်ရင်း ရင်တွေ တဒိတ်ဒိတ်ခုန်လျက်ရှိသည်။ အအိပ်ဆတ်ပုံရသောသူက ဖျတ်ခနဲ တံခါးလာဖွင့်သည်။

"ဘာလဲ . . . ညကြီးသန်းခေါင်ကွာ"

"ငါ Studio သုံးချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ဒီအချိန်ကြီး"

သူ တအံ့တဩ ဖြစ်သွားဟန်ကို နွေဝေက ဟက်ခနဲ ခပ်ဖွဖွရယ်မောပစ်လိုက်သည်။ တကယ်တော့ အဲဒါသည် မာယာတစ်ခုသာ ဖြစ်သည်။ သူနှင့် နွေဝေ့အကြားရှိ တင်းမာအေးစက်မှုကို နောက်ပြောင်ကျီစယ်မှု၊ ရယ်ရွှင်မှုကလေးဖြင့် ပြန်ချွေးပေးလိုက်ခြင်းကို သူကတော့ ရိပ်မိပုံမရှာ။ နွေဝေနှင့်အတူ လိုက်လည်း မရယ်ဘဲ၊ တစ်ချက် သမ်းလိုက်၏။

"ငါ အိပ်ချင်တယ်ကွာ . . . မနှောင့်ယှက်ပါနဲ့"

သူက အခန်းထဲ ပြန်ဝင်ဖို့ ဟန်ပြင်နေသောကြောင့် နွေဝေက ကဗျာကရာဖြင့် . . .

"ငါ နင်နဲ့ စကားပြောစရာရှိလို့ ညွှန်းစေ၊ ဝရန်တာမှာ ခဏလောက် အချိန်ပေးနိုင်မလား၊ ဒီည လသာနေတယ်ဟ၊ ဝရန်တာမှာ လင်းနေတာပဲ"





သူ တွေခနဲ ခဏစဉ်းစားပြီးနောက် . . .

"ပြီးရောလေ . . ."

ဟု . . . ဆိုကာ ညဝတ်အင်္ကျီ pyjama ကလေးဖြင့်သာ နွေဝေနှင့်အတူ အောက်ထပ်သို့ လိုက်ဆင်းလာသည်။ တစ်ချိန်လုံး ကြည့်လို့မရအောင် မျက်နှာချင်းဆိုင်လို့မရအောင် တူးတူးခါးခါး မုန်းလာခဲ့သော လူတစ်ယောက်ကို ဒီနေ့တော့ ဘာကြောင့်မုန်းမသိ။ နွေဝေ မုန်းမနေချေ . .။ သူ့ကို ပြောမည့် နွေဝေ့စကား အောင်မြင်လိုသော ဆန္ဒဇောအဟုန်တစ်ခုက နွေဝေ့နှလုံးသားကို ဖုံးအုပ်လွှမ်းခြုံထားလေသည်။

"ကဲ . . . ပြောလေ နွေဝေနှင်းဆီ . . . ဘာပြောမှာလဲ . . . ပြော"

ဝရန်တာရောက်တော့ အုတ်လက်ရန်းပေါ်ထိုင်ခနဲ တက်ထိုင်လိုက်ရင်း သူက ကောင်းကင်ရှိ လမင်းကြီးဆီ တစ်ချက်မော့ကြည့်လျက် မေးလေသည်။ ရုတ်တရက်တော့



www.burmeseclassic.com

www.burmeseclassic.com



နွေဝေသည် ဘယ်ကစလို့ ပြောရမှန်း မသိချေ . . ။

"အဟင်း . . . ငါ ဘယ်ကစပြီး ပြောရမှန်းတောင် မသိဘူး ညွှန်းစေ၊ နင့်အသံ ဒီလောက်ကောင်းမှန်း ငါ ကကယ် မသိခဲ့ဘူးဟ၊ နင့်မှာ talent ရှိမှန်း နင်ကိုယ်တိုင်ရော သိရဲ့လား"

"သိတော့ သိတာပေါ့ နွေဝေ . . . နင် ဘာကို ပြောချင်နေတာလဲ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောလေ၊ နင် တစ်ခုခုတော့ ထူးခြားနေတယ်"

တကယ်လည်း ညွှန်းစေစိတ်ထဲမှာ ထူးခြားဆန်းကြယ်နေပါသည်၊ မျက်နှာချင်းဆိုင်လိုက်တိုင်း သုန်မှုန် မှုန်ကုပ်လျက် အမြဲတမ်း ရန်စောင်ပြဿနာရှာတတ်လေ့ရှိသော ကောင်မလေးသည် အခုတော့ မျက်ဝန်းကလေးတွေ တလက်လက် ဖြာလျက်၊ နှုတ်ခမ်းကလေးမှာ ထူးထူးခြားခြား အပြုံးဖူးကလေး တဝေဝေရှိကာ၊ မနှိုးစဖူး သူ့ကိုလည်း အိပ်ရာကနေ





တောင် လာနှိုးလျက်၊ လရောင်ဆမ်းသော ညသန်းခေါင်ယံ အချိန်မျိုးမှာ စကားပြောဖို့ ကြိုးစားနေသော အပြုအမူမှာ၊ သူ့အတွက်တော့ အိပ်မက် မက်နေသလားဟု ထင်ယောင်ထင်မှား ခံစားမိအောင်ကို ထူးခြားလျက်ရှိပါသည်။

"အေးပါ . . . ငါပြောချင်တာကို ပြောဖို့အတွက် အရှိန်ယူ၊ အစပျိုးနေတာပါ၊ ငါ ထူးခြားနေတယ်ဆိုတာကိုလည်း . . . ငါ ဝန်ခံပါတယ်၊ ဒီလိုဟာ ငါ ပွင့်ပွင့်လင်းလင်းနဲ့ အရိုးသားဆုံးပဲ ပြောတော့မယ်၊ ငါ နင်နဲ့ အပေးအယူတစ်ခု လုပ်ချင်လို့"

"အပေးအယူ !"

သူက အံ့သြသွားဟန်ဖြင့် မျက်ခုံးပင့်ကာ နွေဝေ့ကို ထူးထူးဆန်းဆန်း ကြည့်လေသည်။

"အင်း . . . ဟုတ်တယ် ညွှန်းစေ၊ ပထမဆုံး နင်နဲ့ငါ ကြားက ရန်ငြိုးရန်စတွေကို ခဏ ဘေးဖယ်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ ငါ တစ်ခုပြောပြမယ်၊ ငါ့ဘဝမှာ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုက အဆိုတော်တစ်ယောက် ဖြစ်ဖို့ပဲ ညွန်းစေ၊ အဲဒါ ငါ့ရဲ့ ဘဝပဲ၊ တခြား ဘာကိုမှ စိတ်မဝင်စားဘူး၊ အဆိုတော်ဘဝကိုပဲ ငါ ရူးသွပ်တာ နင်လည်း တစိတ်တဒေသလောက်တော့ ရိပ်မိမှာပါ"

"အဲဒီတော့ . . ."

"အဲဒီတော့ . . . ငါ MYANMAR IDOL ဖြစ်ချင်တယ် ညွန်းစေ"

သူ သူမ၏ ဆိုလိုရင်းကို နည်းနည်း ရိပ်မိခံစားမိသွား၏။ လရောင်အောက်မှာ ဆံပင်စင်းစင်းကလေးတွေ ဖွာရရာ၊ ကပိုကရိုနှင့် စွပ်ကျယ်သာသာ လက်ပြတ်ကလေးနှင့် ချည်ဘောင်းဘီ ဒူးဖုံးရုံကလေး ဝတ်ထားသော သူမ၏ ပုံစံတဟိုးအရင်ကလို ယောကျ်ားလျာပုံစံကလေးထွက်မနေဘဲ ဖူးသစ်ပွင့်လန်းစ အပျိုမ အရိုင်းကလေးလို ချစ်ချင်စဖွယ်အတိ ဖြိုး





လျှက်ရှိသည်။ သူမ သိပ်ချစ်စရာကောင်းပါသည်။ အဲဒါကို မိန်းကလေးတစ်ယောက်အသွင်သဏ္ဍာန်ဆီ၊ ပီပီပြင်ပြင် ပြောင်းလဲသွားခဲ့စဉ်ကတည်းက သူ သတိထားမိခဲ့ခြင်း ဖြစ်သည်။ ဘာကြောင့်မှန်းမသိ . . . သူမကို မြင်တိုင်း၊ သူ့မျက်လုံးတွေ လွှဲဖယ်၍မရပါ။ သူမကို မကြာခဏ ခိုးပြီး ငေးကြည့်မိတိုင်း သူ ရင်မောစွာ ပင့်သက်ဖြာရလေသည်။ သူ ဘာဖြစ်နေပါသနည်း။ သူ့ကိုယ်သူပင် နားမလည်နိုင်ပါ။

"ဖြစ်ချင်တော့ . . . ဖြစ်အောင် ကြိုးစားပေါ့ နွေဝေ၊ ငါ့ကို ဘာဖြစ်လို့ လာပြောနေရတာလဲ၊ နင်တို့ group ကလေးလည်း ကောင်းသားပဲ၊ ပရိသတ်လည်း အားပေးကြသားပဲ . . . မဆိုးပါဘူး၊ ငါလည်း ကြိုက်ပါတယ်"

"ငါက ဖြစ်ချင်တာကို သေချာစေချင်တယ်ဟာ . . . Grand Final ပွဲကျရင် မတော်တဆ နင်က ပိုသာသွားပြီး MYANMAR IDOL နဲ့ လွဲသွားမှာကို ငါ အကြောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး၊ပဲ"

"အဲဒါကတော့ ပရိသတ်က ဆုံးဖြတ်ပေးမှာလေ . . . ငါက ဘာတတ်နိုင်မှာမို့လို့လဲ၊ အကောင်းဆုံးဖြစ်အောင်တော့ ငါလည်း ကြိုးစားမှာပဲ၊ ငါလည်း MYANMAR IDOL ဖြစ်ချင်တာပဲ၊ အဲဒါ ငါ့ရဲ့ အိပ်မက်ပဲ"

"အဲဒါပဲ ညွှန်းစေ . . . ငါ နင်နဲ့ အပေးအယူ လုပ်ချင်တယ်ဆိုတာ အဲဒါပါပဲ၊ နင့်ဘက်က နည်းနည်း လျှော့ပေးလိုက်ဖို့ ငါ တောင်းဆိုချင်တာပါ။ ဆိုလိုတာက နင် နည်းနည်း ညံ့ပေးလိုက်ပါလို့ . . ."

"ဘယ်လို . . ."

သူ့ဘက်က အံ့ဩမှုဖြင့် လုံးဝ တိတ်ဆိတ်သွားသည်။ အသက်ပင် မရှူမိတော့ဘဲ သူမကို အံ့အားသင့်ခြင်းကြီးစွာဖြင့် ငေးကြည့်နေလေသည်။ နွေဝေလည်း မနည်း အရဲစွန့်ပြီး စွတ်ရွတ်ပြောချလိုက်မိပြီးမှ မှားသွားပြီလားဟု . . .





ဇဝေဇဝါ ဖြစ်သွားသည်။ သို့သော် မတတ်နိုင်တော့ . . .။

"ငါ့ဘက်က မတရားမှုန်း ငါ သိပါတယ်ဟာ၊ အဲဒီအတွက်လည်း ငါ တောင်းပန်ပါတယ်၊ ဒါပေမယ့် ငါ့မှာ ရွေးစရာ ဒီလမ်းတစ်လမ်းပဲ ကျန်တော့လို့ပါ၊ ခုအချိန်မှာ နင်နဲ့ငါက ပြေးလမ်းတစ်လမ်းထဲမှာ အတူတူ ယှဉ်ပြေးနေတဲ့ ဖြိုင်မြင်းနှစ်ကောင်လို ဖြစ်နေလို့ပါ၊ နင့်ဘက်ကသာ ခွာကလေး နည်းနည်းလိပ်ပေးလိုက်ရင် . . ."

"ကျစ် . . . နင် တော်တော်ဆိုးပါလား နွေဝေနှင်းဆီ၊ ဟမ် . . . နင် နားမလည်ဘူးလား၊ ဖြိုင်မြင်းတွေရဲ့ ရာဇဝင်မှာ ဘယ်တော့မှ တမင်သက်သက် အရှုံးပေးရိုး ထုံးစံမရှိဘူးကွ၊ နောက်ဆုံးထွက်သက်အထိ အသေအကြေကို ဖြိုင်မှာပဲ၊ အဲဒါကို ဘာနဲ့မှ လာတားမြစ်လို့ မရဘူး၊ လက်စသတ်တော့ နင်က ငါ့ကို ခေါ်ချွဲလာ



www.burmeseclassic.com

www.burmeseclassic.com



ကျွေးနေတာကိုး . . .”

နွေဝေ့ရင်ထဲ တလှပ်လှပ် ဖြစ်လာသည်။

“ငါ တောင်းပန်ပါတယ်၊ ငါ အတ္တကြီးမှန်း၊ တစ်ကိုယ်ကောင်းဆန်မှန်းလည်း ငါ သိပါတယ်၊ ဒါပေမယ့် ငါ မတတ်နိုင်ဘူးဟာ၊ ငါ အရမ်းဖြစ်ချင်နေတဲ့ ဆန္ဒတစ်ခုပဲရှိတော့တယ်၊ MYANMAR IDOL သာ ဖြစ်ခွင့်မရရင် ငါ ရူးသွားနိုင်တယ်၊ အရမ်းကို depression ဝင်သွားမှာတော့ သေချာတယ် ညွှန်းစေ၊ ငါ့ကို အဲဒီ အခွင့်အရေးကလေး တစ်ခုပဲ ပေးပါ၊ ကျန်တဲ့ အခွင့်အရေးတွေအားလုံး နင် အကုန်ယူပါ၊ ပိုက်ဆံတွေလည်း ငါ မလိုချင်ဘူး . . . နင်ပဲယူပါ၊ ပြီးတော့ နင်ဖြစ်ချင်တဲ့ အခွင့်အရေးတစ်ခု ငါ့ဆီက နင်တောင်းနိုင်ပါတယ်၊ ငါပေးမယ် . . . အဲဒါ ငါဖြစ်ချင်တဲ့ အပေးအယူပဲ ညွှန်းစေ”

သူက နှုတ်ခမ်းတွေကို ခပ်တင်းတင်းစေ့လျက်





နွေဝေ့ကို ငေးစိုက်ကြည့်နေသည်။

“ဒီ အပေးအယူကိုသာ judges တွေ သိသွားရင်၊ ဝရိသတ်တွေ သိသွားရင် နင်ရော ငါရော ဘာဖြစ်သွားနိုင်တယ်ဆိုတာ နင် သဘောပေါက်ပါတယ်နော်၊ နင်က ငါ့ကို သစ္စာဖောက်ခိုင်းနေတာကိုး၊ ပရိသတ်ကိုရော၊ judges တွေကိုပါ ငါ သစ္စာဖောက်ရမှာ၊ အဲဒီအတွက် ငါ ဘာပြန်ရ,ရမှာလဲ၊ ငါ ပြန်ရမယ့်အရာက တော်တော့်ကို ထိုက်ထိုက်တန်တန်ဖြစ်မှ ဖြစ်နိုင်မယ် နွေဝေ”

သူက မျက်လုံးများကို မှေးစင်းထားလျက် အကြာကြီးပဲ စဉ်းစားနေသည်။ နွေဝေသည် တဒိတ်ဒိတ် ပူနွေးခုန်တိုးနေသော နှလုံးသားဖြင့် သူ့ကို မျှော်လင့်တကြီး ငေးကြည့်နေမိသည်။ နွေဝေ့တစ်သက်မှာ လူတစ်ယောက်ဆီက အသည်းအသန်၊ ရူးမတတ် မျှော်လင့်မိတာ ဒါ ပထမဆုံးပါပဲ။

ညသည် တိတ်ဆိတ်ချင်တိုင်း တိတ်ဆိတ်နေကာ



www.burmeseclassic.com

www.burmeseclassic.com



လရောင်က လင်းဖြာချင်တိုင်း လင်းဖြာလျက်ရှိသည်။ လရောင်၏ ဖြားယောင်းဖမ်းစားမှုအောက်မှာ ညွှန်းစေ၏ နှလုံးသားသည် ယိမ်းနွဲ့ကခုန်လျက်ရှိသည်။ သူ့စိတ်တို့လည်း အငိုက်မိကာ တိမ်းမူးညွတ်နူးလျက်ရှိသည်။ လူနှစ်ယောက်၏ အသက်ရှူသံခပ်ပါးပါးမှ အပ၊ တိတ်ဆိတ်လွန်းသော ညတစ်ညတွင် အချစ်ဆိုသောအရာသည် တစ္ဆေတစ်ကောင်လို၊ မျှော်လင့်မထားသော ထောင့်တစ်ထောင့်ကနေ၊ မမျှော်လင့်ဘဲ ဘွားခနဲ ရောက်ရှိလာတတ်ပါသလား . . .။ သူ သေချာမသိပါ။ ဘယ်အချိန်ကတည်းက ဒီလောက်မုန်းစရာကောင်းသော ကောင်မလေးကို သူ တိတ်တခိုး စိတ်ပြောင်းနေခဲ့မိပါလိမ့်။ အဖြေကို သူ မသိပါ . . .။ အရည်ကြည်တစ်မျိုးဖြင့် ရွှန်းလက်တောက်ပစွာ သူ့ကို မျှော်လင့်ခိုးတဝေဝေဖြင့် ငေးစိုက်ကြည့်နေသော မျက်ဝန်းရွှဲကြီးများကို သူ ဘယ်လိုမှ ရှောင်တိမ်းငြင်းဆန်နိုင်စွမ်းအား မရှိခဲ့ပါ။ သူ သက်ပြင်းရှည်





တစ်ချက်ချမိသည်။

"ကိုယ် စဉ်းစားဦးမယ်လေ၊ ကိုယ့်အိပ်မက်ကြီးတစ်ခုလုံးနဲ့ လဲရမယ့် အပေးအယူဆိုတော့ ကိုယ် ပြန်ယူရမယ့်အရာကလည်း ကိုယ့်ရဲ့ အိပ်မက်တစ်ခုပဲ ဖြစ်ရမှာပေါ့"

ပြောပြီး သူက သူမကို ငေးစိုက်ကြည့်နေတော့ သူမကလည်း ပြန်ပြီးတော့ စိုက်ကြည့်လျက်ရှိလေသည်။

"ကောင်းပြီလေ . . . သုံးရက်လောက်ဆိုရင် ဖြစ်မလား"

"ဖြစ်ပါတယ် . . . လူတိုင်းမှာ ဒုတိယအိပ်မက်ဆိုတာ ရှိတတ်တာပဲ၊ ကိုယ် ဘာလိုချင်တယ်ဆိုတာ ကိုယ်သိပြီး သားပါ"

"OK! good night . . ."

သူမက နှုတ်ဆက်ပြီး အရင်ထွက်ခွာသွားသည်။ သူတစ်ယောက်တည်း အပေါ်ထပ်သို့ ပြန်မတက်ဖြစ်သေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



အတွေးတွေနှင့် မျောလွင့်ကျန်ရစ်သည်။ တကယ်တော့ အဆိုတော်တစ်ယောက်ဘဝ၊ MYANMAR IDOL ဖြစ်ခွင့်ရမည့် အခွင့်အရေးသည် သူ့ဘဝ၏ အကြီးမားဆုံးသော အပြောင်းအလဲဖြစ်ပါသည်။ အဲဒါကို သူ ဘာနှင့် လဲယူရမလဲ။

◆◆◆◆◆



သုံးရက်အကြာမှာ မိခင်တွေ အိပ်စက်ချိန်ကျမှပဲ ဝရန်တာကလေးမှာ နွေဝေတို့ ပြန်ဆုံမိကြသည်။ နွေဝေသည် သူ နွေဝေ့ဆီက ဘာများ တောင်းဆိုလိုက်မလဲ ဟူသော စိုးရိမ်မှုဖြင့် ရင်ကလေးတဖိုဖိုနှင့် ရှိသည်။

"နင် စဉ်းစားပြီးပြီလား ညွှန်းစေ ..."

"အင်း ဆိုပါတော့ ... ကိုယ့်ရဲ့ ပထမဆုံး အိပ်မက်ကတော့ အဆိုတော်တစ်ယောက်ဘဝပဲ နွေဝေ၊ အဲဒီ အိပ်မက်ကို မင်းအတွက် ပေးလိုက်ရမယ်ဆိုရင် ကိုယ့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအိပ်မက်ကို မင်း ကိုယ့်အတွက် ပြန်ပေးရလိမ့်မယ်"

"ပြောလေ . . . နင့်ရဲ့ ဒုတိယ အိပ်မက်က ဘာလဲ"

သူက ခဏမျှ အသံတိတ်စွာ ငြိမ်သက်လိုက်ပြီး သူ့ရဲ့ ဒုတိယအိပ်မက်ကို ပို၍ လေးနက်စေသည်။ နွေဝေက လည်း စိတ်ဝင်စားစွာ နားစွင့်ထားမိသည်။

"ကိုယ့်ရဲ့ ဒုတိယအိပ်မက်က မင်းရဲ့ချစ်သူ ဖြစ်ခွင့်"

"ဘာ . . ."

သူ့ရဲ့ အသံက နွေဝေ့နားထဲကနေ ရင်ဘတ်ထဲအထိ မိုးကြိုးသွားတစ်ခုလို ထိုးခွင်းဝင်ရောက်ကာ ဝုန်းဒိုင်းကြဲသွားသည်။ တကယ်တော့ အဲဒါကို နွေဝေ မျှော်လင့်ခဲ့ပြီးသားဖြစ်လျက်၊ တကယ်တမ်း နားနှင့်ဆတ်ဆတ် ကြားလိုက်ရသော အခါ လူက ဘာဖြစ်သွားမှန်းကို မသိ။ တစ်ကိုယ်လုံး မြောက်တက်လွင့်စင်သွားသလိုပင် ပြောင်းဆန်သွားခြင်းဖြစ်သည်။





အဲဒါဟာ သူ တကယ် အတည် လေးနက်စွာ ပြောတာလား၊ နွေဝေ့ကို ပြိုင်ဘက်ပီသစွာ တင်တင်စီးစီး ရိသဲ့ရင့်ကျောတာလား နွေဝေ မခွဲခြားတတ်ပါ။

"နင် ငါ့ကို ရိနေတာလား ညွန်းစေ . . ."

"ကိုယ့်စကားထဲမှာ ဘာတစ်ခွန်းမှ ရိတာ မပါဘူး နွေဝေ၊ ကိုယ် တကယ်ပြောနေတာ . . ."

"နင်နဲ့ငါဟာ ဒီလောက် တစ်ယောက်ကိုတစ်ယောက် မုန်းကြတာ၊ မျက်နှာချင်းတောင် ဆိုင်လို့မရတာ၊ မေတ္တာတုံးကြီးတွေ ဖြစ်နေကြတာ၊ ဘယ်လိုလုပ်ပြီး နင် ပြောသလို ချစ်သူတွေ ဖြစ်နိုင်မလဲ . . ."

ချစ်သူတွေ . . . ဟု သုံးနှုန်းလိုက်ချိန်မှာ နွေဝေ့လျှာတစ်ခုလုံး ထုံသွားသလို ခံစားရကာ ရင်ထဲမှာလည်း ဘာကြီးမှန်း မသိသော၊ ရှိန်းဖိန်းဖိန်း ခံစားမှုတစ်မျိုးကို ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ မင်းသဘောပဲလေ နွေဝေ၊ ကိုယ်ကတော့ ကိုယ်ဖြစ်ချင်တဲ့ အခွင့်အရေးတစ်ခုကို ဖွင့်ဝန်ခံလိုက်တဲ့ သဘောပါ . . ."

သူ့အသံက အေးအေးဆေးဆေးပင်။ ဒီအခွင့်အရေးကို သူ မရလည်း၊ ပထမ အခွင့်အရေးကို သူ ရအောင်ယူမည်ဆိုသော မျက်နှာပေးဖြစ်သည်။ အဲဒါကိုပဲ နွေဝေ မခံနိုင်မခံသာ ခံစားရတာပါ။ အပေးအယူသဘောမျိုးနှင့် သူ့မှာ နွေဝေ့အချစ်ကို တောင်းယူရက်လေခြင်း။ သူ့ဘက်က နွေဝေ့ကို ချစ်တာ၊ မချစ်တာနှင့် မဆိုင်ဘူးပေါ့။ သူ နွေဝေ့ကို တိတ်တခိုး စိတ်ဝင်စားနေခဲ့သလား။ နွေဝေ့အချစ်ကို မရအရ သူ့အစွမ်းအစနှင့် ကြိုးစားလိုက်ယူစရာ မလိုဘူးလို့ သူ ယူဆထားသလား။ နွေဝေကရော ဒီလောက် မုန်းနေခဲ့သော (အခုအချိန်မှာ ပြိုင်ဘက်တောင် ဖြစ်နေသော) လူတစ်ယောက်ကို တစ်စက်ကလေးမှ မေတ္တာမရှိပါဘဲနှင့် ချစ်သူအဖြစ် ရွတ်တရွတ်





ကြီး ပြောင်းလဲလက်တွဲလိုက်ဖို့ ဖြစ်နိုင်ပါ့မလား။ ဟင့်အင်းလုံးဝ မဖြစ်နိုင်ပါ . . .။ နွေဝေ သူ့ကို မချစ်ပါ။ မချစ်ဘဲနှင့် ချစ်သူဟန်ဆောင်ရမလား။ နွေဝေ လိုချင်တာတစ်ခုအတွက်လေ။ ဒါပေမယ့် နွေဝေ့တွင် မိန်းကလေးတစ်ယောက်၏ အယူသီးမှုကလေးတစ်ခုကတော့ စွဲကပ်ခိုအောင်းလျက် ရှိသေး၏။ နွေဝေ့ဘဝတွင် ဘယ်သူ့ကိုမှ မချစ်ဖူးခဲ့သေးပါ။ နွေဝေ့၏ သန့်ရှင်းဖြူစင်သော၊ ရိုးသားဖြောင့်မတ်သော၊ အပြစ်ကင်းသော နှလုံးသားအဖြူထည်ကလေးကိုတော့ တော်ရုံတန်ရုံ လူတစ်ယောက်၏ အချစ်ဦးဘဝဖြင့် ရက်ရောကြည်ဖြူလှုခြင်းသိပ်မရှိဘဲနှင့် ထည့်မပေးလိုက်လိုပါ။

"နင့်ဘက်က မဖြစ်နိုင်တာကြီးကို တောင်းဆိုတာပဲ. . ."

နွေဝေ စိတ်ရှုပ်ထွေးစွာ ပြောလိုက်သည်။ သူ ပြုံးပါသည်။ ထိုအပြုံးက "နင်ကရော ဘာထူးလို့လဲ" ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



အစီပွာယ်ဖြစ်သည်။ နွေဝေ့စိတ်ထဲ ရှက်သွားသည်။

"ကောင်းပြီလေ . . . နင့်ဘက်က အဲဒါကလွဲပြီး တခြား တစ်ခု ပြောင်းပြီး တောင်းဆိုစရာ မရှိဘူးလား . . ."

သူက ခေါင်းခါပြသောအခါ၊ နွေဝေ အသည်း ယားသွား၏။

"ဆောရီးပဲ နွေဝေ . . . ကိုယ့်မှာ တတိယအိပ်မက် ဆိုတာ မရှိတော့ဘူး"

"ဒါဖြင့် ပြီးရော . . . ငါ စဉ်းစားဦးမယ်၊ Grand Final ပြိုင်ပွဲမစခင် တစ်ရက်အလိုမှာ ငါ့ဘက်က ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ အဖြေပေးမယ်"

"ရတယ် . . . cheat မလုပ်ကြေးနော်"

နွေဝေ သူ့ကို မျက်စောင်းပိတ်ထိုးပစ်လိုက်သည်။

"ငါက ဘာကိစ္စ cheat လုပ်ရမှာလဲ၊ မိန်းကလေးတစ်ယောက်က ကိုယ်တန်ဖိုးထားတဲ့ နှလုံးသားကို လောင်းကြေးထပ်ပြီး cheat လုပ်စရာလား"

"ဆောရီး . . . ငါစကား မှားသွားရင် တောင်းပန်တယ်၊ OK! . . ."

"Good night! . . ."

ထိုညက လသည် ပြည့်ဝဝိုင်းစက်မနေဘဲ တခြမ်းပဲ့လျက်ရှိလေသည်။

◆◆◆◆◆





www.burmeseclassic.com

www.burmeseclassic.com



နွေဝေ့ဆီက စကားကို ကြားပြီးသောအခါ ဖေင်တို့၊ သော်ကနှင့် ပိုင်စိုးတို့က ရှုံ့ရှုံ့ရှားရှားတွေ ဖြစ်သွားကြသည်။

"ဒီကောင်က ဘော်တော်လာတဲ့ကောင်ပါလား ... ငါ ထင်တော့ ထင်မိသားပဲ၊ နင် အပေးအယူသွားလုပ်တာနဲ့ ဒီကောင့်ဘက်က မဟုတ်တရုတ်တွေ တောင်းဆိုတော့မှာပဲလို့ ..."

"ငါလည်း အဲဒီလိုပဲ သံသယတော့ရှိတယ် ...





တောက် ... ဒီကောင် တကယ် ပြောရဲတဲ့ကောင်"

"နွေဝေ့ချစ်သူတော့ မရဘူး ... ငါ့လက်သီးပဲ ရမယ်၊ ပြောနေကြာတယ်ကွာ၊ ငါ ခုပဲ ဒီကောင့်ကို သွားဆွဲထိုးမယ်"

"ဟဲ့ ဟဲ့ ... နေကြဦး၊ နင်တို့ အဲဒီလို ဝုန်းဒိုင်းကြီးတွေ မလုပ်နဲ့လေ၊ ဒါကတော့ အပေးအယူ လုပ်ကြတဲ့ ကိစ္စပဲ၊ ငါ့ဘက်ကလည်း ငါလိုချင်တာကို တောင်းဆိုသလို၊ သူ့ဘက်ကလည်း သူလိုချင်တာ တောင်းခွင့်ရှိတာပဲ"

"ဒါပေမယ့် မတူဘူးလေကွာ ... နင်က နင်သိပ် crazy ဖြစ်နေတဲ့ဟာကို တောင်းတာ၊ သူက နင့်ကို ဘယ်လောက် crazy ဖြစ်လို့လဲ၊ ရန်သူတွေလိုတောင် ဖြစ်နေတဲ့ဥစ္စာ၊ အဲဒါ နင့်ကို သက်သက် ကြောချင်တာ၊ ချိုးချင်တာရော မဖြစ်နိုင်ဘူးလား ..."

ပိုင်စိုး၏စကားကြောင့် နွေဝေ့စိတ်ထဲ ထင့်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတော ပြုန်းခနဲ ငြိမ်သက်သွား၏။

"ငါတို့ အမြတ်တနိုး တန်ဖိုးထားပြီး အရိပ်တကြည့်ကြည့်နဲ့ ငါတို့တောင် ဖွင့်မပြောရက်တာကို သင်းတများ ရာရာစစနဲ့ ..."

ထိုအသံက ဒေဝင့်ဆီက မမျှော်လင့်ဘဲ လွတ်ခနဲ ထွက်လာခဲ့ခြင်းဖြစ်သည်။ ကြားကြားချင်းမှာ နွေဝေပင် ကြောင်အမ်းလျက် ဆွံ့အမင်သက်သွား၏။ ကျန်နှစ်ယောက်က ဒေဝင့်ကို အလန့်တကြား ဝိုင်း၍ကြည့်လိုက်ကြသည်။ မျက်နှာတွေက ချက်ချင်းပင် ရှုံ့တွံ့ရှုန့်တန့်၊ မလုံမခြုံကြီးတွေ ဖြစ်ကုန်သည်။ အခြေအနေက ရုတ်ချည်း ပြောင်းလဲသွားခဲ့သည်။

"ဘာဖြစ်ကယ် ... နင် ဘာပြောလိုက်တယ် ဒေဝင်"

နွေဝေ တအံ့တသြ ပြန်မေးလိုက်မိသည်။ ဒေဝင့် မျက်နှာက လူမိသွားသော သူခိုးတစ်ယောက်လို ကုပ်တိကုပ်ချောင်းကလေးနှင့် ...





"ဆော ... ဆောရီးပဲ နွေဝေရာ၊ ငါ အရမ်းစိတ်လွှတ်ရှားသွားမိလို့ လွတ်ခနဲ ထွက်သွားခဲ့တာပါ ..."

"ဟုတ်တယ် နွေဝေ ... ငါတို့သုံးယောက်စလုံး နင့်ကို တိတ်တခိုးနဲ့ ကြိတ်ချစ်နေခဲ့မိတာ ကြာပါပြီ၊ ငါတို့သုံးယောက်စလုံး တိုင်ပင်ပြီး နင့်ကို မပြောရဲလို့"

"ကြည့်စမ်း ... ကမ္ဘာကြီး ဘာတွေဖြစ်နေတာလဲ၊ ငါ မိန်းကလေးလို ပြောင်းလဲလိုက်မိတာနဲ့ နင်တို့ယောကျ်ားတွေအားလုံး စိတ်ပြောင်းသွားစရာလား။ တောက် ..."

နွေဝေသည် ရှက်လည်းရှက်၊ စိတ်လည်းဆိုးကာ လက်သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်ပြီး အံကလေး တကြိတ်ကြိတ်ဖြင့် ရှက်ရမ်းရမ်းသလို အော်လိုက်မိသည်။ တကယ်ဖြစ်ချင်တာက သုံးကောင်စလုံးကို လက်သီးနှင့် ပိတ်ထိုးပစ်ချင်တာပါ။ မလုပ်ရက်လို့သာ ...။



www.burmeseclassic.com

www.burmeseclassic.com




"ဒါကတော့ နင်က သိပ်ချစ်စရာကောင်းတာကိုး နွေဝေရာ၊ သူများ ဦးသွားရင် ငါတို့ပဲ ရင်ကွဲပက်လက် ကျန်ရစ်ခဲ့ရမှာ . . ."

"အေး . . . အဲဒီတော့လည်း သေလိုက်ကြပေါ့ဟဲ့၊ ငနာတွေရဲ့ . . .၊ သွား . . . နင်တို့သုံးကောင် ငါ့အနားကို မကပ်နဲ့၊ ငါ့ကို အနီးကပ်ပြီး မကောင်းကြံနေကြတာ၊ ငါကတော့ ရိုးရိုးသားသား ဖြူဖြူစင်စင် ခင်လိုက်ရတာ"


နွေဝေ့ဘဝတွင်၊ ယောကျာ်းလေးတွေ၏ အချစ်အတွက် စိတ်ထဲ ကြည်နူးသာယာမှု မဖြစ်ဘဲ၊ ကသိကအောက်ဖြစ်ရသည်မှာ ဒါ ပထမဆုံးအကြိမ် ဖြစ်သည်။ သူတို့သုံးယောက်ကို တော်တော်နှင့် ခွင့်မလွှတ်ချင်။ ပြီးတော့ . . . ညွှန်းစေကိုလည်း လုံးဝ မကျေနပ်။

◆◆◆◆◆





အခန်း - ၇



www.burmeseclassic.com

www.burmeseclassic.com



All successful people have a goal.
No one can get anywhere unless
he knows where he wants to go
and what he wants to do.

Norman Vincent Peale, 1898-1993.

အောင်မြင်တဲ့ လူတွေအားလုံးမှာ
ပန်းတိုင်တစ်ခုတော့ ရှိပါတယ်၊
လူတစ်ယောက်ဟာ သူ ဘယ်ကို သွားချင်မှန်း၊
ဘာကိုလုပ်ချင်မှန်း မသိဘဲနဲ့တော့
ဘယ်နေရာကိုမှ မရောက်နိုင်ပါဘူး။



MYANMAR IDOL GRAND FINAL ပြိုင်ပွဲနေ့။ Hotel Nikko မှာ ဖြစ်သည်။ ဒီနေ့ ပို၍ လူစည်ကားပါသည်။ Pool Side နံဘေးမှာ စင်မြင့်ထိုးထားလျက် နွေဝေတို့ ပြိုင်ပွဲဝင်ရမည် ဖြစ်သည်။ နွေဝေ့စိတ်ထဲမှာ လှုပ်ရှားယိမ်းထိုးနေပေမယ့် သေချာပိုင်နိုင်သော စိတ်ချမှုတစ်ခုရှိနေသည်။ ပထမဆုံး စတင်၍ သီဆိုရသည်မှာ ဩမဒီဖြစ်၏။ ပြီးတော့မှ နွေဝေတို့ HOPE အဖွဲ့။ နွေဝေတို့လေးယောက် အကောင်းဆုံး သီဆိုကာ အလှပဆုံး ကခုန်ပြခဲ့သည်။ နွေဝေတို့အဖွဲ့ ကလေးပဲ



www.burmeseclassic.com

www.burmeseclassic.com



MYANMAR IDOL ဆုကို ရတော့မည်ဟု နွေဝေ စိတ်ချသက်ချ ယုံကြည်ထားခဲ့ပြီးဖြစ်သောကြောင့် အကောင်းဆုံးပင် ဖြေဖျော်ကပြနိုင်ခဲ့သည်။ နောက်ဆုံးသီဆိုရသူက ညွန်းစေ။ သူက သက်တောင့်သက်သာ အေးအေးဆေးဆေးရှိလှသည်။ Tuxedo ညနေခင်းဝတ်စုံအဖြူနှင့်အနက်ကို ဝတ်ထားသည်။ ဒီလိုကျတော့ သူ့ရုပ်ရည်က ထင်းလင်းထင်ရှားထွက်နေကာ မိန်းကလေးပရိတ်သတ်တွေက သူ့ကို အသည်းအသန်၊ အရူးအမူးပင် အားပေးကြလေသည်။ သူက လေးဖြူ၏ "မဥ္ဇူရီ" သီချင်းကို သေသေသပ်သပ်၊ လှပစွာ သီဆိုသွားခဲ့သည်။ လျှော့ဆိုသွားတယ်ဟုပင် မထင်ရ . . ။

မနေ့ညက နွေဝေ သူ့ကို အဖြေတစ်ခုပေးခဲ့ပြီးသား။

"ကောင်းပြီ . . . ညွန်းစေ၊ ငါတို့နှစ်ယောက်ရဲ့ အပေးအယူ အတည်ဖြစ်တယ် ဆိုပါတော့၊ နင်လိုချင်တဲ့





ဒုတိယအိပ်မက်ကို ငါ နင့်ကိုပေးမယ်၊ နင့်ရဲ့ ပထမ အိပ်မက်ကို ငါ့ကို ပေးပါမယ်လို့ ကတိပေးပါ"

အဲဒီအချိန်က သူ့မျက်နှာပေါ်က အပြောင်းအလဲ မှန်သမျှကို နွေဝေ အသေးစိတ် စောင့်ကြည့်အကဲခတ်နေခဲ့ပေမယ့် သူကပဲ လုံခြုံလွန်းလို့လား၊ လျှို့ဝှက်သိုသိပ်လွန်းလို့လား မသိ . . . သိပ်ထူးခြားမှု မရှိခဲ့ပါ။

"OK! deal . . ."

ဟုသာ သူ ပြန်ဖြေခဲ့သည်။ ဒီအပေးအယူကို ဇေဒင်တို့ အတန်တန်တားနေရက်ကြားမှ နွေဝေ ဖွတ်လုပ်ခဲ့တာဖြစ်သည်။ သုံးယောက်စလုံး သီဆိုပြီးသွားချိန်တွင် ပရိသတ်မဲပေးဖို့ရာအတွက် အချိန်တစ်နာရီ ပေးထားကာ ထိုအချိန်အတွင်းမှာ နာမည်ကြီးအဆိုတော်များက ကူညီသီဆိုဖျော်ဖြေပေးကြသည်။ နွေဝေနှင့်သူသည် ဒီနေ့အဖို့ စကားတစ်ခွန်းမျှဝင် မဆိုမိကြပါ။ သို့သော် မျက်ဝန်းချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်များစွာပင် ဆုံစည်းမိကြ၏။ ဒေဝတို့က သူ့ကို အကြီးအကျယ် မနာလိုဖြစ်နေကြသည်။

"ဒီကောင် လျှော့ပြီးဆိုသွားတယ်သာဆိုတယ် . . . တစ်ချက်ကလေးတောင် ဟာကွက်မရှိပါလားကွ၊ ရွေးထားတဲ့ သီချင်းကလည်း အပျံစား၊ သူ့အသံနဲ့ အလိုက်ဆုံးကို ရွေးထားတယ်၊ ဆိုဟန်ဆိုပေါက် အဆွဲအငင်တွေမှာလည်း ပညာသားက အပြည့်ပါပြီးသား။ ဘယ်မှာလဲ လျှော့ဆိုထားတာ၊ ပြီးတော့ ပရိသတ်က ပြောလို့ရတာ မဟုတ်ဘူး နွေဝေ . . .၊ ဒီကောင့်ပုံစံက ဒီလောက် အမိုက်စား လန်ထွက်နေတာ၊ မိန်းကလေးတွေက ဝိုင်းပြီးတော့ vote လုပ်ကြမှာပဲ၊ ဒီအလုပ်မျိုးကို မိန်းကလေးတွေပဲ စိတ်ပါဝင်စားရှိကြတာ"

ဟု . . . သော်က,က တွေးဆချင့်ချိန်သော အသံဖြင့် ပြောလျှင် နွေဝေ တကယ်ကို တွေဝေသွားပါသည်။





အကယ်၍ သူသာ MYANMAR IDOL အရွေးခံရလျှင် တူသော အတွေးဖြင့်ပင် နွေဝေ့နှလုံးသားဆီမှ ကျဉ်ရှနာကျင်သွားရ၏။ အဲဒီလိုသာဖြစ်ခဲ့လျှင်တော့ နွေဝေနှင့်သူဟာ တစ်သက်တာ ကမ္ဘာရန်တွေ ဖြစ်ကြတော့မည်ထင်ရဲ့။ စောင့်နေရသော တစ်နာရီသည် နွေဝေ့အတွက်တော့ စိတ်မရှည်နိုင်လောက်အောင်ကို ကြာရှည်လွန်းလှပါသည်။ နွေဝေသည် အငြိမ်မနေနိုင်လောက်အောင်ကို စိတ်လှုပ်ရှားလွန်းနေခဲ့မိ ပြီး စောင့်နေသော အချိန်သည် နွေဝေတို့ဆီသို့ ရောက်လာခဲ့သည်။

"ပရိသတ်ကြီးခင်ဗျား . . . ပရိသတ်ရဲ့ မဲနဲ့ ရွေးချယ်ဆုံးဖြတ်လိုက်တဲ့ MYANMAR IDOL တစ်ယောက်ကို မကြာခင်မှာ အဆိုတော် (      )က ကြေညာပေးပါလိမ့်မယ်၊ အခု စင်မြင့်ထက်မှာ အဖြေကို စိတ်လှုပ်ရှားစွာ မျှော်လင့်စောင့်စားနေကြတဲ့ ပြိုင်ပွဲဝင်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်လွန်းနေပါပြီ"

Presenter က ခပ်သောသောကလေး ကြေညာလျှက်ရှိ၏။ နွေဝေတို့လေးယောက်သား တစ်ယောက်လက်တစ်ယောက် ခပ်တင်းတင်း ဆုပ်ကိုင်ထားကြကာ ရင်ဘတ်ကြီး တစ်ခုလုံး ပေါက်ထွက်သွားမတတ် နှလုံးသားက ဝုန်းဒိုင်းကြဲ ခုန်ပေါက်လျက် ရှိသည်။

အဆိုတော် ( )က စင်မြင့်ပေါ်သို့ ပေါ့ပါးသွက်လက်စွာ ပြေးတက်လာသည်။ သူ့လက်ထဲမှာ စာအိတ်အနက်ရောင်ကလေး တစ်အိတ်နှင့် . . .

"အင်း . . . MYANMAR IDOL ကျွန်တော်ဖြစ်ချင်လိုက်တာဗျာ၊ ဘယ်လိုလဲ . . . ရင်ခုန်နေကြပြီလားသူငယ်ချင်းတို့ . . . နေဦး ကျွန်တော် မကြာပါဘူးကြေညာပေးပါ့မယ် . . . ဒီလိုလုပ်မယ်ဗျာ၊ ပိုပြီး ရင်ခုန်စရာလေးဖြစ်သွားအောင် သုံးယောက်ထဲက မပါတဲ့





တစ်ယောက်ကို အရင်ဆုံး ဖယ်ပေးလိုက်မယ်နော်၊ အဲဒါဆိုရင် ကျန်တဲ့နှစ်ယောက် ပိုပြီး ရင်ခုန်ရတာပေါ့။ ဟဲ ဟဲ . . . ကျွန်တော် တမင်သက်သက် နှိပ်စက်တာမဟုတ်ပါဘူးနော်၊ ကျေနပ်တယ်မှုလား . . . "

ပရိသတ်က ရယ်မောကြသည်။ နွေဝေ့နှုတ်ခမ်းထောင့်စွန်းကလေးတွေ တဆတ်ဆတ် တုန်ရင်လာကာ ဒူးများပင် ညွတ်ခွေချင်ချင် ဖြစ်လာသည်။

"ကဲ . . . ကျွန်တော် နည်းနည်း ချောင်းကြည့်လိုက်မယ်၊ ဟုတ်ပြီဗျာ . . . ၊ ဒီနှစ်အဖို့ MYANMAR IDOL ဆုနဲ့ အနီးဆုံးနေရာမှာရှိသူတစ်ယောက်ကို ကျွန်တော်အရင် ကြေညာပေးမယ် . . . ညွှန်းစေပါခင်ဗျား"

ပရိသတ်ရဲ့လက်ခုပ်သံတွေ အုတ်အော်သောင်းနင်း ဖြစ်သွား၏။ နွေဝေ့မျက်လုံးတွေထဲ ပြာဝေလာကာ မျက်ရည်တွေ ပြည့်ချင်လာသည်။ နားထဲမှာ တဝေါဝေါ အသံတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆူညံလျက်ရှိသည်။

"နောက်ထပ်တစ်ယောက်ကို ကျွန်တော် ထပ်ခေါ်ပေးပါမယ်"

အဆိုတော်က အသံကို ခဏရပ်ထား၏။ နွှေဝေ မျက်လုံးတွေကို မှိတ်ထားလိုက်မိကာ အသံကို ရှူးသွပ်ခမန်း နားစွင့်ထားမိသည်။

"MYANMAR IDOL ဖြစ်နိုင်ချေအရှိဆုံး နောက်တစ်ယောက်ကတော့ . . ."

အားလုံး ငြိမ်သက်တိတ်ဆိတ်သွား၏။

"HOPE . . ."

အဖွဲ့ကလေးပဲ ဖြစ်ပါတယ်။ နွှေဝေတို့ ခုန်ပေါက်လိုက်မိကြကာ တစ်ယောက်ကိုတစ်ယောက် ဝိုင်းဖက်လိုက်မိကြသည်။

"ဒီနှစ်ယောက်ထဲက တစ်ယောက်ကတော့ နောက်





တစ်မိနစ်လောက်အကြာမှာ MYANMAR IDOL ဖြစ်တော့မှာပါ။ သေချာပါတယ် . . . ဟား ဟား"

နွှေဝေ သူ့ဆီ ဖျတ်ခနဲ ခိုးကြည့်လိုက်မိတော့ . . . ဘုရားရေ . . . သူ့မျက်နှာက တည်ငြိမ်သွေးအေးလှချည်လား။ စိတ်လှုပ်ရှားနေသော ဟန်ပန်လုံးဝမရှိချေ။

"ဒီထက်ပိုပြီး မနှိပ်စက်တော့ပါဘူးဗျာ . . . ကျွန်တော် ကြေညာပါတော့မယ်၊ ဒီနှစ် 2008 ရဲ့ MYANMAR IDOL ကတော့ . . ."

နွှေဝေ အော်ဟစ်ပစ်ချင်စိတ်ပေါက်လာသည်။ ဒီဆုကိုသာ နွှေဝေ မရလိုက်တော့ နွှေဝေ ရူးသွားမလား မသိ။

"HOPE . . ."

ဝေါခနဲ လက်ခုပ်သံတွေ ဝက်ဝက်ကွဲသွားပါသည်။ နွှေဝေ့နားထဲ ဘာသံမှ မကြားရတော့သလို မြင်ကွင်းတွေ အားလုံးလည်း မှုန်ဝါးသွားသလို သတိအာရုံ ခဏ ကင်း



www.burmeseclassic.com

www.burmeseclassic.com



လွှတ်သွားခဲ့၏။ လှုပ်ရှားယိမ်းထိုး၊ မွေ့ရမ်းခုန်ပေါက်လျက် ရှိနေကြတွေကြားမှာ နွေဝေ့တစ်ကိုယ်လုံး တုန်ရီယိမ်းနွဲ့နေသည်။ အဲဒီအချိန် မှာ အသံတစ်ခု ထွက်ပေါ်လာခဲ့ခြင်းဖြစ်၏။ ထိုအသံက နွေဝေ့၏ အသိအာရုံတွေကို တစ်စချင်း ပြန်ဆက်ပေးလိုက်ခြင်းဖြစ်၏။

"ကျွန်တော် ဝမ်းသာနေပါတယ် ... တကယ်ပြောတာပါ၊ ကျွန်တော်ကိုယ်တိုင် ရလိုက်တာထက် ကျွန်တော့်ချစ်သူ သိပ်ပြင်းပြထက်သန်နေတဲ့ ဒီ MYANMAR IDOL ဆုကို သူ ရလိုက်တာ ကျွန်တော် ပိုပြီး ကျေနပ်ဂုဏ်ယူပါတယ်၊ အဲဒါ သူ့ရဲ့ ပထမ အိပ်မက်တစ်ခုပါ"

ညွန့်စေက ထိုစကားကို ခပ်ပြုံးပြုံး မျက်နှာထားဖြင့် မိုက်(ခ်)ကို ကိုင်ကာ ပြောနေခဲ့ခြင်းဖြစ်သည်။ ကျွန်တော့် ချစ်သူဆိုသော အသုံးအနှုန်းကို အားလုံးသိအောင် လူသိရှင်





ကြား ကြေညာလိုက်ခြင်းအားဖြင့် သူ နွေဝေ့ကို ချည်နှောင် သိမ်းပိုက်ပစ်လိုက်ခြင်းပဲပေါ့။ နွေဝေသည် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိနိုင်လောက်အောင် ကြောင်အမ်း ထုံအ,လျက် ရှိသည်။ ဒေင်တို့ကတော့ မျက်နှာထားတွေကိုတော့ ပြုံးထားကြလျက် အသံတိုးတိုးဖြင့် ...

"သေချင်ဆိုး ... ဒီကောင် အပိုင်ချည်လိုက်ပြီကွ"

"တောက် ... ရာရာစစကွာ၊ သူမို့ မျက်နှာပြောင်တိုက်ပြီး ကြေညာရက်လိုက်တာ"

"တမင်သက်သက် မဏ္ဍပ်တိုင် တက်ပြလိုက်တာကွာ၊ ကဲ ဘယ်လိုလုပ်ကြမလဲ နွေဝေ၊ နင် မျှားတဲ့ငါးက နင့်ကို ဝါးမြိုဖို့ ပါးစပ်ကြီးဟပြီး အဆင်သင့်ဖြစ်နေပြီ၊ နင်ရတဲ့ ဆုနဲ့ နင်ပြန်ပေးရမယ့် အရာနဲ့ ထိုက်တန်ရဲ့လား နင် ပြန်တွေးဦး ..."

"နေကြစမ်းပါဦးဟာ ... ငါ့မှာ အပျော်ကတင်ဟာ၊



www.burmeseclassic.com

www.burmeseclassic.com



အောင်သီးအောင်သက်ကြီးက တစ်ဝက်နဲ့ နီးလို့ခုလုကြီး ဖြစ်နေတယ်"

နွေဝေတို့လေးယောက်သား စင်မြင့်ထက်မှာ အပြုံးကျက်နှာကိုယ်စီဖြင့် နှုတ်ခမ်း မလှုပ်ဘဲ အသံတိုးတိုးတလေးတွေနှင့် ပြောနေကြခြင်းဖြစ်သည်။ ခုလောက်ဆို ပရိသတ်တွေကြားထဲမှာ ရောက်နေသည့် မိခင်နှစ်ယောက်လည်း သူ့ရဲ့ ကြေညာသံအတွက် အံ့မခန်းတွေ ဖြစ်နေလောက်ရောပေါ့။

သူက စင်မြင့်ပေါ်ကနေ မဆင်းခင်မှာ နွေဝေ့ဆီသို့ လျှောက်လာပြီး သူချစ်သူတစ်ယောက်ကို နှုတ်ဆက်သလိုပင် ပခုံးကို လာဖက်ပြီး အာပါးတရ ပြုံးပြပြီး . . .

"ကိုယ် ကတိတည်ပါတယ်နော် နွေဝေ၊ ဒီည ကိုယ့်ချစ်သူရဲ့ အောင်မြင်မှုအတွက် ကိုယ်တို့ချစ်သူနှစ်ယောက် celebrate လုပ်ကြတာပေါ့"





ဟု . . . နှစ်ကိုယ်ကြား လေသံခပ်တိုးတိုးဖြင့် ပြောသွားသည်။ နွေဝေ့မှာ ညှို့ဆေးအမိခံထားရသူလို ဘာတစ်ခုမှ မတုံ့ပြန်နိုင်။ ရင်ထဲမှာ လိပ်ပြာတွေအများကြီး တဖျပ်ဖျပ်ခါနေသလို တလှပ်လှပ်ဖြင့် အခံရခက်လျက်ရှိသည်။ နောက်ပိုင်း နွေဝေတို့ group ကလေးကို ဆုချီးမြှင့်တာ၊ နွေဝေတို့ ကျေးဇူးတင်စကားပြောရတာတွေကို ဘာတစ်ခုမှ အာရုံဝင်စားနိုင်ခြင်း မရှိတော့။ စိတ်အာရုံနှင့် လူက တကယ်ကိုယှဉ်တွဲလျက် မရှိတော့။ ဘာစကားတွေ ပြောမိလိုက်မှန်းပင် ကိုယ့်ကိုယ်ကိုယ်လည်း မသိတော့။ နွေဝေ့ ကိုယ်ခန္ဓာသည် အိပ်မက်ထဲမှာလိုလို၊ တိမ်စိုင်တိမ်လိပ်တွေထဲမှာလိုလို လွင့်မျောလျက်ရှိလေသည်။ နွေဝေ့ဘဝမှာ အဖြစ်ချင်ဆုံး၊ အရူးသွပ်ဆုံးသော MYANMAR IDOL လည်း ဖြစ်ခွင့်ရခဲ့ပြီ။ ပြီးတော့ နွေဝေ တစ်ခါမှ စိတ်တောင်မကူးခဲ့ဖူးသော၊ မျက်နှာချင်းပင် ဆိုင်လို့မရအောင် အမြင်ကပ် မုန်းတီးမေတ္တာတုံး



www.burmeseclassic.com

www.burmeseclassic.com



သော ပြိုင်ဘက်တစ်ယောက်ကို 'ချစ်သူ'အဖြစ်လည်း ရခဲ့လိုက်ပြီ။ ဘဝဆိုတာ ဘာကြီးပါလိမ့် . . . ။ အလိုချင်ဆုံးဆုတစ်ဆုနှင့်အတူ မလိုချင်ဆုံး side effect ကြီးတစ်ခုကိုပါ ယှဉ်တွဲလျက် ရရှိတတ်သည်မှာ ဘဝကပေးသော အပေးအယူတစ်ခုပဲလား မသိတော့ပါ။

◆◆◆◆◆



အခုတော့လည်း အရာအားလုံးသည် စနစ်တကျ ပြီးစီးလို့။ လောကကြီးတစ်ခုလုံးသည် တစ်နေကုန်ဆူညံလင်းလက်ခဲ့သည်မှာ သူ မဟုတ်သည့်အတိုင်း မှောင်အတိကျယျက် ငြိမ်သက်တိတ်ဆိတ်လွန်းနေ၏။ မိခင်နှစ်ယောက်ကတော့ ဘာပြောကောင်းမလဲ။ နွေဝေနှင့် ညွန့်းစေဟူသော တစ်ချိန်လုံး စစ်ပွဲခင်းနေသူ ရန်ဘက်နှစ်ယောက်ကရုပ်တရက်ကြီး ငြိမ်းချမ်းရေးရကာ၊ ချက်ချင်းကြီး ချစ်သူတွေဖြစ်သွားကြခြင်းအပေါ် လိုက်လို့ပင် မမီနိုင်တော့သည့်ကြားမှ



www.burmeseclassic.com

www.burmeseclassic.com



ပင် အပျော်ကြီး ပျော်ရွှင်ကျေနပ်မဆုံးရှိကြသည်။ ပြီးတော့ တလက်စတည်း ရိုးသားစွာ ဖွင့်ဟဝန်ခံကြသည်မှာ နွေဝေတို့ လူငယ်နှစ်ယောက်ကို ပြေလည်မေတ္တာမျှသွားစေချင်သော စိတ်ကူးဆန္ဒသည် မိခင်နှစ်ယောက်စလုံး၏ ရင်ဘတ်ထဲတွင် အသီးသီး ခိုအောင်းလျက်ရှိပြီးသားပါတဲ့။ နွေဝေ့မှာသာ ကိုယ့်ဒုက္ခကိုယ် အသိဆုံး ဖြစ်တော့သည် . . .။ "မချစ်သော်လည်း အောင့်ကာနမ်း" ဆိုသော အဖြစ်မျိုး နွေဝေ့တစ်သက်မှာ တစ်ခါမှ မကြုံဖူးခဲ့ပါချေ။ သူကတော့ ကတယ်ပင် မင်သေနိုင်သူ ဖြစ်သည်။ သူ၏ ရင်ထဲက ခံစားချက်အမှန်ကို နွေဝေ ဘယ်လိုမှ မှန်းဆခန့်မှန်း၍ မရနိုင်။ သူ တကယ်ပဲ ပျော်နေသလား၊ နွေဝေ့ကို အညာကနေ ခူးဆွတ်ချိုးယူနိုင်လိုက်သည့်အတွက်ပဲ သူကိုယ်သူ ကျေနပ်ဂုဏ်ယူနေသလား နွေဝေ မခွဲခြားနိုင်ပါ။ နွေဝေ့စိတ်ထဲမှာတော့ ခံစားချက်တွေမျိုးစုံနှင့် ယောက်ယက်ခတ်နေသည်။ နွေဝေ သူ့ကို မချစ်ပါ . . .။





မုန်းတောင် မုန်းနေပါသည်။ သို့သော် သူက နွေဝေ့ချစ်သူဖြစ်နေပြီတဲ့။ ဆိုးလိုက်တဲ့ဖြစ်ခြင်း . . .။

ညကတော့ သူ့တာဝန်သူ ကျေပွန်စွာ ငြိမ်သက်တိတ်ဆိတ်ပေးလျက်ရှိသည်။ ဝရန်တာမှာ နွေဝေတို့နှစ်ယောက်တည်း။ သူက နှုတ်ခမ်းထက်ဆီမှာ အပြုံးတစ်စ ခိုတွယ်လျက် နွေဝေ့ကို ငေးစိုက်ကြည့်နေခဲ့သည်မှာ အကြာကြီး။ နွေဝေ အနေရခက်လာသည်။ သူ့ရင်ထဲက ရင်တွင်းဆန္ဒအမှန်ကို နွေဝေ တကယ်ပင် မမှန်းဆနိုင်ပါ။ သူ့အကြည့်ကနေ တဆင့် သူ့ရဲ့ရင်ထဲသို့ ထွင်းဖောက်ပြီး ဖတ်ကြည့်နိုင်စွမ်း မရှိသည်မှာ နွေဝေကပဲ ညံ့နေလို့လား . . . သူကပဲ လုံခြုံသိုသိပ်လွန်းလို့ပဲလား မသိပါ။

"ဘာဖြစ်လို့ ငါ့ကို ဒီလောက် စိုက်ကြည့်နေတာလဲ ညွှန်းစေ . . . ငါ မနေတတ်တော့ဘူး"

"ဩော် . . . ကိုယ့်ချစ်သူကို ကိုယ်ကြည့်တာပဲဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တော့ ကြည့်ခွင့်ရှိပါတယ်"

"နင် ငါ့ကို သက်သက်ရိနေတာကို ငါ ခံစားလို့ရတယ် သိလား"

နွေဝေ့အသံက အောင့်သက်သက်။ စဉ်းစားကြည့်လေ ...။ အပေးအယူသဘောမျိုးနှင့် ရလိုက်သော ချစ်သူဆိုတာကြီးကို ဘယ်မိန်းကလေးက ဖီလင်လာရမှာလဲ။ ရင်ခုန်ကြည်နူးဖို့ဝေးစွ ...။ သူ့ဆီက ချစ်သူ ... ဆိုသော အသုံးအနှုန်းကို တစ်ခါကြားရတိုင်း အပ်ချွန်ချွန်ကလေးနှင့် အသည်းကို ဆွလိုက်သလိုသာ ခံစားရလေသည်။

"ကဲ ... နင်ဘာပြောစရာရှိသေးလဲ၊ ငါ အိပ်ချင်ပြီ။ သွားအိပ်တော့မယ် ..."

နွေဝေက မျက်ခုံးကလေးရှုံ့ကာပြောရင်း အိမ်ထဲ ပြန်ဝင်ဖို့ အလှည့်တွင် နွေဝေ့လက်ကလေးတစ်ဖက်ကို သူ့ရဲ့ လက်တစ်ဖက်က ဖျတ်ခနဲ လာရောက်ဆုပ်ကိုင်လိုက်ခြင်းကို





ခံလိုက်ရကာ အဲဒီလက်နေရာဆီမှာ ဓာတ်လိုက်ခံလိုက်ရသလို ကျဉ်ခနဲဖြစ်သွား၏။

"နင် ဒါ ဘာလုပ်တာလဲ ညွှန်းစေ ...၊ ခုချက်ချင်း လွှတ်စမ်း၊ ငါ့ကိုလာပြီး အသားမယူနဲ့နော်၊ ငါ ကျွေးပစ်လိုက်မယ်"

ကျန်လက်တစ်ဖက်ဖြင့် လက်သီးရွယ်ရင်း နွေဝေ ခပ်ဆတ်ဆတ် ရုန်းပစ်လိုက်သည်။

"ဘာလဲဟ ... ချစ်သူတွေမှာ လက်ကိုင်ခွင့်တော့ ရှိရမှာပေါ့"

"နေစမ်းပါဦး ... ချစ်သူ ... ချစ်သူ ဆိုတာကြီးကို အလကားရတိုင်း အလွဲပယ်သုံးမနေစမ်းပါနဲ့ ညွှန်းစေ၊ နင်နဲ့ငါက တစ်ယောက်ကိုတစ်ယောက် ချစ်လွန်းခင်လွန်းလို့ ဖြစ်လာရတဲ့ ချစ်သူတွေ မဟုတ်ဘူး၊ နင်လည်း နင့်အကြံနဲ့နင် ... ငါလည်း ငါ့လိုအပ်ချက်နဲ့ငါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မကြားဖူးတဲ့ အပေးအယူသက်သက်နဲ့ ချစ်သူတွေ စဖြစ်တာ၊ နင်လည်း ငါ့ကို မချစ်ဘူးဆိုတာ ငါသိသလို၊ ငါလည်း နင့်ကို တစ်စက်ကလေးမှ မေတ္တာ မရှိဘူးဆိုတာ သဘောပေါက်၊ ဒီအပေးအယူကို ငါ အနိုင်ရချင်လွန်းလို့ သွေးရူးသွေးတန်း သိပ်ဖြစ်နေတဲ့ အချိန်မှာ သဘောတူလက်ခံခဲ့မိတာပါ။ နင် သိထားဖို့က ချစ်သူတွေ ဖြစ်သွားပြီဆိုတိုင်း၊ တစ်သက်စာ ခိုင်မြဲစွာ လက်တွဲပါ့မယ်လို့ ဘယ်သူကမှ commit မလုပ်ထားဘူး ရှင်းလား ...၊ ငါ့ဘက်က အချိန်မရွေး ပြတ်စဲခွင့် ရှိတယ်”

နွေဝေက အသက်မရှူစတမ်း မရပ်မနား ပြောပစ်လိုက်သည်။ သူက သူ့ထုံးစံအတိုင်း သူ့ခံစားချက်ကို ထုတ်ဖော်ပြသခြင်းမရှိဘဲ ငြိမ်သက်စွာ နားထောင်နေရင်း ...

“ရပါတယ် ... နင့်ဘက်က ညစ်ခွင့်ရှိသလို ငါ့ဘက်





ကလည်း ရင်ဖွင့်ခွင့် ရှိရမှာပေါ့၊ နင် ကြိုသိထားရအောင်တော့ ကိုယ့်ရဲ့ ဝှက်ဖဲကလေးကို ပြောပြထားမှာပါ။ Interview ကလေးတစ်ခုလောက် လုပ်လိုက်ရုံပါပဲ၊ အခု MYANMAR IDOL ရသွားတဲ့ နွေဝေနှင်းဆီပါတဲ့ HOPE အဖွဲ့ကို Media တွေကလည်း စိတ်ဝင်စားပြီးသားပဲ၊ ပရိသတ်ကလည်း သိချင်ကြမှာပဲ၊ နင်နဲ့ ငါ့ရဲ့ အပေးအယူကလေးကို ငါ ရင်ဖွင့်လိုက်ရင် ပွဲက ပြီးပြီ၊ နင့်အတွက် ငါ လျှော့ဆိုပေးလိုက်ရတယ်ဆိုတာ သူတို့ သဘောပေါက်သွားမှာပေါ့၊ ငါရလိမ့်မယ်လို့ အပိုင်တွက်ထားတဲ့ မမ ... ကတောင် ငါ့အတွက် တော်တော် မချင့်မရဲ ဖြစ်နေတာ၊ ငါ့ဘက်က အိပ်မက်ကြီး တစ်ခုလုံး ပေးလိုက်ရပြီးမှ ငါ ပြန်ရတာ နင့်ရဲ့ သစ္စာဖောက်ခြင်းပဲဆိုရင်တော့ စမ်းကြည့်လိုက်လေ နွေဝေနှင်းဆီ၊ ငါ့အကြောင်း နင် နည်းနည်းလောက်



www.burmeseclassic.com

www.burmeseclassic.com




တော့ ရိုပ်မိပြီးသားပါ၊ မတရားမှုတစ်ခုကို ငါ ဘယ်တော့မှ ငြိမ်ငြိမ်ခံနေမှာ မဟုတ်ဘူး၊ ငါ့အိပ်မက်ကို ငါ မဖြစ် ဖြစ်အောင် ပြန်ယူဖို့ ကြိုးစားမှာပဲ”


သူ့ဘက်ကလည်း ချက်ချင်းပဲ ထိုးစစ်ပြန်ဆင်လာသည်မို့ နွေဝေပြန်ပြီး နှုတ်ဆိတ်သွား၏။ နွေဝေ ဘယ်ခြေလှမ်းပြင်လျှင်၊ သူ ဘယ်လို တုံ့ပြန်မည်ဆိုတာကို ကြိုတင်စစ်ကြေညာထားပြီးသားမို့ နွေဝေ စွန့်စားခန်းမယူတော့ပါ။ အခုအချိန်မှာ နွေဝေ့အိပ်မက်က နွေဝေ ကိုယ်တိုင်ထက်ပိုပြီးတော့ အရေးကြီးပါသည်။

◆◆◆◆◆





အခန်း — ၈



www.burmeseclassic.com

www.burmeseclassic.com



Go confidently in the direction

of your dreams!

Live the life you've imagined.

Henry David Thoreau, 1817-1862.

မင်းရဲ့ အိပ်မက်တွေရဲ့ ညွှန်းစေရာအတိုင်း

ယုံကြည်စိတ်ချစွာ သွားပါ။

မင်း မှန်းဆတွေးမြင်ထားတဲ့ ဘဝအတိုင်း နေပါ။



ကော်ဖီဆိုင်ကလေးထဲမှာ သူတို့အားလုံး၏ မျက်နှာပေးတွေက ကြောင်စီစီ၊ အောင့်သက်သက်၊ မသက်မသာနှင့် ဖြစ်သည်။ နွေဝေကိုယ်တိုင်လည်း စိတ်ထဲမှာ ခပ်တင်းတင်းကလေးတော့ ခံစားနေရ၏။ ဘာမှတော့လည်း မတတ်နိုင်ပြန်။ သူ တမင် သက်သက် အရွဲ့တိုက်နေမှန်း သိသိကြီးနှင့်ကို ခံနေရခြင်းဖြစ်သည်။ သူက နွေဝေ့ကို 'ချစ်သူ' ဟူသော ဂျာကင်ကြီးတစ်ထည်ဖြင့် လိုက်ပြီး လွှမ်းခြုံဖို့ ကြိုးစားနေသည်။ နွေဝေ့အတွက်က ပူစပ်လောင်မြိုက်သော နွေခေါင်ခေါင်ကြီးမှာ ထိုဂျာကင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို လုံးဝ အလိုမရှိသလို ဖြစ်နေသည်။ ပြဿနာက အဲဒါပဲဖြစ်သည်။ အပေးအယူလုပ်ခဲ့စဉ်က နွေဝေသည် ကိုယ်လိုချင်တာတစ်ခုတည်းကိုပဲ အရှုံးအမှုံး အာရုံစိုက်ထားခဲ့သည်။ ကျန်သည့်နောက်ဆက်တွဲ ရလာဒ်တွေကို ခေါင်းထဲတောင် ထည့်မစဉ်းစားမိခဲ့။ ဒီနေ့တော့ နွေဝေတို့ HOPE အဖွဲ့နှင့် နွေဝေတို့ကို စင်တင်ပေးမည့် "DREAM WORK" MUSIC PRODUCTION မှ ပိုင်ရှင်နှင့် စာချုပ်ချုပ်ဆိုပွဲကလေးကို "The Art" ကော်ဖီဆိုင်ကလေးထဲမှာ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုပွဲသို့ ညွန့်စေက နွေဝေ့၏ချစ်သူအဖြစ်နှင့် နွေဝေ့နံဘေးကနေ မရမက လိုက်ပါလာခဲ့သည်။ နွေဝေ့ဘေးမှာ ခပ်တည်တည်ပင် ဝင်ထိုင်သည်။ ဒေင်တို့ သော်ကတို့ဟာ သူ့ကို တော်တော်မျက်မုန်းကျိုးကာ တင်းလျက်ရှိပြီ။ စာချုပ် ချုပ်ဆိုခြင်းကိစ္စထဲကိုတော့ သူ တစ်ခွန်းမှ ဝင်ရောက်စွက်ဖက်ခြင်း မရှိပါ။ သို့သော် စဉ်းစားကြည့် . . .။ အနားကနေ တစ်ချိန်လုံး





ကပ်ပြီး နွေဝေ့ မျက်နှာ၊ နွေဝေ့ စကားပြောပုံ၊ လှုပ်ရှားမှုအားလုံးကို မေးထောက်လျက်သားဖြင့် အသေးစိတ် ထိုင်ငေးကြည့်နေခဲ့သည်မှာ ဖိုးကာ၏ တစိမ့်စိမ့်ကြည့် သီချင်းထက်တောင် ဆိုးသေးသည်။ နွေဝေ နေကို မနေတတ်တော့။ နွေဝေ့ ဘော်ဒါတွေက ပိုဆိုးသည်ပေါ့။ သူတို့သုံးယောက်စလုံးက နွေဝေ့ကို တပြိုင်နက်တည်း ကျိတ်ချစ်နေသူတွေပါဟု ဖွင့်ဟဝန်ခံထားပြီးသားလေ။ သူတို့ နေရာမှာ ဝင်ပြီး မှန်းဝေခံစားကြည့်မယ်ဆိုလျှင် ဘယ်သူက နောက်မှ ဝင်ပေါက်သော ရွှေနေကြာကို ကြည်ဖြူနာလိုနိုင်စွမ်း ရှိနိုင်မည်နည်း။ ပြီးတော့ ဒီဇာတ်လမ်း အစအဆုံးကို အားလုံး သိထားခဲ့ပြီးသားဆိုတော့ ပိုဆိုးပါသည်။ စစ်ကြေညာထားပြီးသား ရန်သူနှစ်ယောက်ကို 'ချစ်သူ' ဟု ခေါင်းစဉ်ပြောင်းတပ်ပေးလိုက်တာက လွဲပြီး ကျန်တာ ဘာမှ မပြောင်းလဲပဲ။ သူ တမင်သက်သက် နွေဝေ့ကို ပညာပေးနေသည်ဟုပဲ နွေဝေ ခံစားရပါသည်။



www.burmeseclassic.com

"ကဲ . . . စာချုပ်တော့ ချုပ်ပြီးသွားပြီဆိုတော့ မင်းတို့ဘက်ကလည်း သီချင်းတွေ ရှာထားပါ၊ ကိုယ့်ဘက်ကလည်း နာမည်ကြီး တေးရေးဆရာတွေဆီမှာ သီချင်းတွေ အပ်ထားမယ်၊ သီချင်းတွေ စ,စုကြတာပေါ့၊ စိတ်တိုင်းကျ သီချင်းတွေရွေးပြီးတဲ့အခါ Studio မှာ အသံ စသွင်းကြတာပေါ့၊ Studio ကလည်း ကိုယ့်မှာ ကိုယ်ပိုင်ရှိပြီးသားဆိုတော့ ဘာမှ ပူစရာ မရှိဘူး၊ အရေးကြီးတာက မင်းတို့ ပထမဆုံး အခွေနဲ့ ပေါက်သွားဖို့ပဲ၊ အဲဒီအတွက် မင်းတို့ဘက်ကလည်း အစွမ်းကုန် ကြိုးစားပေးပါ၊ ကိုယ့်ဘက်ကလည်း အစွမ်းကုန် မြှောက် မြှောက်ပေးဖို့ အဆင်သင့်ပဲ၊ ဒါ မင်းတို့အတွက် အခွင့်အရေးတစ်ခု ဖြစ်သလို၊ ကိုယ့်အတွက်လည်း အခွင့်အရေး တစ်ခုပါပဲ . . ."

Producer က အသက်သိပ်မကြီးလှသေးပါ။





အသက်လေးဆယ့်ငါးယောက်အရွယ် လူလတ်ပိုင်း၊ တက်ကြွထက်သန်သူတစ်ယောက် ဖြစ်သည်။

"စိတ်ချပါ ဦးမောင် . . . ကျွန်တော်တို့ ဒီအခွင့်အရေးကို အပြည့်အဝ အသုံးချမှာပါ၊ လောလောဆယ် ကျွန်တော်တို့ ရေးထားတဲ့ သီချင်းတွေလည်း အဆင်သင့်ရှိပါတယ်၊ နွေဝေရေးတာ များပါတယ်၊ နွေဝေ့ Studio မှာ အသံသွင်းထားတဲ့ အခွေကြမ်းလည်း ရှိပါတယ် . . ."

"ကောင်းတာပေါ့ . . . ကိုယ် နားထောင်ကြည့်မယ်၊ တကယ်တမ်းပြောရရင် ညွှန်းစေရဲ့ အသံကလည်း တကယ့် Professional ပဲကွ၊ မင်းလည်း အလားအလာ အများကြီး ရှိတယ်၊ ကြိုးစားကွာ . . .၊ မင်းကိုလည်း ကိုယ် စိတ်ဝင်စားပါတယ်"

Producer က ညွှန်းစေကိုပါ စကားဝိုင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ် သွင်းခဲ့သည်။

"ကျွန်တော် ကြိုးစားပါ့မယ် အစ်ကို . . . ကျွန်တော် အရမ်းလည်း ဖြစ်ချင်ပါတယ်၊ အဲဒါ ကျွန်တော့်ဘဝရဲ့ အရေးအကြီးဆုံး အိပ်မက်ပါ . . ."

ဟူသော . . . စကားကို သူက တကယ် လေးနက်လှိုက်လှဲသော အသံဖြင့် ပြန်ပြောလိုက်သောအခါ နွေဝေတို့ လေးယောက်မျက်လုံးချင်းတွေ ဆုံမိသွားကြသည်။ အဲဒါနဲ့များ သူ ဘာကြောင့် အလျှော့ပေးခဲ့ပါသလဲ . . . ဟု နွေဝေတို့ တွေးစရာဖြစ်လာပါသည်။

Producer နှင့် အလုပ်ကိစ္စပြီးသောအခါ နွေဝေတို့က လောလောဆယ် ငွေထောနေချိန်မို့ တစ်နေရာရာသွားပြီး celebrate လုပ်ကြဖို့ အစီအစဉ်ရှိသည်။ ခက်သည်က ညွှန်းစေက နွေဝေ့နားမှာ တောက်တဲ့လို ကပ်နေခြင်းပဲဖြစ်သည်။ သူ့ပုံစံက နွေဝေ့ကို မျက်စိအောက်က အပျောက်ခံ





မည့်ပုံစံ မမြင်။

"ညွှန်းစေ . . . ဒီကပြီးရင် နင်လည်း ပြန်တော့၊ ငါလည်း ထုံးစံအတိုင်း ဒီကောင်တွေနဲ့ လိမ့်လိုက်ဦးမယ် . . ."

ဟု နွေဝေက ပြောကြည့်တော့ သူက နှုတ်ခမ်းကို တစ်ချက်မဲ့ပြကာ . . .

"ဒီလို ဘယ်ရမလဲ နွေဝေ . . . ကိုယ့်ချစ်သူကို ဒီကောင်တွေနဲ့ စိတ်မချဘူး၊ ကိုယ်လည်း လိုက်မှာပေါ့"

ဟု . . . ခပ်ထေ့ထေ့ ပြန်ပြောသဖြင့် သော်ကတို့ သုံးကောင် ရှုံ့ရှုံ့ရှားရှားတွေ ဖြစ်သွားကြသည်။

"ဟေ့ကောင် . . . မင်း ဘာစကားပြောတာလဲ၊ စကားပြောတာ ကြည့်ပြောနော်၊ ရိုသလို . . . ထေ့သလို လာမပြောနဲ့၊ နွေဝေနဲ့ ငါတို့ပေါင်းလာတာ ဆယ်နှစ်ကျော်ပြီ၊ ဘာမှ စိတ်မချစရာ မရှိဘူး . . ."



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး . . . မင်းက ဘာကို စိတ်မချတာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ ဟော့ကောင်"

"အေးလေ . . . ဘာလဲ မသိဘူး၊ ကိုယ့်ချစ်သူ ကိုယ့်ချစ်သူနဲ့ နားကို ခါးနေတာပဲ"

သုံးယောက်စလုံးဆီမှ ပွက်လောရိုက်သံတွေ တစ်ယောက်တစ်ပေါက် ထွက်ပေါ်လာကြသည်။ သူကတော့ ခပ်တည်တည်ပင်။ နွေဝေကတော့ သူ့ကို စိတ်အပျက်ကြီးသာ ကြည့်နေမိလျက် နှင်ထုတ်ခွါထုတ်လို့လည်း မရမယ့်အတူတူ သွားလေရာသို့ လိုက်ခွင့်ပေးလိုက်ရသည်။ နွေဝေတို့ ရွှေကောင်းမှာ hot pot သွားသောက်ကြသည်။ သူက ဘယ်သူ့ကိုမှ ဂရုမစိုက်။ နွေဝေ့ကိုသာ တစ်ချိန်လုံး လိုက်ငေးကြည့်နေခြင်းဖြင့် နွေဝေ့ကို အနေရခက်စေသည်။ အရေးထဲမှာ ဘယ်ကပေါ်လာမှန်းမသိသော မန္တလေးက သူ့ အသိမိတ်ဆွေတွေနှင့် တိုးလိုက်သေး၏။ သူက ခပ်တည်တည်ပင် နွေဝေ့





လက်ကိုဆွဲကာ . . .

"ဒါ ကျွန်တော့်ချစ်သူလေ . . ."

ဟု ခပ်ဝင့်ဝင့် ကြွားကြွားလေသံဖြင့် မိတ်ဆက်ပေးလိုက်သေး၏။ နွေဝေတို့လေးယောက်မှာ နွေဝေ့ဘေးဘနေ သူ တတန်းလန်းလန်းကြီး ကပ်ပါနေသဖြင့် အရင်လိုကို မလွတ်လပ်နိုင်တော့ . . .။

"တော်ပါပြီ နွေဝေရာ၊ ဒီကောင် တမင်သက်သက် လိုက်ရှိနေတာ၊ နင်ပါသ၍ ဒီကောင် လိုက်နေမှာပဲ၊ ငါတို့လည်း နေရထိုင်ရ၊ ပြောရဆိုရတာ မလွတ်လပ်ဘူး၊ ဒီတော့ ငါတို့လည်း ပြန်တော့မယ်၊ နင်လည်း နင့်အတွဲကြီးနဲ့ နင် ပြန်တော့၊ နောက်နေ့ကျမှ ဒီကောင့်ကို မရ ရအောင် မျက်ချည်ဖြတ်ပြီး လစ်ထွက်ခဲ့တော့"

သည်းမခံနိုင်သည့်အဆုံးမှာ သော်ကတို့သုံးယောက်က နွေဝေ့ကို နှစ်ကိုယ်ကြား ခပ်တိုးတိုးမှာလျက် လမ်း



www.burmeseclassic.com

www.burmeseclassic.com



ခွဲသွားကြတော့သည်။ နွေဝေ့စိတ်ထဲလည်း လွတ်လပ်ခြင်းကင်းမဲ့စွာ တင်းကျပ်လျက် ကျန်ရစ်ခဲ့လေသည်။ အခုမှပဲ နွေဝေ ရိပ်မိတော့သည်။ သူက နွေဝေ့ကို 'ချစ်သူ'ဆိုသော ကြိုးတစ်ချောင်းဖြင့် မသေမချင်း ရစ်ပတ်တုပ်နှောင်၍ အသေသတ်ဖို့ ကြံစည်ခဲ့ခြင်း ဖြစ်လိမ့်မည်။

◆◆◆◆◆



ညက တိတ်ဆိတ်လျက်ရှိသည်။ ဂစ်တာသံက ပါးလျတိုးညင်စွာ ထွက်ပေါ်လာသည်။ ဂစ်တာသံနှင့်အတူ နွေဝေ တစ်ခါမှ မကြားဖူးသော သီချင်းကလေးတစ်ပုဒ်။ စာသားအဓိပ္ပာယ်တွေက နက်ရှိုင်းလှပလွန်းလှသည်မို့ နွေဝေ မက်မောစွာ နားစွင့်ထားမိသည်။

" xxx ငါ အသက်ရှူတိုင်း လေပြည်ကို နက်ရှိုင်းစွာ နမ်းရှိုက်မိတယ် xxx ဘာလို့လဲဆိုတော့ လေပြည်ထဲမှာ မင်းရဲ့ ရနံ့တွေ ပါလာမယ်လို့ မျှော်လင့်မိလို့ပေ



www.burmeseclassic.com

www.burmeseclassic.com



xxx မနက်ဖြန်တိုင်းကို ငါ ကြိုလွမ်းမိတယ် xxx ဘာလို့လဲဆိုတော့ မနေ့က အတိတ်ထဲမှာ မင်း ကျန်ရစ်ခဲ့လို့လေ xxx မင်း ချစ်တတ်တဲ့ ကြောင်ကလေးတစ်ကောင် ငါ ဖြစ်ချင်မိတယ် xxx မင်းရဲ့ ရင်ခွင်ထဲမှာ မင်းရဲ့ နှုတ်ခမ်းကလေးနဲ့ ထိတွေ့ခွင့် ရချင်လို့လေ xxx သိပ်ချစ်တယ်ဆိုတဲ့ စကားကို ဘာသာပြန်စရာ မလိုတဲ့ ဘာသာစကားနဲ့ မင်းကို ပြောပြချင်မိတယ် xxx ဘာလို့လဲဆိုတော့ xxx"

နွေဝေ့ခြေလှမ်းတွေ ဝရန်တာဆီသို့ မသွားမိအောင် ဘယ်လိုမှ မထိန်းချုပ်နိုင်တော့။

"အဲဒါ ဘယ်သူ့သီချင်းလဲဟင် . . ."

နွေဝေ့မေးသံက တိုးတိတ်စွာ။ သူက လှည့်မကြည့်ဘဲ ဖြေသည်။

"ကိုယ်ဆိုနေတာ ကိုယ့်ရဲ့ သီချင်းပေါ့ . . ."





တဲ့ . . .။

"အဲဒီသီချင်း ငါ့ကို ပြန်ရောင်းပါလား ညွှန်းဗေ၊ သီချင်းစာသားရော . . . သံစဉ်ကလေးရော ငါ အရမ်းကြိုက်တယ်"

"နွေဝေရယ် . . . ချစ်သူတွေအချင်းချင်း သီချင်းကို ပြန်ရောင်းစရာလား၊ နင်လိုချင်တယ်ဆိုရင် ငါ ပေးပြီးသားပါ၊ နင် တစ်ခုပဲ ပြန်ပေးရမှာက . . ."

သူက သူ့ပါးပြင်ဆီ လက်ညှိုးတစ်ချောင်းဖြင့် တတောက်တောက် ခေါက်ပြသောအခါ နွေဝေ မျက်စောင်းကြီး ချိမိသွား၏။

"အောင်မာ ရာရာစစ၊ ပေးစရာလား . . . တော်ပြီ မယူတော့ဘူး"

နွေဝေ ချာခနဲ လှည့်ကာ ပြန်ထွက်လာခဲ့တော့သည်။ သူ့ရယ်သံ ခပ်တိုးတိုးသည် နောက်ပါးဆီမှာ ကျန်ရစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ နွေဝေ့နားထဲ ထိုသီချင်းသည် စွဲမြဲစွာ ကျန်ရစ်ခဲ့သည်။ ပြီးတော့ နားထဲကနေ ရင်တွင်းဆီသို့ ညင်သာငြိမ့်ညောင်းစွာ။ နွေဝေလည်း သီချင်းရေးနေသူမို့ ထိုသီချင်းကို ခပ်သွက်သွက်ပင် ပြန်ချရေးနေမိလေသည်။ သံစဉ်ကိုတော့ Hip Hop စတိုင်လ်ပေါ့။ ကဲ . . . သင်း ဘာတတ်နိုင်သေးသလဲ။ ဒီထက်ထိရောက်တဲ့ လက်စားချေနည်း မရှိတော့ဘူး ထင်ပါရဲ့ . . .။

◆◆◆◆◆



သီချင်းသံသည် နွေဝေ့၏ Studio ဆီကနေ လွင့်ပျံ့ထွက်လာခြင်းဖြစ်သည်။ Electric guitar သံနှင့်အတူ နွေဝေ မကြားဖူးသေးသော သီချင်းသစ်တစ်ပုဒ်။ နွေဝေ့၏ ဂီတပစ္စည်းတွေကို ပိုင်စိုးပိုင်နင်း ယူတီးနေတာပါလား။ဟုပင် ဒေါသမထွက်နိုင်အားဘဲ၊ နွေဝေသည် သူ၏ သီချင်းသံဆီမှာ သာယာမျှောလွင့်သွားခဲ့သည်။ နွေဝေ ပြန်ရောက်နေမှန်း သူ သိပုံမရ။ သူ့အသံကို MYANMAR IDOL ပြိုင်ပွဲမှာကတည်းက နွေဝေ အံ့အားသင့် မင်သက်ခဲ့ပြီးသား ဖြစ်၏။ သူ့အသံမှာ



www.burmeseclassic.com

www.burmeseclassic.com



ညို့အားရှိသည်။ talent ရှိသည်။ သီချင်းကို ဘယ်လိုဆိုရမယ် ဆိုတာကို သူ ကျွမ်းကျင်သည်။ အသေချာဆုံးက သူ သီချင်း ဆိုသည်မှာ ရင်ဘတ်နှင့် ဆိုခြင်းတည်း။ အဲဒါကို ပြိုင်ဘက် တစ်ယောက်ပင် ဖြစ်လင့်ကစား နွေဝေ အသိအမှတ် မပြုမိဘဲ မနေနိုင်ချေ။ အခုတော့ သူကိုယ်တိုင် ရေးစပ်ထားပုံရသော သူ့ သီချင်းအသစ်တွေကို နွေဝေ ကြားခွင့်ရလိုက်တိုင်း ဘာဖြစ် သွားမှန်း မသိ၊ အညို့ခံရသလိုလို မက်မက်မောမော ငြိတွယ် လိုချင်သွားခဲ့မိဖြစ်သည်။ အခု သီချင်းကလေးကိုလည်း နွေဝေ ကြားကြားချင်း သိပ်ကြိုက်သွားခဲ့မိပြန်ပြီ။

မင်း သွားဖို့ လမ်းခင်းပေးချင်တယ် xxx ခြေဖဝါးနုနုတွေ မနာကျင်စေချင်တော့ xxx ကိုယ့်နှလုံးသွေး နဲ့ခင်းမှာပေါ့ xxx မင်းစားဖို့ ကိုယ် ချက်ပေးပါ့မယ် xxx အရသာရှိစေဖို့တော့ xxx ကိုယ့်နှလုံးသားကို Roast လုပ်ပေး မှာပေါ့ xxx ဟိုးအမြင့်ကြီးဆီရောက်ချင်တဲ့ မင်းအတွက် xxx





လှေကားထစ်တွေ ကိုယ်ကိုယ်တိုင် ထုဆစ်ပေးမယ် xxx မင်းအတွက် အကောင်းဆုံး လက်ဆောင်တစ်ခု ကိုယ်ပေးချင် တယ် xxx ကိုယ့်ဘဝရဲ့ အချိန်တွေကိုပါ xxx ပြုံးပြစမ်းပါ အချစ်ရယ် xxx မင်း ပြုံးလိုက်တိုင်း ကိုယ့်နေ့သစ်တွေ လှပ လွန်းလို့ xxx”

နွေဝေသည် Studio တံခါးကို အသာဖွင့်လိုက် သည်။ သူက ဖျတ်ခနဲ လှမ်းကြည့်ကာ ပြုံးပြ၏။ သူ့အပြုံးက “ဘာလဲ . . . ဒါလည်း လိုချင်ပြန်ပြီလား” ဆိုသော အဓိပ္ပာယ် ဖြစ်သည်။

“နင့်မှာ ရေးထားပြီးသား သီချင်းတွေ ဘယ်နှစ်ပုဒ် တောင် ရှိသလဲ ညွှန်းစေ”

ဟု . . . နွေဝေမေးတော့ သူက ပခုံးတွန့်လိုက် ကာ . . .

“အများကြီးပေါ့ . . . ငါ စိတ်ပါရင် နေ့တိုင်း သီချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်တော့ ရေးဖြစ်တယ်၊ ကြာလှပြီ . . . ငါ ရေးဖြစ်ခဲ့တာ၊ ငါ့ အိမ်မီးထဲပါသွားတော့ ငါ အမိအရ ယူလာခဲ့တဲ့ ပစ္စည်းဆိုလို့ အဲဒီသီချင်းဖိုင်(လ်)တစ်ခုပဲ၊ ငါ ယူဆတယ်၊ ဒီသီချင်းတွေက ငါ့ဘဝလေ၊ သူတို့ မရှိရင် ငါ မနေနိုင်ဘူး၊ တခြား အဖိုးတန် ပစ္စည်းတွေထက် ဒီသီချင်းတွေကိုပဲ ငါ မက်မောတယ်"

"အဲဒီ သီချင်းဖိုင်(လ်) ငါ့ကို ခဏပြမလားဟင် . . ."

"ဘာလုပ်မလို့လဲ . . .၊ ငါ့သီချင်းတွေကို ခိုးကူးချင်မလို့လား၊ ဟိုတစ်ပုဒ်လည်း နင် Hip Hop စတိုင်(လ်) သွတ်သွင်းပစ်လိုက်ပြီ၊ ငါ နင့်ကို တရားစွဲလို့ ရတယ်နော်၊ ချစ်သူချင်းမို့ သည်းခံနေတာ"

နွေဝေ သူ့ကို မျက်စောင်းချိုလိုက်သည်။ သူတို့ အမြင်ကတ်တာ၊ ကြည့်လို့မရတာက တစ်ကဏ္ဍ၊ သူ့ အရည်အသွေးကို အလေးမထားမိဘဲ မနေနိုင်တာ တစ်ကဏ္ဍသာ





သက် ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် နင် တကယ်တော်တာကိုတော့ ငါ ချီးကျူးရမှာပဲ၊ နင့်သီချင်းတွေ ငါ့ကို ရောင်းမယ်ဆိုရင်လည်း ငါ ဝယ်ချင်တယ်၊ ဘယ်လိုလဲ . . ."

"ချစ်သူချင်းကွာ . . . ဘယ်လိုလုပ်ပြီး သီချင်းရောင်းစားလို့ ဖြစ်မလဲ၊ နင့်ကို ငါ တစ်နေ့တစ်ပုဒ် ပေးမယ်၊ ငါ့သီချင်းတွေကိုတော့ မဖျက်ဆီးပစ်နဲ့၊ ငါ အရမ်း စိတ်ဆိုးမှာ"

အဲဒီနေ့ကစပြီး သူ နွေဝေ့ကို တစ်နေ့လျှင် သီချင်းတစ်ပုဒ် ပေးပုံကတော့ အဆန်းပဲဖြစ်သည်။ နွေဝေ အိမ်သာတက်နေရင်း တံခါးဘောင်မှာ သီချင်းစာရွက်ကို ဘယ်အချိန်ကမှန်း မသိ၊ သူ ကြိုကပ်ထားခဲ့သည်။ အပေါ် ထပ်ကနေ သီချင်းစာရွက်ကို ကြိုးနှင့်ချည်ပေးပြီး နွေဝေ့ကို ငါးစာချသလို လှမ်းချပေးတတ်သည်။ မယုံနိုင်စရာပင် . . .



www.burmeseclassic.com

www.burmeseclassic.com



သူ့သီချင်းတိုင်းကို ခုထက်ထိ နွေဝေ မကြိုက်ဘူးဆိုတာ မရှိ သေး။ နွေဝေ့အကြိုက်နှင့် သူ့အာဘော်က တော်တော်လေးကို ထပ်တူနီးပါး တစ်သားတည်းကျနေတာက အံ့သြစရာကောင်း ပါသည်။ တစ်နေ့လျှင် တစ်ပုဒ်ကျစီရခဲ့သော သူ့သီချင်းတွေကို ငုံ့လင့်တကြီး စိတ်စောမျှော်လင့်လာတတ်မိတာကလည်း နွေဝေကိုယ်တိုင်ပင် သတိမထားမိခဲ့သော နွေဝေ့ဘက်မှ ပြောင်းလဲခြင်း ဖြစ်သည်။ ထိုပြောင်းလဲခြင်းကို သတိပြုမိသူ တွေကတော့ ဒေင်တို့သုံးယောက် ဖြစ်လေသည်။

◆◆◆◆◆



"နေစမ်းပါဦး . . . ခုတလော နင့်အချိုးက ဘာတွေ ပြောင်းလဲနေတာလဲ"

ဒေင်ကစ၍ ကောခြင်းဖြစ်သည်။ ရုတ်တရက် နွေဝေက နားမလည်။

"ဘာလဲ . . . ငါက ဘာအချိုးတွေ ပြောင်းနေလို့လဲ"

"ဟိုကောင်လေ . . . နင့်ချစ်သူပါဆိုတဲ့ကောင်၊ ဒီကောင်က နင့်ကို ငါးမျှားချိတ်မှာ ငါးစာတပ်ပြီး ငါးမျှားသလို တစ်နေ့ကို သီချင်းစာရွက်တစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတာနဲ့ပဲ နင့်ရဲ့ စိတ်တွေက သူ့ဘက်ကို တော်တော် ယိမ်းနွဲ့နေပြီဆိုတာ နင့်ကိုယ်နင်ရော သတိထားမိရဲ့လား နွေဝေ၊ ပြီးတော့ ခုတလော နင်ဟာ မိန်းမသိပ်ဆန်နေတယ်၊ မျက်နှာပေါ်မှာ အပြုံးတွေ၊ အရှက်တွေ၊ သိမ်သိမ်မွေ့မွေ့နဲ့ အရင်ကဒီဇိုင်းကို မဟုတ်တော့ဘူး"

"ဟုတ်တယ် . . . ငါလည်း ထောက်ခံတယ်၊ နင် မသိမသာကို ပြောင်းလဲနေပြီ"

သော်ကရော၊ ဇိုင်စိုးကပါ တရစပ်ကို စွဲချက်တွေ ဝိုင်းတင်နေကြသဖြင့် နွေဝေ အသာလေး ပခုံးကျုံ့ကာ ငြိမ်နေရသည်။ ဒီကောင်တွေက မလွယ် . . .။

"ငါ တကယ် ပြောင်းလဲနေလို့လားဟာ . . . မဟုတ်ပါဘူး၊ ငါ သူ့သီချင်းတွေကို အရမ်းကြိုက်နေတာ သက်သက်ပါ၊ ပြီးတော့ သူ့ကို ကြည့်မရပေမယ့် သူ့ရဲ့ tal-





ent ကိုတော့ ငါ အသိအမှတ် မပြုဘဲ မနေနိုင်ဘူး၊ သူ တကယ် တော်တယ်ဆိုတာ နင်တို့လည်း သိပါတယ်ကွာ၊ ဟုတ်တယ်မှလား . . . ငါ နားမလည်နိုင်တာ တစ်ခုရှိတယ်၊ နင်တို့က ယောကျ်ားလေးချင်းဆိုတော့ မြွေမြွေချင်း ခြေမြင်ရတဲ့ အထာတော့ ရှိမှာပဲ၊ ငါ အခု သိလာရသလောက် ညွန့်စေဆိုတဲ့ကောင်က ဂီတကို ငါတို့ထက်မသာတောင် ငါတို့ထက်မလျော့တဲ့ ရူးသွပ်မှုနဲ့ dedicative အရမ်းဖြစ်တဲ့ကောင်၊ သူ့အိမ်မီးလောင်တော့ သူသယ်တဲ့ အဖိုးတန်ပစ္စည်းဆိုလို့ အခု သူ ငါ့ကို တစ်နေ့တစ်ပုဒ် ပေးနေတဲ့ သီချင်းတွေပဲ၊ အဆိုတော် တစ်ယောက်ဖြစ်ဖို့ကို သူလည်း အသည်းအသန်ကို အရူးအမူး မျှော်လင့်ထားခဲ့တာ၊ အဲဒီလို လူတစ်ယောက်က သူနဲ့ တစောင်းစေးနဲ့ မျက်ချေးလို တစ်စက်ကလေးမှ မတည့်တဲ့ ငါလို ရန်သူတစ်ယောက်ကို ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အိပ်မက်ကြီးနဲ့ လဲပစ်ခဲ့တာလဲဆိုတာ ငါ စဉ်းစားလို့ကို မရဘူးကွာ၊ သူ အရမ်းလိုချင်နေတဲ့ အဆိုတော်ဘဝကို MYANMAR IDOL ရရင် ရနိုင်ပြီဆိုတာ သေချာရက်နဲ့ . . . ဘာဖြစ်လို့ ပြိုင်ဘက်ဖြစ်တဲ့ ငါ့ကို တစ်ကွက် အကြောပေးလိုက်ရတာလဲ"

"မင်မေးချင်တာက ဘာလဲ နွေခဝ . . . ဒီကောင် နင့်ကို တကယ် ကြိတ်ကြိုက်နေသလားလို့ မေးချင်တာလား၊ သူ့နေရာမှာ ငါသာဆိုရင်တော့ အဲဒီလောက် ဖွန်မကြောင်ဘူး ဟေ့ကောင် . . . မိန်းမတစ်ယောက်ကို ရဖို့အတွက်တော့ ကိုယ့်အိပ်မက်နဲ့ လဲမပစ်ဘူး"

"အေး . . . အဲဒါကြောင့်ပဲ နင်က နင်၊ သူက သူ ဖြစ်နေတာပေါ့ ဒေင် ကောင်စုတ်ရဲ့၊ ကဲပါ . . . နင်တို့ရဲ့ ထင်မြင်ချက်တွေကို ပြောပေးစမ်းပါ၊ ငါ သိချင်တယ်၊ သူ ငါ့ကို တကယ်များ ကြွေနေသလား"





"ကျစ် . . . နွေဝေမတော့ တော်တော် အမြင်ကတ်စရာ ကောင်းနေပြီကွာ . . . နေပါဦး သူက နင့်ကို တကယ်ကြွေနေတော့ရော နင်က ဘာလုပ်မလို့လဲ၊ ခုလောလောဆယ်တော့ ဒီကောင် နင့်ကို သူ့ချစ်သူ၊ ချစ်သူဆိုပြီး အသားရော အရိုးပါ ယူနေတာတွေ အသေအချာပါပဲ"

သော်က,က မလိုတမာသံကြီးနဲ့ကို ထုတ်၏။ နွေဝေ့စိတ်ထဲက တစ်ခုခုကို အလိုအလျောက် သိနေသော ဖီလင်ကလေးတစ်ခုတော့ ရှိနေသည်။ သို့သော် အဲဒါသည် ပီပီပြင်ပြင်၊ သဲသဲကွဲကွဲကြီးတော့ မဟုတ်ပြန်ချေ။

"ငါ စဉ်းစားထားတာ တစ်ခုရှိတယ်ကွာ၊ နင်တို့ဆီက အဆုံးအဖြတ်ကိုလည်း ငါ လိုချင်တယ်"

"ဘာလဲ . . ."

"ညွှန်းဇေကို ငါတို့ HOPE အဖွဲ့ထဲ သွင်းလိုက်ရင် လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး စိတ်ဝင်စားလာမလားလို့ . . . ၊ producer လည်း စိတ်ဝင်စားမှာပဲ၊ သူက တော်တယ်လေ၊ သူ့ကိုလည်း လူတွေက စိတ်ဝင်စားကြတယ်"

"နိုးဝေး . . ."

သုံးယောက်စလုံး ပြိုင်တူနီးပါးပင် ခါးခါးသီးသီး ငြင်းဆန်ကြသည်။

"နင်တို့က အဲဒါ ဘယ်လို ဖြစ်ကြတာလဲ၊ အရှိကို အရှိအတိုင်း၊ ဘာဖြစ်လို့ လက်မခံနိုင်ရတာလဲ၊ နင်တို့ သူ့ကို jealous ဖြစ်နေတာ ငါ မသိဘူးများ မှတ်နေလား"

"သိရင်လည်း ပြီးရောပေါ့ နွေဝေမရာ၊ ငါတို့ကတော့ ပြိုင်ဘက် ရန်သူတစ်ယောက်ကို ငါတို့အဖွဲ့ထဲ လုံးဝ လက်မခံနိုင်ဘူး၊ နင် အဲဒီစိတ်ကူး ရတာကိုတောင် နင့်ကို မကျေနပ်ဘူး . . . နင်က ဘာလဲ၊ နင့်ချစ်သူဆိုပြီး ခေါ်သွင်းချင်တဲ့ သဘောလား"





"နားစမ်းပါကွာ . . . ဘာချစ်သူမှ မဟုတ်ဘူးနော်၊ အဲဒါ အပေးအယူ သဘောသက်သက်ပဲ"

"ဒါပေမယ့် ဒီကောင့်ဘက်က နင့်ကို ဖွန်ချင် ဖွန်နေမှာပေါ့၊ ဒါကြောင့် သူ့အိပ်မက်နဲ့တောင် လဲခဲ့သေးတာ၊ ဒီကောင်က သူ့ကိုယ်သူ ယုံကြည်မှု ရှိပြီးသား၊ MYANMAR IDOL ဖြစ်မလာလည်း၊ သူ့ကို စိတ်ဝင်စားတဲ့ တခြား producer တစ်ယောက်ယောက်က တစ်ချိန်ချိန်မှာ သူ့ဆီ လိုက်လာနိုင်တာပဲ၊ သူ့အတွက် မသေချာနိုင်တာက နင်နဲ့ ချစ်သူဖြစ်ခွင့်ရဖို့ပဲ၊ နင်နဲ့ သူက တကယ့် ကမ္ဘာ့ရန်၊ ဘယ်လိုလုပ်ပြီး ချစ်သူတွေအဖြစ် အလွယ်တကူ ပြောင်းလဲနိုင်မလဲ၊ လုံးဝ မဖြစ်နိုင်တဲ့ အဖြစ်ကြီး တစ်ခု၊ အကယ်၍ သူ နင့်ကို မတော်တဆ ကျိတ်ချစ်နေခဲ့တယ်ဆိုရင်တောင် သူ့ဘက်က နင့်ရဲ့အငြင်းကို အရှုံးခံပြီး ဒူးထောက်တောင်းခံမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ အဲဒါ သေချာပြီးသား၊ အဲဒီတော့ နင့်ဘက်က အပေးအယူ လုပ်လာတဲ့အချိန်မှာ ဒီကောင်က ဉာဏ်ကို လှာသုံးပြီး သူ့ရဲ့ ပထမအိပ်မက်နဲ့ ဒုတိယအိပ်မက်ကို လဲခဲ့တာ၊ ဒါ ကျားကွက်ရွှေ့လိုက်တဲ့သဘောပဲ၊ သူ့ရဲ့ ပထမအိပ်မက်က အပြီး ဆုံးရှုံးသွားတာမှ မဟုတ်တာ၊ သူ့မှာ အရည်အချင်းရှိသ၍၊ သူ ကြိုးစားနေသ၍ တစ်နေ့မဟုတ် တစ်နေ့တော့ ဖြစ်လာမှာပဲ၊ နင့်ကို ရဖို့ကသာ သူ့အတွက် မဖြစ်နိုင်ဆုံး အခွင့်အရေးတစ်ခု၊ အဲဒါကို နင် နားလည်လား နွေဝေ၊ နင့်ကိုယ်နင် တော်လှပြီ၊ ဟုတ်လှပြီ ထင်မနေနဲ့၊ ဒီကောင်က လေလည် ... ဒါ သမား”

ပိုင်စိုးက သူ့နားထင်ကို လက်ညှိုးနှင့် ခေါက်ပြပြီး ဦးနှောက်သမားဟု ညွှန်းလေသည်။ နွေဝေလည်း အခုမှပင် ရိပ်မိလာသလိုလို ရှိသည်။





“ဒါပေမယ့် သူ ငါ့ဆီက အချစ်ကို တကယ်ရတာမှ မဟုတ်တာ ပိုင်စိုးရဲ့ ...”

“နင်ဟာ တကယ် အပိန်းမ ... သိလား နွေဝေ၊ လည်မလိုလို၊ ပါးမလိုလိုနဲ့ တကယ် ပိန်းတာ၊ ထူတာ၊ အခုပဲ နင့်ကို သူ တစ်နေ့ သီချင်းစာရွက်တစ်ရွက်စီ ပေးပြီး ခြွေနေပြီလေ၊ နင် သူ့အပေါ်မှာ အရင်ကလို မေတ္တာတုံးသေးလို့လား၊ ခါးခါးသီးသီး ကြည့်မရ ဖြစ်နေသေးလို့လား၊ ငါတို့ အဖွဲ့ထဲတောင် သူ့ကို ခေါ်သွင်းဖို့ နင် ကြိုးစားနေပြီမှလား၊ အဲဒါ နင့်ဘက်က ကျဆုံးခြင်းရဲ့ အစပေါ့၊ ဒီကောင်ရဲ့ ညို့ကွက်တွေကို နင် ဘယ်လို အင်အားမျိုးနဲ့ တွန်းလှန်နိုင်မလဲ၊ အခုကို နင့် သူ့ကို တော်တော် impressive ဖြစ်နေပြီမှလား”

ပိုင်စိုး၏ ချက်ကျလက်ကျ စကားအဆုံးမှာ နွေဝေ တကယ်ပဲ နှုတ်ဆိတ်တွေဝေသွားခဲ့ရပါသည်။ နွေဝေ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ သူ့အပေါ် ကျဆုံးစပြုခဲ့ပြီလား။ ဟင့်အင်း ... နွေဝေ သူ့ဆီမှာ မကျဆုံးချင်ပါ။ ဒါဟာ ပြိုင်မြင်းတစ်ကောင်၏ မာနမျိုးဖြစ်သည်။

◆◆◆◆◆



## အခန်း — ၉

www.burmeseclassic.com

www.burmeseclassic.com



Facing it, always facing it.

That's the way to get through.

Face it.

Joseph Conrad, 1856-1924

ရင်ဆိုင်ပါ၊ အမြဲတမ်း ရင်ဆိုင်လိုက်ပါ။

အဲဒါဟာ ကျော်ဖြတ်ခြင်း နည်းလမ်းပါပဲ။

ရင်ဆိုင်ပါ။



နွေဝေတို့ မျှော်လင့်ထားသည်ထက် နည်းနည်းစောပြီး အပြောင်းအလဲတစ်ခု ဖြစ်သွားခဲ့ပါသည်။ အဲဒါကတော့ နွေဝေတို့ သီချင်းတွေ စသွင်းနေချိန်မှာပဲ producer က အိမ်တိုင်ရာရောက်ပြင် ရောက်လာခဲ့ပြီး ညွှန်းစေကို သီချင်းခွေထုတ်ပေးဖို့ စာချုပ် ချုပ်ဖို့ ကမ်းလှမ်းလာခဲ့ခြင်းပဲဖြစ်သည်။ ထို Music Production ကုမ္ပဏီကလည်း နွေဝေတို့ producer ၏ "DREAM WORK" နှင့် အပြိုင်လိုလို ဖြစ်နေသော နာမည်ကြီး တေးထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုလည်း ဖြစ်သည်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညဘက်ဖြစ်သည်မို့ ညည့်ခန်းထဲမှာ နွေဝေလည်း ရှိနေခဲ့သဖြင့် အစအဆုံး အားလုံး ကြားခွင့်ရနေခဲ့ပါသည်။

"ကိုယ်က ညွှန်းစေကို အစောပိုင်းထဲက စပြီး သတိထားမိခဲ့တာ၊ ညွှန်းစေပဲ ရလိမ့်မယ်လို့ ထင်ထားခဲ့တာ၊ ကောင်းတဲ့ဘက်က လှည့်တွေးရင်တော့ ကိုယ်တို့ မင်းကို ထုတ်ပေးဖို့ အခြေအနေပေးလာတာပေါ့လေ၊ လက်စသတ်တော့ ညွှန်းစေက HOPE အဖွဲ့က နွေဝေနှင်းဆီနဲ့ တစ်အိမ်တည်း နေတာကိုး၊ Final နေ့က HOPE ရသွားတော့ ခင်ဗျားပြောသွားတဲ့ စကားလေး ကိုယ် တကယ် Heart ထိသွားတယ်ဗျာ၊ လေးစားပါတယ်၊ အဲဒါကြောင့် ကိုယ် ပိုပြီး စိတ်ဝင်စားသွားခဲ့တာ"

သူက ပြုံးလို့သာ နေခဲ့၏။ နွေဝေ့စိတ်ထဲမှာ နှမြောသလိုလို၊ မကျေနပ်သလိုလို ခံစားရသည်။ သူနှင့် အဲဒီ producer တို့ စာချုပ် ချုပ်လိုက်ကြသည်။ အကျိုးခံစားခွင့်ကို





percentage ဖြင့် ခံစားရမှာဖြစ်သည်။ သူ့မှာ သူ့ကိုယ်ပိုင် သီချင်းတွေလည်း အဆင်သင့်ရှိပြီးသား။ အားလုံး ရေကန် အသင့် ကြာအတင့်ပင်။ သီချင်းခွေ မထွက်ခင် Stage Shows ပွဲတွေမှာလည်း ပါဝင်ခွင့်ရအောင် producer က စီစဉ်ပေးဦးမည် ဖြစ်သည်။ သူ့ပုံစံက အရမ်းပျော်နေဟန်ကို ဟန်ဆောင် မြိုသိပ်ထားလို့ပင် မရ။ နွေဝေ့စိတ်ထဲ သဝန်တိုခြင်းကလေး တွေ တလိမ့်လိမ့် တိုးဝင်လာခဲ့သည်။ သူ့ရဲ့ ပထမအိပ်မက်ဟာ ဘယ်မှာ ဆုံးရှုံးသွားလို့လဲ။ ပိုင်စိုးတွက်ဆထားသည့်အတိုင်း အားလုံး ကွက်တိပင်။

Producer ပြန်သွားတော့ သူက နွေဝေ့ကို . . .

"တစ်ခုခု သွားစားရအောင် နွေဝေ . . . ကိုယ်နဲ့ sharing လုပ်ပေးစမ်းပါ"

ဟု . . . ခေါ်တာနှင့် နွေဝေလည်း မငြင်းဘဲ လိုက်သွားခဲ့သည်။ မိခင်နှစ်ယောက်ကတော့ ထုံးစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



နွေဝေတို့နှစ်ယောက်၏ အခြေအနေတွေ တိုးတက်မှုအတွက် တပြုံးပြုံးနှင့် ကျေနပ်၍မဆုံး။ သူက နွေဝေ့ကို အသားကင် ဆိုင် တစ်ဆိုင်ဆီသို့ ခေါ်လာခဲ့သည်။ ခြံကျယ်တစ်ခုထဲမှာ ဖွင့်ထားပြီး အကင်တွေလည်း အလွန်ကောင်းပါသည်။

"ငါ နင့်ကို တစ်ခု မေးမလို့ ညွှန်းစေ . . ."

"မေးပေါ့ . . . နင် မေးလို့ရအောင် ငါ ခေါ်လာခဲ့တာ"

သူက အေးအေးဆေးဆေးပင် ကြက်တောင်ပံ ကင်ကို ဖဲ့စားလျက် ပြောသည်။ သူဟာ ဟန်ဆောင်ကောင်း သူပါ။ အဲဒါတော့ သေချာပါသည်။

"နင့်ရဲ့ ပထမအိပ်မက်ကို ဘာဖြစ်လို့ ငါနဲ့ လဲခဲ့တာလဲ၊ အရိုးသားဆုံး အဖြေတစ်ခုပဲ ငါ လိုချင်တယ်နော်"

သူက နွေဝေ့ကို ခေးခနဲတစ်ချက် စိုက်ကြည့်၏။

"ဘာဖြစ်လို့လဲဆိုတော့ နင်ပဲ တောင်းဆိုခဲ့တာလေ၊ နင် တောင်းလို့ ငါပေးခဲ့တာလေ . . ."





"နင်ရဲ့ ကိုယ်ပိုင်ခံစားချက် တကယ်မပါဘူးလား၊ ငါ တောင်းဆိုတိုင်း နင် ပေးရအောင် နင်နဲ့ငါက ရန်ဘက် တွေတောင် ဖြစ်နေခဲ့တာလေ၊ အဲဒီစကားကို ငါ သိပ် မယုံနိုင်ဘူး"

သူ ရုတ်တရက် ဘာမှ ပြန်မဖြေဘဲ တိတ်ဆိတ် သွားခဲ့သည်။ ပြီးတော့ နွေဝေ့ကို အသံမဲ့စွာ စိုက်ငေးကြည့်နေ သည်။ နွေဝေကလည်း သူ့မျက်နှာပေါ်က အသေးစိတ် အပြောင်းအလဲတွေကို မြင်တွေ့ခွင့်ရလိုရငြား ပြန်၍ ငေးစိုက် ကြည့်နေမိသည်။ ထိုခဏမှာ ဘာကြောင့်မှန်းမသိ နွေဝေ့၏ ဘယ်ဘက်ရင်အုံဆီမှ တိုးဖွညင်သာသော ရင်ခုန်ခြင်းကို သိသိသာသာ သတိထားမိသွား၏။ နွေဝေ ရင်ခုန်နေတာပါ လား။ ခါတိုင်းလည်း ရင်ခုန်နေတာပဲ . . . ဟု ပြောလျှင် ရပေမယ့် နွေဝေ အခု ရင်ခုန်ခြင်းဟာ ခါတိုင်းနှင့် မတူ။ ပြီးတော့ နွေဝေ စိတ်လည်း လှုပ်ရှားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ အမှန်အတိုင်း ပြောချင်ပါတယ် နွေဝေ၊ ဒါပေမယ့် နင့်ကို ငါ တကယ် ကြောက်နေတယ်၊ ငါ့ရဲ့ လေးနက်မှု၊ နက်ရှိုင်းမှုတစ်ခုကို နင် ပေါ့ပေါ့ကလေး လုပ်ပစ်လိုက်မှာ၊ ပြက်ရယ်ပြုလိုက်မှာ၊ မထီလေးစား လုပ်ပစ်လိုက်မှာ၊ နောက်ဆုံး ငါ့ကို အလဲထိုး အနိုင်ပိုင်းလိုက်မှာ ငါ တကယ် သိပ်ကြောက်နေပါတယ်၊ နင်နဲ့ငါက နင် ပြောခဲ့သလို ရန်ဘက်တွေ ဖြစ်နေတော့ နင့်ကို ငါ မယုံနိုင်သလို၊ နင်လည်း ငါ့ကို မယုံဘူးလေ . . . ဟုတ်တယ်မှုလား။ နင့်ဆီမှာ ငါ မကျဲဆုံးချင်ဘူး၊ ဒါကြောင့် ဘယ်တော့မှ ငါ ဖွင့်မပြောတော့ဘူးလို့တောင် ဆုံးဖြတ်ထားပြီးသားပါ၊ ပြောရရင် ငါ ဝန်မခံချင်ဘူး နွေဝေ"

သူ့ရဲ့ စကားတွေက ညင်သာတိုးတိတ်သလောက် အသွားတွေပါသလို ပြတ်ရှစေပါသည်။ ဘာကြောင့်မှန်းမသိ၊ နွေဝေ့ရင်ထဲ နာကျင်လာမိသလိုပင်။





"ငါ သိချင်တယ် ဆိုရင်ကော ညွန်းစေ . . ."

"နင်က ဘာဖြစ်လို့ သိချင်ရတာလဲ . . ."

"ဪ . . . သိချင်တာပေါ့၊ ငါ့မှာလည်း သိခွင့်ရှိတယ်လေ"

"ဘာဖြစ်လို့ သိခွင့်ရှိတာလဲ . . . နင်နဲ့ငါက ချစ်သူတွေမို့လို့လား"

သူ့အမေးက ရိုသဲ့သဲ့နိုင်လှ၏။ တင်လည်း တင်းပါသည်။ နွေဝေ သူ့ကို မိန်းမဆန်စွာပင် မျက်စောင်းချီပစ်လိုက်မိလျှင် သူက နွေဝေ့ကို ခပ်စိုက်စိုက်ကြည့်ပြီး ပြုံးပါသည်။

"ဘာဖြစ်လို့ ရယ်တာလဲ၊ နင်က . . . နင်က နင့်ကိုယ်နင် သိပ်ဟုတ်နေပြီပေါ့လေ၊ မိန်းမတစ်ယောက်ကို နင့်ဘက်က ဘာမှ အားထုတ်ကြိုးပမ်းမလုပ်လိုက်ရဘဲ၊ ရည်းစားတစ်ယောက် အလွယ်တကူ ရလိုက်တယ်ပေါ့၊ ဟုတ်လား . . . ဒါပေမယ့် ငါက ကြိုပြောထားတယ်



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ငါ့ဘက်ကလည်း နင့်ကို အချိန်မရွေး အဆက်ဖြတ်ခွင့်၊ လမ်းခွဲခွင့်ရှိတယ်ဆိုတာ သဘောပေါက်၊ နင့်ဘက်က ဘယ်လိုနည်းနဲ့ပဲ တုန့်ပြန်၊ တုန့်ပြန်၊ ငါ ဂရုမစိုက်ဘူး"

သူက ဘာမှ မပြောသဲ နွေဝေ့ကို စိုက်ကြည့်နေသည်။ ခဏကြာမှ သက်ပြင်းသဲ့သဲ့ရှိုက်ကာ . . .

"ဒါကြောင့် ငါ နင့်ကို ကြောက်တယ်လို့ ပြောတာပေါ့။ နင်က သူများတစ်ဘက်ကို ဘယ်တော့မှ တွေးမပေးတတ်ဘူး၊ နင် ဖြစ်ချင်တာပဲ နင်သိတယ် . . ."

ဟု . . . ခပ်တိုးတိုး ပြောလေသည်။ နွေဝေနည်းနည်းတော့ ခံစားမိလိုက်သည်။ သူ့ အမူအရာတွေ နည်းနည်းများ ပြောင်းလဲနေသလားလို့လေ။

◆◆◆◆◆



ရယ်စရာတော့ ကောင်းသားပင်။ တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုမှ မေတ္တာမရှိကြသော ပြိုင်ဘက်နှစ်ယောက်က 'ချစ်သူ' ဟူသော ခေါင်းစဉ်တစ်ခုအောက်တွင် အောင့်သက်သက်လိုလို၊ ရယ်မောချင်စရာလိုလိုနှင့် ကြောင်စီစီနိုင်စွာ ဖြတ်လျှောက်လာခဲ့မိကြသည်။ သူကတော့ စိတ်ထဲကပဲ တကယ်ပါလို့လား၊ တမင်သက်သက် အသားယူချင်လို့ပဲလားတော့ မသိပါ။ နွေဝေ့ကို သူ့ချစ်သူတစ်ယောက်လိုပင်



www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည် ဆက်ဆံ၏။ နွေဝေတို့လည်း စိတ်ကြိုက်သီချင်းတွေ ရွေးပြီးပြီမို့ DREAM WORK STUDIO မှာ စပြီး အသံသွင်းလျက်ရှိကြပြီ။ သီချင်း ဆယ့်လေးပုဒ်မှာ ညွှန်းစေ၏ သီချင်း ရှစ်ပုဒ်အတိပါတာကို ဒေင်တို့ သော်ကတို့က လုံးဝ မကြည်ပါ။ သို့သော်လည်း သူတို့ ဘာမှ မတတ်နိုင်။ Producer ကလည်း ကြိုက်လို့ ရွေးခဲ့ခြင်းဖြစ်သည်။

နွေဝေတို့ ဒီဘက်မှာ အိပ်မက်ကို ထုဆစ်တူးဖော်နေချိန်မှာ ညွှန်းစေကလည်း သူ့ Producer နှင့်သူ တစ်ကိုယ်တော် ကိုယ်ပိုင်သံစဉ်သီချင်းတွေ စပြီး အသံသွင်းနေပြီ။ သူ့အသံက လေးဖြူနှင့် တော်တော်ဆင်ပါသည်။ ဆိုဟန်ဆိုပေါက်ရော၊ အသံမှာ အင်အားရှိတာရော၊ ဆွဲငင်ချင်တိုင်း ကြိုက်သလောက် ဆွဲငင်နိုင်စွမ်းရှိတာရော၊ ပြီးတော့ ခုတလော Stage Show ဖျော်ဖြေပွဲတချို့မှာ ညွှန်းစေလည်း မကြာခဏ ပါဝင်လာခဲ့သည်။ သူ့ကို ပရိသတ်က မှတ်မိနေခဲ့ပြီးသားဖြစ်သည်။





MYANMAR IDOL မရခဲ့ပေမယ့် ပရိသတ်၏ နှလုံးသားကိုတော့ သူက သိမ်းပိုက်ခဲ့ဖူးပြီးသားပင်။

"ဒီပုံအတိုင်းဆို ဒီကောင့် အခွေထွက်ရင် ပေါက်ထွက်သွားနိုင်တယ်နော် နွေဝေ၊ သူ့အိပ်မက်နဲ့ နင့်ကိုလဲခဲ့တာဆို၊ အခု ဘယ်မှာ သူ့အိပ်မက်ကို ဆုံးရှုံးရလို့လဲ၊ ဒီကောင်က သားရွှေအိုးထမ်းလာမယ့်လမ်းကို ရွေးခဲ့တာကွ . . . လေည်"

နွေဝေတို့လေးယောက်ဆုံတိုင်း ပိုင်စိုးတို့က မခံချိမခံသာနှင့် ရိသဲ့သဲ့ စကားကို ဆိုမြဲ။ နွေဝေလည်း ဘာကို နင်မှန်းမသိ နင်တော့ နင်နေတာ အမှန်ပင်။ အဲဒါ မနာလိုစိတ်လား . . . ပြိုင်ဘက်တစ်ယောက်အပေါ် ထားမိသည့်စိတ်လား နွေဝေ မခွဲခြားတတ်ပါ။

"နွေဝေ . . . နင် သေချာစဉ်းစားဖို့လိုပြီနော်၊ ငါတို့က နင့်သူငယ်ချင်းအရင်းကြီးတွေမို့ နင့်ဘက်ကနေ ခံစား



www.burmeseclassic.com

www.burmeseclassic.com



စရာရှိတာ ခံစားပေးတဲ့ သဘောပဲ၊ နင့်ကိုလည်း သူက တကယ်ချစ်တာမဟုတ်၊ သူ့ကိုလည်း နင် မချစ်ဘူး။ ဒါပေမယ့် အပေးအယူတစ်ခုကြောင့် နင်တို့နှစ်យောက်ကို ချစ်သူဆိုပြီး လူသိရှင်ကြား ဖြစ်သွားတယ်၊ သူ နင့်ကို ဒီအခြေအနေနဲ့ ဘယ်လောက်ထိ ကြိုးရှည်ရှည် လှန်ထားမှာလဲ၊ တကယ်တမ်း နစ်နာစရာ၊ နာမည်ပျက်စရာ ရှိရင် နင်က မိန်းကလေးနော်၊ နင်ပဲ ထိခိုက်မှာ၊ ထားပါတော့ . . . တစ်ချိန်ချိန်မှာ နင် တကယ်ကြွေတဲ့ သကောင့်သားတစ်ကောင်ကောင် ပေါ်လာပြီဆိုပါတော့၊ နင့်သမိုင်းကို ပြန်ကြည့်ရင် နင်က ဒီကောင့်ရည်းစား ဖြစ်ခဲ့ဖူးတယ်၊ ဟုတ်သည်ရှိ . . . မဟုတ်သည်ရှိ ငါတို့ယောကျ်ားဆိုတဲ့ ကောင်တွေက ကိုယ်ကသာ သန့်ချင်မှ သန့်မယ်၊ ကိုယ့်တကယ်ချစ်မယ့် မိန်းကလေး၊ ရင်ဘတ်ထဲ သေသေချာချာ အလေးအနက်





ထည့်မယ့် မိန်းကလေးကိုကျတော့ ပြစ်မျိုးမှည့်မထင် အသန့်စား အပြန့်စားကလေးပဲ ဖြစ်စေချင်တာကွ၊ အဲဒီမှာ နင် ကြွေပြီ ဆရာ"

ထုံးစံအတိုင်း ပိုင်စိုးက ချက်ကျလက်ကျ ပြောတတ်သူပီပီ ပြောလာလျှင် နွေဝေ့စိတ်ထဲ စနောင့်စနင်းတော့ ဖြစ်လာသည်။ နွေဝေ တကယ်ချစ်မိမည့် ချစ်သူဆိုတာ ဘယ်ဆီနေမှန်း မသိသေးပေမယ့် ပိုင်စိုးပြောသလို နွေဝေ့သမိုင်းမှာ အစက်အပျောက်တစ်ခု မှတ်တမ်းတင်ကျန်ရစ်မှာကိုလည်း မလိုလားနိုင်ပြန်။

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ ပိုင်စိုး၊ ငါ သူ့ကို ဖြတ်ရမှာလား"

"ဟော . . . မဖြတ်လို့ နင်က ဘာလုပ်ချင်သေးလို့လဲ၊ ဒီအတိုင်း ဆက်တွဲနေချင်သေးလို့လား၊ နင်သာ ငါ့ညီမ အရင်းဆိုရင် ဒီကောင် နင့်ကို ဒီ ဒီဗိုင်းချိုးထားရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ ဒီကောင့်ကို အသေအချာပစ်မှာ၊ တမင်သက်သက် မိန်းကလေးတစ်ယောက်ကို တင်တင်စီးစီး ကြောထား တာကွ၊ အဲဒါ လုပ်ပါးဝထားတာလို့ ခေါ်တယ်"

"ဟုတ်တယ် နွေဝေ . . . သူ့ဘာသာသူ interview နဲ့ပဲ ဖြေရှင်းဖြေရှင်း နင် ဘာမှ အရေးစိုက်စရာမလို ဘူး၊ နင့်ဆီက MYANMAR IDOL ကိုလည်း ဘယ်သူ ကမှ လာပြန်သိမ်းလို့မရဘူး၊ သူတကယ် ငါတို့ကို လျှော ပြီးဆိုပေးခဲ့တယ်လို့ ဆိုရအောင်လည်း သူကိုယ်တိုင်က လွဲပြီး ဘယ်သူမှ မသိနိုင်တဲ့ကိစ္စပါကွာ၊ ပြီးတော့ Public Vote နဲ့ ဆုံးဖြတ်ခဲ့တဲ့ကိစ္စ၊ သူ ညံ့ပေးလိုက်လို့ ငါတို့ ရသွားတာ မဟုတ်ဘူး၊ ပရိသတ်က ငါတို့ကို ရွေးပေး ခဲ့တာ၊ နင် နားလည်တယ်မှုလား . . ."

"အေးပါ . . . ငါ နားလည်ပါတယ်"

နွေဝေ့ရင်ထဲတွင် လှိုင်းကလေးတစ်လှိုင်း လူး





လွန့်ဖြတ်စီးလျက်ရှိသည်။ ဘေးပယောဂ၏ တွန်းအား၊ တိုက် အားတွေ ပြင်းထန်လာတော့လည်း နွေဝေ သူ့ကို အပြတ်ဖြတ် ဖို့ ဆုံးဖြတ်လိုက်မိပါသည်။ နွေဝေနှင့် ညွန်းစေသည် ဘယ် တော့မှ တစ်ယောက်ကိုတစ်ယောက် အမှန်တကယ် လိုအပ်၊ စစ်မှန်စွာ ချစ်ကြမည့် ချစ်သူတွေ ဖြစ်လာစရာအကြောင်း မရှိ။ ပြိုင်ဘက်က ပြိုင်ဘက်ပဲ ဖြစ်သည်။ တစ်ယောက် အနိုင် ပိုင်းထားလျှင် ကျန်တစ်ယောက်က ရှုံးနေမည်။ နွေဝေတို့ နှစ်ယောက်သည် စီးဆောတစ်ခု၏ အစွန်းနှစ်ဘက်မှာ ရပ်နေ ကြသူတွေသာ ဖြစ်၏၊ တစ်ယောက်ကိုတစ်ယောက် ဟန်ချက် ညီအောင် တည့်မတ်ပေးနိုင်ဖို့ထက်၊ တစ်ယောက်ယောက်က အရှိန်ဖြင့် ဖိချလိုက်တိုင်း၊ ကျန်တစ်ဖက်မှာ တခဏတော့ မြင့်တက်နေမည်။ ဒါပေမယ့် ဘယ်အချိန် ပြန်ကျမလဲဆိုတာ ကို ကိုယ်တိုင်သေချာမသိ။ အချိန်မရွေး ပြောင်းလဲသွားနိုင် သည်။ နှစ်ဘက်ညီမှသာ ရေပြင်ညီမျဉ်းလို တပြေးတည်း ရှိ



www.burmeseclassic.com

www.burmeseclassic.com



တည်ခွင့်ရမှာဖြစ်သည်။ အဲဒီ အခွင့်အရေးကို ညွှန်းစေလို ပြိုင်ဘက်တစ်ယောက်က ဘယ်လိုနည်းနှင့်မှ နွေဝေ့ကို ပေး လိမ့်မည် မထင်ပါ။

◆◆◆◆◆



မှတ်မှတ်ရရ အဲဒီညက သုဝဏ္ဏ မိုးလုံလေလုံ အားကစားကွင်းကြီးထဲမှာ ကျင်းပခဲ့သော ရန်ပုံငွေ ဖျော်ဖြေ ရေးတစ်ခုမှာ ဖြစ်သည်။ အဆိုတော်တွေလည်း တော်တော်စုံ လင်သည်။ ပရိသတ်တွေကလည်း အုန်းအုန်းကျက်ကျက် ပြည့် လျှံစည်ကားလျက် . . .။ အသစ်တွေအနေနှင့် ညွှန်းစေ ပါသ လို နွေဝေတို့၏ HOPE အဖွဲ့လည်း ပါဝင်ဖျော်ဖြေခွင့် ရခဲ့ သည်။ သေသေချာချာ စဉ်းစားကြည့်လိုက်လျှင်ဘော့ နွေဝေ တို့နှစ်ယောက်သည် ပြိုင်ဘက်တွေလား၊ အိပ်မက်တစ်ခုကို နှစ်ယောက်အတူ မက်နေကြသော ဘဝတူတွေလား ဆိုတာ ခွဲခြား၍ မရနိုင်။ သူ့မျက်နှာပေါ်မှာ စိတ်လှုပ်ရှားနေသော



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတစ်မျိုးကို မြင်နေရသည်။ သူက နွေဝေကို မကြာခဏ လှည့်ကြည့်တတ်သလို၊ နွေဝေကလည်း ကြည့်မိသည်မို့ မျက်လုံးချင်း ဆုံမိတိုင်း သူက ပြုံးပြလေသည်။

"ငါ နင့်ကို ပြောစရာရှိတယ် ညွှန်းစေ . . . နင့်အလှည့်ရော၊ ငါတို့ အလှည့်ပါပြီးရင် စင်အနောက်ဘက်မှာ ဆုံရအောင်"

"အေး . . . ငါလည်း မင်းကို ဒီနေ့ ပြောစရာရှိတယ်၊ အဲဒီကျမှ ပြောတာပေါ့၊ အခုတော့ တစ်ခု ပြောထားနှင့်မယ် . . . နင် အံ့ရမ်းလှနေတယ် နွေဝေ"

သူ့စကားကို နွေဝေက မယုံသလို ပခုံးကလေး တွန့်ပြလိုက်သည်။ နွေဝေက မိန်းကလေးဆန်ဆန်ကလေး ဝတ်ထားခဲ့ခြင်းဖြစ်သည်။ ပန်းရင့်ရောင် စပို့ရှပ်နှင့် ပန်းရင့်ရောင်အကွက် ဘာဂျာတွန့်စကပ်အတိုကို ဒူးဆစ်အထိရှည်သော ပန်းရင့်ရောင် ခြေအိတ်ရှည်နှင့် တွဲဖက်ဝတ်ထားကာ





နားမှာ နားကွင်းခပ်ကြီးကြီး လည်ပင်းနှင့် လက်တွေမှာ Fancy ပုတီးကြိုးကလေးတွေ ဆွဲထားလျက် ရှူး(စ်)အနက်ကလေး စီးထားခဲ့သည်။ ဆံပင်တွေကို ပန်းရင့်ရောင် high light ကလေးတွေ ဖောက်ထားကာ မျက်နှာကိုလည်း ခြယ်သထားခဲ့သေး၏။ အခုတော့ ဘာကြောင့်မှန်းမသိ မိန်းကလေးတစ်ယောက်လို စိတ်ပါလက်ပါ ပြင်ဆင်ခြယ်သရတာကို နွေဝေ နည်းနည်း ပို၍ စိတ်ဝင်စားလာခဲ့ပြီဖြစ်သည်။

ပရိသတ်အင်အားကများသဖြင့် အားပေးသံတွေကလည်း လှိုက်လှဲစည်ကားလွှမ်းလှပါသည်။ နွေဝေတို့ group ကလေးကို အသစ်တွေဖြစ်ပေမယ့်၊ ပရိသတ်က အားပေးဖော်ရပါသည်။ ညွှန်းစေကိုလည်း ကောင်းစွာသိနေခဲ့သည်။ ဘာပဲဖြစ်ဖြစ် ပရိသတ်က ကြိုကြိုဆိုဆို ရှိသဖြင့်၊ နွေဝေတို့ အားတက်ပျော်ရွှင်ရတာတော့ အမှန်ပင်။

ချိန်းထားသည့်အတိုင်း စင်အနောက်ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်တွေ ထိုင်နေကြသော ထိုင်ခုံတွေနှင့် ခပ်လှမ်းလှမ်း အုတ်ခုံကလေးတစ်ခုပေါ်မှာ နွေဝေနှင့် ညွန်းစေ နှစ်ယောက် အတူ ဆုံမိကြသည်။ သူ့မျက်နှာပေါ်မှာလည်း ကျေနပ်ပီတိရိပ် ကလေး လင်းဖြာကျလျက်ရှိသည်။

“ကဲ . . . ပြောစရာရှိတယ်ဆို နွေဝေ နင်အရင် စပြောလေ . . . ပြီးမှ ငါပြောမယ်”

သူ့အသံက တက်တက်ကြွကြွ၊ ရွှင်ရွှင်လန်းလန်း ပင်။

“ပြောပါ . . . နင် အရင် ပြောချင်ပြော၊ ငါ နောက်မှ ပြောမယ်”

နွေဝေ သူ့ကို ဦးစားမပေးစဖူး ပေးလိုက်မိတော့ သူက သဘောကျသလို ပြုံးလိုက်သေးကာ . . .

“ရပါတယ်ကွာ . . . ကိုယ့်ချစ်သူကို ဦးစားပေးပါတယ်၊ ကဲ ပြော . . . မင်းအရင်ပြော . . . မင်းပြောတာကို





ကိုယ် ကြားချင်လို့ပါ”

သူ့ မျက်နှာရိပ်ကို ကြည့်ပြီး နွေဝေ နည်းနည်း တော့ တွန့်ဆုတ်သွားမိသည်။ နွေဝေတို့နှစ်ယောက်ကြားမှာ စစ်ကြေညာမှုတွေ၊ တိုက်ပွဲတွေ မဖြစ်တော့တာ ဘယ်လောက် ကြာပြီလဲ။ မှတ်မှတ်ရရ အပေးအယူနောက်ပိုင်းကာလက တည်းက ဖြစ်သည်။ သူက နွေဝေ့စကားကို နားစွင့်ထားသလို နွေဝေ့ကို စိုက်ငေးကြည့်ပြီး ငြိမ်သက်နေသဖြင့် နွေဝေ သက်ပြင်းကလေးတစ်ချက်အတူ ခပ်သွက်သွက်ကလေး ပြောချပစ်လိုက်သည်။

“ငါတို့ လမ်းခွဲကြစို့ ညွန်းစေ . . .”

နွေဝေ့အသံက တိုးတိုးပါပဲ။ ဒါပေမယ့် သူ့ကိုယ် ခန္ဓာ ဆတ်ခနဲ တုန်သွားသည်ကို နွေဝေ မြင်ဖြစ်အောင် မြင် လိုက်ရသည်။

“ဘာဖြစ်လို့လဲ နွေဝေ . . .”



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ဘူး . . . အဓိပ္ပာယ်မရှိဘူး ထင်လို့လေ၊ နင်နဲ့ငါဆိုတာ တစ်ယောက်ကိုတစ်ယောက် ချစ်လို့ရတဲ့ မေတ္တာထားလို့ရတဲ့ တွဲဖက်ညီတဲ့ လူနှစ်ယောက်မှ မဟုတ်တာ၊ နင်ကြိုက်သလို media တွေနဲ့ interview လုပ်လို့ ရပါတယ်၊ ငါတို့ အပေးအယူ လုပ်ခဲ့ကြတဲ့ကိစ္စကို ဖွင့်ချမယ်ဆိုရင်လည်း ဖွင့်ချလိုက်ပါ၊ အဲဒါတွေကို အရင်တုန်းက ငါ တုန်လှုပ်ပေမယ့် ခုတော့ အမှန်တရားကို ရင်ဆိုင်ရတာက ခုလို အခြေအနေထက် စာရင် အများကြီး ပိုပြီး အဓိပ္ပာယ်ရှိလိမ့်မယ်လို့ ငါ ယူဆတတ်လာပြီ . . . သတ္တိရှိလာပြီ ဆိုပါစို့"

သူ့ဘက်က တစ်ခုခု တုံ့ပြန်လိမ့်မယ်ဟု မျှော်လင့်ထားသော်လည်း သူ ဘာမှ မတုံ့ပြန်ပါ။ နွေဝေ့ကို ဒီအတိုင်းပဲ ငြိမ်ငြိမ်သက်သက်၊ တစ်ခါမှ မတွေ့ဖူးသူတစ်ယောက်ကို ကြည့်သလို၊ သက်လက်လွတ် ငေးစိုက်ကြည့်နေခဲ့သည်။





"အဲဒီတော့ ဒီနေ့ ဒီအချိန်ကစပြီး နင် ငါ့ကို ချစ်သူတစ်ယောက်လို မဆက်ဆံပါနဲ့တော့၊ နင်လည်း နင့်လမ်းနင် ဆက်လျှောက်၊ ငါလည်း ငါ့ကိုယ်ငါ လွတ်လွတ်လပ် လပ်နဲ့ ဆက်လျှောက်ချင်တယ်၊ ဒါပါပဲ . . . ငါ့ဘက်က ပြောစရာရှိတာကတော့ အဲဒါပဲ၊ နင်ပြောမှာကို ပြောလေ"

သူက မျက်ခုံးကိုပင့်ကာ ပခုံးတစ်ချက် တွန့်လိုက်သည်။ သူ့မျက်နှာပေါ်က ကြည်နူးပီတိနှင့် ရွှန်းဖြာနေသော နူးညံ့သိမ်မွေ့ရိပ်ကလေးသည် စောစောတုန်းကလို ထင်ရှားစွာ ပေါ်လွင်မနေတော့ဘဲ ပြန်လည်၍ ပျောက်ကွယ်သွားတော့သည်။ ဘယ်လိုပုံစံ ပြန်ဖြစ်လာသလဲဆိုတော့ ဟိုး အရင် နွေဝေနှင့် စတွေ့တုန်းကလို၊ ဂျစ်ကန်ကန်၊ ထုံပေပေနှင့် ဆတ်ဆတ်ထိ မခံတတ်သော၊ အမြင်ကတ်စရာ မေတ္တာတုံးပုံစံ ပြန်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘက်က ဘာမှ ပြောစရာ မရှိတော့ဘူး၊ ဘယ်တော့မှလည်း မပြောတော့ပါဘူး၊ နင်ပြောချင်တာ နင်နဲ့ငါ ပြတ်ပြီ၊ ကိုယ့်လမ်းကိုယ် ဆက်လျှောက် . . . ဒါပဲမှလား၊ OK! ရတယ်၊ နင် ဒီပွဲမှာ ညစ်တယ်၊ သစ္စာမရှိဘူး၊ အနိုင်ပိုင်းတယ်၊ စည်းမစောင့်ဘူး၊ မရိုးသားဘူး ဆိုတာကို ငါ သဘောပေါက်လိုက်ရုံပါပဲ၊ နင်လိုချင်တဲ့ အခွင့်အရေးတစ်ခုအတွက် ငါ့ကို အသုံးချ လှည့်စားသွားတယ်လို့ပဲ ငါ နားလည်ထားလိုက်ပါတယ်၊ ရတယ် နွေဝေ . . . လူဆိုတာ ကိုယ့်ရှင်သန်အောင်မြင်မှုတစ်ခုအတွက် အမြဲတမ်း နောက်ကျောလုံ၊ လိပ်ပြာသန့်နေဖို့ပဲ အရေးကြီးတာပါ၊ ကစားပွဲတစ်ခုမှာ ရိုးသားစွာ ကစားသူရှိသလို၊ ညစ်တတ်၊ လှည့်ဖျားတတ်တဲ့သူလည်း ရှိတတ်တာပဲ၊ ညစ်တတ်တဲ့သူက ညစ်ကို ညစ်မှာပဲ၊ ဒါပေမယ့် နင်သိအောင် ပြောပြရရင် ဒီပွဲမှာ နင် မနိုင်





သလို ငါလည်း မရှုံးပါဘူး နွေဝေနှင်းဆီ . . ."

သူ တော်တော် တင်းသွားတယ်ဆိုတာကိုတော့ နွေဝေ သဘောပေါက်လိုက်သည်။ ဘာကြောင့် တင်းသွားရသလဲဆိုတာကို နွေဝေ သေချာမသိ။ သူ့ကို နွေဝေ တကယ်ပဲ ညစ်ခဲ့မိသလား။ နွေဝေ ကတိဖျက်ခဲ့တဲ့ အဓိပ္ပာယ်လား။ နွေဝေမှ သူ့ကို မချစ်တာ။ ကိုယ်မချစ်တဲ့ လူတစ်ယောက်ကို ချစ်သူအဖြစ် ဘယ်လောက်ကြာကြာ လက်တွဲနေရမှာလဲ။ သူကလည်း နွေဝေ့ကို ချစ်တာ မဟုတ် . . .။ အဲဒီတော့ အကောင်းဆုံးက လမ်းခွဲကြဖို့ပဲ မဟုတ်ဘူးလား။ သို့သော် ခက်သည်က ပြဿနာက အဲဒီအချိန်မှ စတင်ခဲ့ခြင်းဖြစ်သည်။ နွေဝေ့ရင်ထဲသို့ သံသယကလေးတစ်စင်း ခုန်ဝင်လာခဲ့သည်။ နွေဝေ အမှားတစ်ခုကိုများ ကျူးလွန်ခဲ့မိသလား။ နွေဝေ ဘာကို တမ်းတမျှော်လင့်နေမိပါသလဲ။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းဆန်ဆန် ပိုဝေးသွားကြသည်ဟု နွေဝေ ခံစားမိပါသည်။ တစ်မိုးတည်း တစ်အိမ်တည်း နေကြသည့်တိုင် နွေဝေတို့နှစ်ယောက် မဆုံမိအောင် ရှောင်နေမိကြသည်။ နေပါဦး . . .။ သူ နွေဝေ့ကို ဘယ်တော့မှ မပြောတော့ဘူး ဆိုတဲ့ စကားတစ်ခွန်းဟာ ဘာများ ဖြစ်နိုင်မလဲ။ နွေဝေ ဦးနှောက်ပေါက်မတတ် စဉ်းစားအဖြေရှာကြည့်မိပါသည်။ အဖြေတစ်ခုတော့ ရိပ်ခနဲ ပေါ်လာသည်။ သို့သော် . . . အဲဒါ ဖြစ်နိုင်ပါ့မလား မသိ။ သူ့ဆီက သီချင်းစာရွက်ကလေးတွေ





လည်း နွေဝေ ရပိုင်ခွင့် ဆုံးရှုံးသွားခဲ့သည်။ မရနိုင်တော့ဘူးဆိုမှ နွေဝေ ပိုပြီးတော့ လိုချင်လာခဲ့သည်။ ဘယ်တော့မှ သိခွင့်မရတော့ဘူးဆိုမှ ပို၍ သိချင်ပြင်းပြလာခဲ့ခြင်းဖြစ်သည်။ တစ်ရက်တော့ နွေဝေတို့ HOPE အဖွဲ့ကလေးအတွက် Studio မှာ အသံသွင်းနေသော ညတစ်ညမှာ ခဏနားစဉ် နွေဝေက စပြီးတော့ ရုတ်တရက် ဖွင့်ဟဝန်ခံလိုက်မိသည်။

"ဘုရားရေ . . . ငါ သင်းကို ချစ်နေမိပြီလား မသိဘူး တော့"

နွေဝေ့ဆီက ဆိုင်းမဆင့် ဗုံမဆင့် စကားတစ်ခွန်းကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသူတွေက ဟို သုံးကောင်ဖြစ်သည်။

"ဟေ . . . ဘယ်သူ့ကိုလဲ"

"ငါမျှားလားဟင် . . ."

ဟု အလန့်တကြားတွေ ရေရွတ်ကြသည်။ နွေဝေ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကလေးတစ်ခုလုံး နှင်ဆီအနီရဲရဲ တစ်ပွင့်အဖြစ်သို့ တမဟုတ်ချင်း ပြောင်းလဲသွားခဲ့သည်။ ကြည့်စမ်း . . . နွေဝေ သိပ်ရှက်နေတာ။ ပြီးတော့ နွေဝေ့ ဘယ်ဘက်ရင်အုံဆီမှာ သိပ်သည်းပြင်းထန်သော ရင်ခုန်လှုပ်ရှားမှုက တကယ့်ကို အသစ်အဆန်းတစ်ခု ဖြစ်သည်။

"ညွန်းစေ့ကို . . ."

ဟု နွေဝေ ရေရွတ်လိုက်မိသည်နှင့် အသံတိတ် ကျိန်ဆဲမှုတွေ၊ မျက်စောင်းတွေ နွေဝေ့ဆီသို့ ပြေးဝင်လာကြ၏။ နွေဝေ မရယ်မိပါ။ တကယ် အံလေးအနက် ပြောနေမိခြင်း ဖြစ်ကြောင်း နွေဝေ့ မျက်ဝန်းထောင့်စွန်းမှ မျက်ရည်ဥကလေး က သက်သေခံလျက်ရှိသည်။

"ကျစ် . . . သိပ်စိတ်ပျက်တာပဲ၊ ခုတစ်လော အဲဒီ မေတ္တာတုံးကိုပဲ ငါ သတိရရနေမိတယ်၊ တွေးမိလိုက် တိုင်း သူ့အကြောင်းချည်းပဲ၊ သူ့အသံ မကြားရရင်





ငါ့ရင်ထဲမှာ ဘာလိုနေမှန်း မသိဘူး ဟာတာတာနဲ့ သူ့ အသံကို နားစွင့်နေမိရော၊ သူနဲ့ငါ ခုလို သူစိမ်း ပြင်ပြင်ကြီးနေနေကြတာကို ငါ လုံးဝ မပျော်နိုင်ဘူး ဖြစ်နေတယ်၊ ငါ့ကိုယ်ငါလည်း အရမ်း တုန်လှုပ်မိတယ်၊ ငါသာ တကယ် သူ့ကို ချစ်မိသွားပြီဆိုရင် ငါ ကျဆုံးပြီ ပေါ့၊ သူ့ဆီမှာ ငါ မရှုံးချင်ဘူးဟာ၊ ငါ ဘာလုပ်ရမလဲ ဟင်၊ သူ့ကို ငါ အရမ်းလိုအပ်နေတာ ငါ့ကိုယ်ငါ ငြင်း လို့ မရတော့ဘူး၊ ရေဆာသလိုပဲ သူ့ကို ငါ ဆာသလိုလို ခံစားရတယ်၊ တောက် . . . သေတော့မှာပဲ၊ ငါ့ကိုယ်ငါ မုန်းတယ်ဟာ"

နွေဝေ တကယ်ပဲ စိတ်ရှုပ်ထွေးစွာဖြင့် ဆံပင် တွေကို ဆွဲဖွကုတ်ပစ်ကာ ဆံပင်တွေထဲ လက်နှစ်ဖက်လုံး ထည့် သွင်းထားမိလျက် နှုတ်ခမ်းကို ကိုက်ထားမိသည်။ ဒေ့လက်ထဲ မှာ mobile phone ကလေး ကိုင်ထားမှန်းကို နွေဝေ အမှတ်



www.burmeseclassic.com

www.burmeseclassic.com



တမဲ့ပင်။ အဲဒီဖုန်းနှင့် နွှေဝေ့ကို video ရိုက်နေလိမ့်မည်ဟု နွှေဝေ ဘယ်ထင်ပါ့မလဲ။ နွှေဝေက ကိုယ့်အာရုံနှင့်ကိုယ်မို့ သတိမထားမိခဲ့ခြင်း ဖြစ်သည်။

"အဲဒီတော့ နင် ဘာဆက်လုပ်မှာလဲ၊ နင့်ရဲ့ secrets ကို ညွှန်းစေ သိသွားရင် နင် သေပြီပေါ့"

"သူ ငါ့ကို ဘယ်တော့မှ ဖွင့်မပြောတော့ဘူးဆိုတဲ့ စကားတစ်ခွန်းကို ငါ ကြားချင်တယ်"

"ဘာစကားမို့လို့လဲ . . ."

"ဘယ်သိမလဲဟ . . . သောက်ကျိုးနည်းမှပဲ၊ မသိလို့ သိချင်ပါတယ်ဆိုမှ နင်က တမျှောင့် ဇဒင်"

"ဘာလဲ . . . ဒီကောင် နင့်ကို တကယ်ချစ်နေတယ်လို့ နင် ထင်လို့လား"

"ထင်တာမဟုတ်ဘူး . . . ငါ ခံစားမိတာပါ။ ဒါပေမယ့် ဒီကောင်က လေည်၊ ငါ့ဆီမှာ သူ ဘယ်တော့မှ





ဝန်ခံမှာ မဟုတ်ဘူး၊ ငါ ငြင်းပစ်လိုက်မှာ စိုးလို့လေ"

"နွှေဝေနှင်းဆီ . . . နွှေဝေနှင်းဆီ . . . နင်ကတော့ တကယ် မလွယ်ပါဘူး"

"သူက နင့်ကို တကယ်ချစ်နေတယ်ဆိုရင် နင် ဘာလုပ်မလဲ"

"သူကစပြီး ငါ့ဆီမှာ ရိုးရိုးဖြောင့်ဖြောင့် လာဝန်ခံပေါ့၊ အဲဒါဆိုရင် ငါ့ဘက်ကလည်း ရိုးသားဖို့ အဆင်သင့်ပဲ"

"ကျစ် . . . ဒါနဲ့များ နင် သူ့ကို ဘာဖြစ်လို့ ဖြတ်ပစ်လိုက်သေးလဲဟာ . . . အသာ မျှောနေလိုက်ရောပေါ့"

"အိုး . . . ငါမှ မသိခဲ့တာ၊ သူနဲ့ငါ တကယ်ပြတ်သွားပြီဆိုမှ ငါ့ရင်ထဲက ဟိုးအနက်ပိုင်းက အနည်တွေ ထ လာခဲ့တာ၊ သူနဲ့ငါ့ကြားမှာ အဓိကပြဿနာက သူက လည်း မရှုံးချင်သလို၊ ငါကလည်း မရှုံးချင်ဘူး"

သူတို့သုံးယောက် တစ်ယောက်မျက်နှာတစ်

www.burmeseclassic.com



ယောက် ကြည့်ပြာ ဘာအထာတွေ ပြောနေကြမှန်း မသိ။ နွေဝေသည် Studio ၏ အတွင်းခန်းဆီသို့သာ စူးစူးနစ်နစ်၊ သတိလက်လွတ် ငေးနေမိခဲ့သည်။ ခုလောက်ဆို သူလည်း သူ့အခွေအတွက် အသံသွင်းနေလောက်ရောပေါ့။ ဒါမှမဟုတ် သီချင်းစပ်နေမလား။ အိပ်ပျော်နေမလား။ သူမှာ ဝင်ငွေရှိလာပြီဆိုကတည်းက တိုက်ခန်းကလေးတစ်ခု ငှားဖို့ ငွေလုံလောက်ပြီဆိုတာနှင့် သူတို့သားအမိ နွေဝေတို့ကို နှုတ်ဆက်ခဲ့ခွါကာ အိမ်ပြောင်းသွားခဲ့ကြပြီ။ မှတ်မှတ်ရရ နွေဝေ့ရင်ထဲ သူ၏ အငွေ့အသက်၊ အရိပ်အယောင်ကလေးတွေ ကိန်းဝပ်ထင်ကျန်ရစ်ဆဲ။ နွေဝေသည် လူတစ်ယောက်ကို လွမ်းရသော အရသာကို သူ မရှိတော့မှ ခံစားတတ်သွားခြင်းဖြစ်သည်။

◆◆◆◆◆



ထိုသုံးယောက်၏ မျက်နှာတွေကို သူ ဘယ်တုန်းကမှ နှစ်လိုကြည်ဖြူခဲ့ခြင်း မရှိပါ။ အခုလည်း ကြည့်လို့ ရလှသည် မဟုတ်။ မနက်စောစော တံခါးခေါက်ပြီး အိမ်ထဲသို့ မဖိတ်ခေါ်ဘဲ ဝင်လာခဲ့ကြကာ . . .

"ကော်ဖီသွားသောက်ရအောင်ကွာ . . ."

ဟု လာခေါ်ခဲ့ခြင်းဖြစ်သည်။ သူတို့ကို မြင်တော့ နွေဝေ့ကို အသည်းအသန်ပင် တွေ့ချင်လာခဲ့သည်။

"ဟိုတစ်ယောက်ရော . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု . . . မေးလိုက်ခိတော့ . . .

"ညက တစ်ညလုံး အသံသွင်းထားလို့ အိမ်ပြန်ပြီး ယူနေပြီ၊ ငါတို့ကဲ မင်းနဲ့ အပေးအယူကလေးတစ်ခု လုပ်စရာရှိလို့ . . ."

ဟု . . . ဖြေသည်။ သူ မျက်ခုံးတွေ ရှုံ့သွား၏။

လာပြန်ပြီ . . . ဒီ အပေးအယူ။ အဲဒီ အပေးအယူဆိုတာကြီးကို သူ တော်တော်ကို မုန်းတီးနာကြည်းနေပြီ။

"တော်ပြီကွာ . . . မင်းတို့နဲ့ ငါ ဘာအပေးအယူမှ မလုပ်တော့ဘူး၊ လုပ်ချင်စိတ်လည်း မရှိဘူး။ လူညစ်တွေ၊ နွေဝေ ငါ့ကို ညစ်သွားတာ မင်းတို့ သိပြီးသားမှ လား"

"ဟော့ကောင် . . . စကားပြောတာ ကြည့်ပြော၊ ငါတို့ လူညစ်တွေ မဟုတ်ဘူးကွ၊ တော်ပြီကွာ . . . ဒေါင်၊ မင်း ဘာမှ ဆက်ကြိုးစားမနေနဲ့တော့၊ သူတို့ထိုက်နဲ့





သူတို့ကံပဲ ပစ်ထားလိုက်"

ပိုင်စိုးက စိတ် ရှည်သလို ပြောကာ ဒေါင့်လက်ထဲမှ mobile ကလေးကို ဆွဲလုဖို့ ကြိုးစားသည်။ ဒေါင်က ပိုင်စိုးလက်ထဲ အပါမခံဘဲ mobile ကလေးကို မြှောက်ထားရင်း . . .

"ကျွတ် . . . ခဏနေစမ်းပါဦးကွာ မင်းကလည်း၊ မင်း နွေဝေ့ကို တကယ် မချစ်ဘူးလား"

ပိုင်စိုးက မျက်မှောင်ကြီးကြုတ်ပြီး ပြန်ငြိမ်သွားသည်။ သော်က,က သုံးယောက်တိုင်ပင်ထားသည့်အတိုင်း. . .

"ကဲပါကွာ . . . ညွှန်းစေ၊ မင်းဘာသာမင်း ဒီအပေးအယူကို ဆက်လုပ်သင့် မလုပ်သင့် ဆုံးဖြတ်ပေါ့၊ ငါတို့ကတော့ တစ်ခုခုကို သိထားတယ်၊ အဲဒီလျှို့ဝှက်ချက်တစ်ခုကို မင်းကို သိစေချင်တယ်၊ မင်းလည်း

www.burmeseclassic.com



သိချင်မှာပါပဲ၊ မင်းဘဝအတွက် တကယ်ထိုက်တန်တဲ့ လျှို့ဝှက်ချက် တစ်ခုပါ၊ အဲဒါဘာလဲဆိုတာ ငါ အခု နည်းနည်း အမြည်းသဘောကလေး ဖွင့်ပြပေးမယ်"

ဧဒင်က ကြိုတင်ပြင်ဆင်လာခဲ့ပြီးသားမို့ mobile ကလေးကို ညွှန်းစေ၏ မျက်နှာနား ထိုးပြလိုက်ကာ video ကို ဖွင့်လိုက်သည်။

"သူ ငါ့ကို ဘယ်တော့မှ ဖွင့်မပြောတော့ဘူးဆိုတဲ့ စကား တစ်ခွန်းကို ငါ ကြားချင်တယ်"

ညွှန်းစေ၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တောင့် မတ်သွားပါသည်။

"ဘာစကားမို့လို့လဲ ..."

"ဘယ်သိမလဲဟ ... သောက်ကျိုးနည်းမှပဲ၊ မသိလို့ သိချင်ပါတယ်ဆိုမှ နင်က တစ်မှောင့် ဧဒင်"

"ဘာလဲ ... ဒီကောင် နင့်ကို တကယ်ချစ်နေတယ်





လို့ နင် ထင်လို့လား"

သူ့မျက်လုံးများ စိတ်ဝင်စားမှုဖြင့် တောက်ပသွားသလို နှုတ်ခမ်းတွေကိုလည်း အလိုအလျောက်ပင် ခပ်တင်းတင်း စေ့ပစ်လိုက်မိသည်။

"ထင်တာမဟုတ်ဘူး ... ငါ ခံစားမိတာပါ၊ ဒါပေမယ့် ဒီကောင်က ငလည် ... ငါ့ဆီမှာ သူ ဘယ်တော့မှ ဝန်ခံမှာ မဟုတ်ဘူး၊ ငါ ငြင်းပစ်လိုက်မှာ စိုးလို့လေ"

"နွေဝေနှင်းဆီ ... နွေဝေနှင်းဆီ ... နင်ကတော့ တကယ် မလွယ်ပါဘူး"

"သူက နင့်ကို တကယ် ချစ်နေတယ်ဆိုရင် နင် ဘာ လုပ်မလဲ"

"သူကစပြီး ငါ့ဆီမှာ ရိုးရိုးဖြောင့်ဖြောင့် လာဝန်ခံပေါ့၊ အဲဒါဆိုရင် ငါ့ဘက်ကလည်း ရိုးသားဖို့ အဆင်သင့်ပဲ"

ဧဒင်က video ကို ဖျတ်ခနဲ ပိတ်ပစ်လိုက်ကာ

www.burmeseclassic.com



ညွန်းစေကို ခပ်စေ့စေ့ကြည့်သည်။ ဘယ်လိုလဲဆိုသော အစပ်ပွာယ်။ သူသည် ဘာကို လိုချင်ရင်၊ ဘာလုပ်ရမည်ဆိုတာကို အမြဲတမ်း ချက်ချင်း သိတတ်ခဲ့သူပီပီ ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထွက်ပြေးလာခဲ့မိသည်။ ဒေဝင့် အော်သံသဲ့သဲ့က နောက်ပါး ဆီမှာ ကျန်ရစ်ခဲ့သည်။

"မင်း သိသင့်တဲ့ လျှို့ဝှက်ချက်က နွေဝေ့ဆီမှာ"

တဲ့ . . . ။ သူ ပြေးရင်း အားပါးတရ ပြုံးနေမိပါသည်။ သူ ပြေးနေပုံက ပြိုင်မြင်းတစ်ကောင် ကဆုန်ပေါက်၊ ဒုန်းစိုင်းပြေးနေသလိုမျိုးနှင့် ခပ်ဆင်ဆင် တူနေပါလိမ့်မည်။

◆◆◆◆◆



တံခါးဘဲလ်ကို အဆက်မပြတ်နှိပ်နေသံကြောင့် နစ်နစ်မောမော အိပ်မောကျနေရာမှ နွေဝေ အလန့်တကြား ကြီး နိုးထလာခဲ့သည်။ အိမ်မှာ မေမေက မရှိ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခြင်းဆီကနေ လှန့်နိုးခံရတာလောက် နွေဝေ စိတ်ဆိုးတာ မရှိတော့။ ဒေါသတကြီး တံခါးကို ဆွဲအဖွင့်၊ တံခါးဝမှာ မျှော်လင့်ခိုးတွေဖြင့် နင့်သီးတုန်လှုပ်လျက်ရှိသော မျက်နှာတစ်ခုနှင့် ဖြုန်းခနဲ ရင်ဆိုင်ရလေသည်။


www.burmeseclassic.com

www.burmeseclassic.com



စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ ....

မေတ္တာအားဖြင့် ....



လွန်းထားထား (ဆေးတက္ကသိုလ်)

၈. ၁၀. ၂၀၀၈



# လွန်းထားထား(ဆေးတက္ကသိုလ်)

၏

## ထွက်ပြီးလုံးချင်းဝတ္ထုများ


၁။ အကြင်နာသူစိမ်း

၂။ အတူတူရှိလှည့်ပါ

၃။ မခွဲထာဝစဉ်

၄။ မြတ်နိုးမိသည်မှအစ

၅။ ဆုံစည်းဖို့ရာ

၆။ ခွဲခဲ့ရသော်

၇။ ချစ်မြတ်နိုးလွန်းသူ၏ နှလုံးသားမှသည်

၈။ သက်ဆုံးတိုင်

၉။ သမုဒယကင်း

၁၀။ အကြွေပန်း၏နိဒါန်း

၁၁။ ပွဲကြေသွားသော နှလုံးသားတစ်ခု၏တမ်းချင်း

၁၂။ ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား

၁၃။ ချစ်ခြင်း၏အခြားမဲ့၌

၁၄။ ချစ်ခြင်းတစ်ခုတည်းဖြင့်သာ

၁၅။ ရစ်ဖွဲ့နှောင်သောကြိုး

၁၆။ မိုးကဲ့သို့ ထစ်ချုန်းသော

၁၇။ ကောင်းကင်ထက်ကနှင်းဆီ

၁၈။ အရိပ်၏အရိပ်

၁၉။ မမေ့အပ်တဲ့ကဗျာ

၂၀။ မျက်ဝန်းတို့ဖွဲ့ထင်ရစ်သော


www.burmeseclassic.com